www.burmeseclassic.com

၃၅ အုပ်မြောက် ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

# ဂုဂုငွေး

## အတ္တအကျဉ်းသား

BURMESE CLASSIC .com

အိုးပွင့်ယုဉ်စာပေ




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး
ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

ပြည်သူ့သဘောထား
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်
- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်
- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စာရေးဆရာမကြီး ဂျူဂျူငွေး
## ထွက်ရှိပြီးသော ဂမ္ဘီရလုံးချင်းဝတ္ထုများ

၁။ ပန်းအလ္လာရီ
၂။ စိတ်လှုပ်ရှားဖွယ် ဖန်ခွက်ကလေး
၃။ လူ့ရတနာသိုက်
၄။ မြေပြုတောင်ရှင်မ
၅။ နဂါးကိုးကောင်ဒေဝီ
၆။ ဘီလူးမျက်ရည်
၇။ မြစိမ်းရောင်ဂူနန်းရှင်
၈။ ကပ္ပတိန်ဇော်ထက်နှင့် ရုပ်ထုကမ္ဘာကျွန်း
၉။ အဏ္ဏဝါကျူရီးရှင်
၁၀။ ခြေရာတစ်ထောင်မောင်မဲခေါင်နှင့် မနုဿဝံပုလွေ
၁၁။ ကောသံပြီမျက်ရှင်
၁၂။ တွံတေးတောကြီးတန်းမှ ဆေးရည်စိမ်မင်းသားလေး
၁၃။ စကြ္ကာမ မှတ်တမ်း
၁၄။ မော်ကင်းလိပ်ပြာ၏ လွမ်းသံစဉ်
၁၅။ မြောက်ကျွန်းသူ ဖိုခနောက်
၁၆။ အန္တရာယ်ချစ်သူ့ဧကရီ
၁၇။ သွေးစက်သခင်
၁၈။ မြေနတ်သမီး၏ သွေးစက်မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com

၁၉။ နဂါးနက်ရေအိုင်
၂၀။ ယက္ခညီနောင်နှင့် ပျောက်ဆုံးနေသောမြို့တော်
၂၁။ ဝိညာဉ်ခုနစ်ဖော်နှင့် လောကစာတ်နတ်ဆိုး
၂၂။ မဏိပူရ၏ သွေးဝိညာဉ်
၂၃။ လူသေ့သမီး
၂၄။ ရေခဲတောင်ဝိညာဉ်နှင့် လူစွန့်စားရဲခေါင်
၂၅။ ပန်းဒါရူ၏ချစ်သူ
၂၆။ လူ့ရတနာသိုက်
၂၇။ စကြာနွယ်စဉ်အကျဉ်းသား
၂၈။ ကညင်ပင်ကွေ့ ကိုးလောင်းတွေ့
၂၉။ မြေဖြူနန်းရှင်သခင်မ
၃၀။ ဝိညာဉ်ဖြူကျိန်စာနှင့် သွေးစွန်းသောပဟေဠိများကြီး
၃၁။ ဂူနန်းရှင်နှင့် မြစိမ်းကျွန်း
၃၂။ နက္ခတ္တဒေဝီနှင့် ပုတ္တကျိန်စာ

၃၃။ မာယာတစ္ဆေ
၃၄။ ထူးခြားဖြစ်စဉ် ကျိုက်ထီးရိုးတစ်ခွင်
၃၅။ အတ္တအကျဉ်းသား


ယခုလ ထွက်ပြီ

ရီရီမြေး

# အတ္တအကျဉ်းသား

www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၁)

## ဒွေးစွန်းသောလက်

တစ်ရံတစ်ခါ၌

လူ့ဘဝတွင် အင်မတန်ထူးခြားသော မယုံကြည်နိုင်ဖွယ် ကောင်းလောက်အောင် ဆန်းကြယ်သော ဖြစ်ရပ်တို့ ရှိကုန်၏။

ကျွန်ုပ်သည် စက်ရှင်မင်းကြီးဘဝဖြင့် တာဝန်ထမ်းခဲ့ရာ တွင် အမှုပေါင်းများစွာကို စစ်ဆေးကာ အမိန့်ချခဲ့သည်။ ကျွန်ုပ် သက်ခံစစ်ဆေးသောအမှုများ၌ သက်သေထင်ရှားခြင်းမရှိသော တရားခံများကို ကွင်းလုံးကျွတ်လွှတ်ပေးခဲ့သကဲ့သို့ အမှုထင်ရှား သော ပြစ်မှုကျူးလွန်သူများကို ထောင်ချ၍ ပြစ်ဒဏ်ပေးခြင်း၊ တစ်သက်တစ်ကျွန်းသို့ပို့၍ ပြစ်ဒဏ်ပေးခြင်းအပြင် ရက်ရက် စက်စက် လူသတ်မှုကျူးလွန်သူများကို ကြိုးမိန့်ပေးခြင်းတည်း



www.burmeseclassic.com

www.burmeseclassic.com



ဟုသော စက်တိုင်၌ အသက်တစ်ချောင်းကို ပေးလှူခဲ့ရသည့် အဖြစ်အပျက်များလည်းရှိသည်။

ထိုတရားခံများတွင် လူတန်းစားအမျိုးမျိုး ပါဝင်ခဲ့သည်။ အနိမ့်ဆုံးသော အောက်ခြေလူတန်းစားများ၊ လူလတ်တန်းစား နှင့် လူ့ဂုဏ်အထက်တန်းစားများလည်း ပါဝင်ခဲ့သည်။

ဆရာဝန်ကြီးတစ်ဦးသည် ၄င်းတတ်ကျွမ်းသည့် ဆေးပညာဖြင့် လူသားတို့၏ ရောဂါဝေဒနာများကို ကုသပေးခဲ့သကဲ့သို့ လူသားတို့၏ အမိုးအကာနှင့်ဆုံး၊ အမြင့်မားဆုံးဖြစ်သော အသက်ကိုလည်း ကယ်တင်ပေးခဲ့သူများဖြစ်သည်။

ထို့အတူ ကျွန်ုပ်သည် ကျွန်ုပ် တတ်ကျွမ်းသည့်ဥပဒေပညာရပ်ဖြင့် လူသားအချင်းချင်းနှိပ်စက်သတ်ဖြတ်ကာ အန္တရာယ်တွင်းသို့ ပို့ပေးသူများကို ပြစ်ဒဏ်အလျှောက် စီရင်ချက်ချကာ ဖြောင့်မတ်သောဥပဒေဘက်မှ ရပ်တည်၍ အကာအကွယ်ပေးခဲ့သည်။ ဤသို့ဖြင့် ဖြောင့်မှန်သော ဥပဒေဘက်တော်သားအဖြစ် ရပ်တည်ရင်း တာဝန်ထမ်းဆောင်ခဲ့ရာ အမှုပေါင်းများစွာနှင့် တွေ့ကြုံခဲ့ရသည်။





အမှုပေါင်းများစွာအနက် ယခု ကျွန်ုပ်တင်ပြမည့် ဤအမှုမှာ လွန်စွာထူးခြားသောအမှုဖြစ်ရုံမက အကွေ့အကောက် အလှည့်အပြောင်းအနန္တများစွာဖြင့် ပညာရှင်များ ကိုယ်တိုင်ပင် ဝေခွဲဆုံးဖြတ်ရန် ခက်ခဲလှပေသည်။

သူသည် အလွန်ရိုးသားသော…

အလွန်ပျော့ညံ့သော…

အလွန်အင်အားချည့်နဲ့ကာ လူတကာနှင့်မယှဉ်ရဲလောက်အောင် လွန်စွာကြောက်ရွံ့တတ်သော သတ္တိနည်းသူတစ်ဦး ဖြစ်သည်။

BURMESE CLASSIC .com

သို့သော် ထိုသူသည်…

လွန်စွာကောက်ကျစ်သော…

အလွန်သတ္တိကောင်းသော…

လွန်စွာ ခွန်အားဗလအပြည့်ရှိသော မိုက်ရူးရဲဆန်သည့်သူလည်းဖြစ်သည်။ ထိုကဲ့သို့ ထူးခြားလှသောဆန့်ကျင်ဘက် အပြုအမူများဖြင့် ပေါင်းစပ်ထားသည့်အမှုကို ကျွန်ုပ်အနေနှင့် မည်သို့မျှ မေ့ပျောက်ခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။ ဤအမှုသည် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေပညာရှင်တစ်ဦး၏ ရင်ထဲ၌ တင်းကြပ်စွာခံစားခဲ့ရသည့် ဖြစ်ရပ်တစ်ခု၌ သိစေလိုခြင်းမှာ ကျွန်ုပ်ရင်ဖွင့် ရေးသားခဲ့ပါသည်။

❖ ❖ ❖ ❖ ❖

အချိန်ကား …

မြန်မာနိုင်ငံတော်အား အင်္ဂလိပ်နယ်ချဲ့တို့ အုပ်စိုးခဲ့သည့် (၁၉၄၀) ခုနှစ်ဝန်းကျင်…။

စက်ရှင်မင်းကြီးဦးဘခင်၏ရုံးတော်သို့ ယနေ့ရောက်ရှိလာသောအမှုမှာ ကင်းဘဲ(လ်)လမ်းတွင် နေထိုင်သည့် ဓာတ်ပြားကုမ္ပဏီပိုင်ရှင် ဦးမြမောင် အသတ်ခံရသောအမှုဖြစ်သည်။ ထိုအမှုကို ကျူးလွန်သည်ဟု ယူဆခြင်းခံရသည့်တရားခံမှာ မင်းမောင်ဆိုသူ ဖြစ်ပေသည်။

"တရားခံ မင်းမောင်"

လူသတ်မှုဖြင့် စွပ်စွဲခြင်းခံရသည့် တရားခံဖြစ်သည်။





လူပုံပန်းက မပိန်လွန်း မဝလွန်း…။ အရပ်ကား ငါးပေဆယ်လက်မခန့်ရှိပြီး အသားဖြူဖြူ၊ လူပုံက အနည်းငယ်နွဲ့ပြီး မျက်နှာက ရိုးသားသည့်ပုံပန်းသဏ္ဌာန်။

စက်ရှင်တရားသူကြီး ဦးဘခင်က မင်းမောင်ကို သေသေချာချာကြည့်လိုက်သည်။ သူတား အလွန်ယဉ်ကျေးမှု ပြုမူရန်ကျေးဇူးဆို လွန်စွာ ကြောက်တတ်ပုံရသည်ဟု မှတ်ထင်လိုက်သည်။ တရားခံဟု စွပ်စွဲထားရုံသာရှိသေးသဖြင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် သူ့ကို စစ်ဆေးရပေမည်။

သူ့အမှုတွဲတွင် ပေါ်ပေါက်ချက်ကား…။

မောင်မင်းမောင်သည် တေးရေးသမားဖြစ်ပြီး ၎င်းစပ်ဆိုထားသည့် တေးသီချင်းများကို ဓာတ်ပြားပိုင်ရှင်ထံသို့ လာရောက်ရောင်းချလေ့ရှိသည်။ ထို့ကြောင့် ဓာတ်ပြားပိုင်ရှင် ဦးမြမောင်၏ အိမ်သို့ မကြာခဏလာရောက်တတ်သည်။

ဦးမြမောင်ကား စီးပွားရေးသမားပီပီ သူ့ထံမှ သီချင်းများကို ဝယ်ယူကာ ကိုမင်းမောင်အမည်ဖြင့် မထုတ်ပေးဘဲ တေးရေးနာမည်ကြီးဖြစ်သူ ကိုမိုးနောင်အမည်နှင့်သာ ဓာတ်ပြားထုတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဦးမြမောင်နှင့် အချင်းများခဲ့ကြသည်။

"ဦးမြမောင် ... ကျွန်တော့်သီချင်းတွေကို ဘာဖြစ်လို့ ကိုမိုးနောင်နာမည်တပ်ပြီး ဓာတ်ပြားထုတ်ရတာလဲ၊ အဲဒီကိစ္စကို ကျွန်တော် မကျေနပ်ဘူး"

"အဲဒါကြောင့် ခက်တာပေါ့၊ မင်းတို့က သီချင်းလေး ရေးပြီး ငါ့ကိုလာပေးတာနဲ့ ပိုက်ဆံကို လွယ်လွယ်ရတာ ငါက ဒီသီချင်းနဲ့ကိုက်မယ့် အဆိုတော်ရှာရ၊ အသံသွင်းရ၊ ဓာတ်ပြား ထုတ်ရနဲ့ ဘယ်လောက်အလုပ်ရှုပ်ရလဲ၊ ဓာတ်ပြားဖြစ်တော့လည်း မပြီးသေးဘူး၊ ဈေးကွက်တင်ပြီး ရောင်းရတယ်၊ အဲဒါလည်း လူမကြိုက်ရင် အရှုံးပေါ်မှာစိုးလို့ ရင်တထိတ်ထိတ်နဲ့"

"ဒါကတော့ ခင်ဗျားရဲ့ အလုပ်ပဲလေ"

"အေးပေါ့ကွာ၊ ဒါကြောင့် ကိုယ့်ဘက်ကအရှုံးမပေါ်အောင်လို့ နာမည်ကြီးတေးရေးဆရာ၊ နာမည်ကြီးအဆိုကျော်နဲ့ သီဆိုပြီး ဓာတ်ပြားလုပ်ရတာပေါ့၊ ဒါမှဖြစ်မှာပေါ့၊ နာမည်





မရှိတဲ့တေးရေးဆရာတို့ အဆိုတော်တို့ကို ဘယ်ကုမ္ပဏီကမှ အရှုံးခံပြီး မထုတ်ဘူး"

"ဒါဆိုရင် ခင်ဗျားက အနုပညာကို ခုတုံးလုပ်ပြီး စားတာပေါ့"

"မင်း ဘယ်လိုထင်ထင် ငါတို့ကုမ္ပဏီသာ အရှုံးပေါ်နေရင် ဘယ်လိုရပ်တည်မလဲ၊ ငါ့ဘက်ကိုလည်း ထည့်တွက်ကြည့်ဦးလေ"

"ဘာပဲဖြစ်ဖြစ် ဦးမြမောင်ရယ်၊ ကျွန်တော့်ရဲ့ မူပိုင်ခွင့်ကိုဒီလိုကြီးပဲ အလွဲသုံးစားမလုပ်ပါနဲ့ ဒီလိုသာဆိုရင် ကျွန်တော့်ရဲ့ ရှိရင်းစွဲနာမည်လေးပါ ပျောက်သွားမှာပေါ့"

"အေးပါကွာ မင်းနာမည်လည်း မပျောက်ရအောင် ငါလည်း အရှုံးမပေါ်ရအောင် နောက်ထုတ်မယ့်ဓာတ်ပြားတွေထဲမှာ မင်းနာမည်နဲ့ ကိုမိုးနောင်နာမည် တစ်ဝက်စီထည့်ပေးမယ်။ ဒါဆိုရင် မင်းကျေနပ်မလား"

"အေးပေါ့ဗျာ ဘာပဲဖြစ်ဖြစ် သူ့ဘက်ကိုယ့်ဘက်မျှရင် ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“အေးပါကွာ၊ နောက်ခေတ်ပြားတွေမှာ မင်းနာမည် တစ်ဝက်ထည့်ပေးပါ့မယ်လို့ ငါကတိပြုပါတယ်”

“ကောင်းပါပြီ…ဒါဆိုရော့…ကျွန်တော့်စပ်ထားတဲ့ သီချင်းတွေ”

ဦးမြမောင်က ချော့မော့ပြောဆိုသဖြင့် ကိုမင်းမောင် ကျေနပ်သွားကာ သူရေးစပ်ထားသည့်တေးသီချင်းများကို ပေးလိုက်သည်။

ဦးမြမောင်ကလည်း သူ့အကြံနှင့်သူ…။

ကိုမင်းမောင်၏ သီချင်းစာသားလေးများမှာ အနုအလှဖြင့်တန်ဆာဆင်ထားသည်သာမက အချစ်ကို ခံ[illegible]ားသူတိုင်း ရင်ထဲ စွဲညှိအောင်ရေးစပ်နိုင်စွမ်းရှိသည်။ သီချင်းကောင်းရဖို့ ဆိုသည်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ ကိုမိုးနောင်မှာ သီချင်းအပုဒ်ပေါင်းများစွာ ရေးစပ်ထားပြီးဖြစ်၍ သီချင်းစာသားများ ထပ်နေသဖြင့် တစ်ခါလာ မည်းပြာပုဆိုးဖြစ်နေသဖြင့် သူ့သီချင်းများမှာ ကိုမင်းမောင်သီချင်းလောက် စွဲဆောင်မှု မရှိချေ။

ဦးမြမောင်ကလည်း လူလည်တစ်ယောက်…။





သီချင်းကောင်းရေးတတ်သည့် ကိုမင်းမောင်၏ သီချင်းစာသားကို လက်မလွှတ်ချင်သလို ခေတ်ပြားများများ ရောင်းချရန် အတွက် တေးရေး ကိုမိုးနောင်အမည်ကို တပ်ခဲ့သည်။

ကိုမင်းမောင်လာတိုင်း ငွေကြေးအနည်းငယ်ပေးကာ ချော့မော့၍ ပြန်လွှတ်ခဲ့သည်။ ထိုတစ်နေ့…။

ပန်းခြံထဲတွင် သစ်ပင်များပေါင်းသင်နေသောမာလီက အိမ်ပေါ်သို့ အမှတ်မထင်လှမ်းကြည့်ရာမှ မှန်ပြတင်းပေါက်အနီး၌ လူနှစ်ယောက် လုံးထွေးနေသည့်သဏ္ဍာန်ကို မသဲမကွဲ မြင်လိုက် ရာ…

“ဟာ…အိမ်ပေါ်ထပ်မှာ ဘာဖြစ်နေလဲ မသိဘူး”

ဟုတွေးထင်ပြီး ကြည့်နေစဉ်…

“အား”

“ဒုန်း”

ဟူသော လဲကျသည့်အသံများကြားသဖြင့် အိမ်ပေါ် ထပ်သို့ အပြေးလာကြည့်လိုက်ရာ အခန်းတွင်းမှ လူတစ်ယောက် ခိုးခနဲပြေးထွက်သွားသည်ကို မသဲမကွဲ မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြမ်းပြင်ပေါ်တွင် …

"ဟာ…ဦးမြမောင်ကြီး သွေးအိုင်ထဲမှာ လဲနေပါလား"

ဓားဒဏ်ရာများစွာဖြင့် သွေးအိုင်ထဲ၌ လဲကျနေသည့် ဦးမြမောင်ကိုတွေ့လိုက်ရပါတော့သည်။ မာလီကြီးမှာ ကြောက်လန့်သွားပြီး…

"ဒါဆိုရင် ဦးမြမောင်ကြီးကို ဘယ်သူများဓားနဲ့ထိုးသွားသလဲ မသိဘူး၊ ပုလိပ်သွားခေါ်မှပဲ"

မာလီကြီးသည် အိမ်နှင့်မဝေးသည့် ပုလိပ်စခန်းသို့သွားရောက်ကာ အကျိုးအကြောင်းပြောပြီး ခေါ်လာခဲ့သည်။

ပုလိပ်များရောက်လာပြီး ဦးမြမောင်အား စစ်ဆေးကြည့်ရာ…

"ဦးမြမောင် အသက်မရှိတော့ဘူး အင်စပက်တော်"

"ဓားချက်ကလည်း မနည်းပါလား"

အင်စပက်တော် ဦးလှမြင့်က သေဆုံးသူဦးမြမောင်၏ ခန္ဓာကိုယ်ပေါ်တွင် ရရှိထားသည့် ဓားချက်များကို စစ်ဆေးနေခဲ့သည်။





"မျက်နှာမှာ ပွန်းပဲ့ပြတ်ရှ၊ နောက် ရင်အုံမှာ ဓားမြောင်အန်းလန်း၊ လက်ယာဘက်လက်မှာ ပြတ်ရှကြီးတစ်ခု၊ လက်ဝဲဘက်လက်မှာ ပြတ်ရှဒဏ်ရာငယ်တစ်ခု၊ ဝမ်းဗိုက်မှာ ပြတ်ရှတစ်ခု"

"အင်း…ဒီလူဟာ ဦးမြမောင်ကို တော်တော်မုန်းတီးပုံရတယ်။ ဓားဒဏ်ရာအချက်ပေါင်းများစွာနဲ့ ရက်ရက်စက်စက်သတ်ခဲ့တာ"

ထိုသို့စစ်ဆေးနေစဉ် အိမ်နောက်ဘက်ဆီမှ သဏ္ဍာန်တစ်ခု ပြေးလွှားနေသည်ကို မာလီကတွေ့သဖြင့်…

"လူသတ်ကောင် ဟိုမှာ"

ဟု အသံကျယ်လောင်စွာ လှမ်းအော်လိုက်ရာ

ပုလိပ်ဆာသင်သုံးယောက်မှာ ထိုနေရာမှ အိမ်အောက်ဘယ်သို့ အပြေးဆင်းသွားကာ လူရိပ်သဏ္ဌာန်နောက်သို့ လိုက်ခဲ့သည်။ ထိုသူသည် နောက်ဖေးလမ်းကြား ကျဉ်းကျဉ်းကလေးမှ ပြေးနေရသဖြင့် ခရီးမပေါက်ချေ။

သူလည်း လမ်းကျဉ်းအလွန်ဒေါင့်လမ်းခွဲကလေးသို့



www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင်

"ဟေ့ကောင် … ရပ်လိုက်စမ်း"

"မရပ်ရင် သေနတ်နဲ့ပစ်ဖမ်းမယ်"

ထိုသို့ပုလိပ်ဆာသင်များက အမိန့်ပေးလိုက်သောအခါ ထိုသူမှာ အင်မတန်ကြောက်ရွံ့တုန်လှုပ်စွာနှင့်

"သေနတ်နဲ့မပစ်ပါနဲ့ ရပ်ဆိုရပ်ပါ့မယ်"

ဟုပြောကာ တုန်တုန်ရီရီနှင့် ရပ်တံ့လိုက်သည်။

ဆာသင်အုပ်စုမှာ သူ့အားချက်ချင်းလက်ထိပ်ခတ်လိုက်သည်။ သူ့ကို သေသေချာချာကြည့်လိုက်သောအခါ လက်ဝါးနှစ်ဖက်စလုံးတွင် သွေးများပေကျံနေရုံသာမက သူ ဝတ်ဆင်ထားသည့် အင်္ကျီမှာလည်း သွေးစွန်းနေသည်။

"ဟေ့ကောင်…မင်း ဦးမြမောင်ကို ဘာကြောင့် ဓားနဲ့ ထိုးသတ်တာလဲ"

"ကျွန်တော်…ကျွန်တော် မသတ်ဘူး"

"ဒါဆိုရင် မင်းလက်တွေရော အင်္ကျီပါ ဘာဖြစ်လို့ သွေးစွန်းနေတာလဲ"





"ဟို…ဟို…ကျွန်တော်က တေးရေးဆရာပါ… ဦးမြမောင်ဆီကို သီချင်းစာ လာပေးတာ၊ အခန်းထဲရောက်တော့ ဦးမြမောင်က သွေးတွေနဲ့လဲနေတယ်။ ရင်ဘတ်မှာလည်း ဓား တန်းလန်းနဲ့ ဒါကြောင့် ကျွန်တော်လည်း ကြောက်ကြောက် လန့်လန့်ဖြစ်ပြီး မျက်လုံးထဲမှာ အမှောင်ဖုံးသွားတယ်၊ ကျွန်တော် ကိုယ်တိုင် ဘာလုပ်မိမှန်းတောင် မသိဘူး၊ သတိရလို့ ကြည့် လိုက်တော့ ကျွန်တော့်ရဲလက်မှ သွေးတွေပေနေတယ်။ လက်က သွေးတွေကို အင်္ကျီနဲ့အသုတ်မှာ ခြေသံကြားလို့ လိုက်ကာဘေးမှာ ဝင်ပုန်းနေလိုက်တယ်။ ခဏကြာတော့ မာလီဝင်လာတာ တွေ့တယ်၊ နောက် သူပြန်ဆင်းသွားတယ်။ ကျွန်တော်လည်း နောက်ဖေးဘက်က ထွက်ပြေးတုန်းမှာ ဆရာတို့ ကျွန်တော့်ကို ဖမ်းတာပဲ"

"မင်း မသတ်ဘူးလို့ ဘယ်လိုပြောပြော လက်မှာရော အင်္ကျီမှာပါ သွေးစွန်းနေတော့ မင်းကို ဖမ်းရမှာပဲ၊ ဒီကိစ္စ ဂတ်မှာ ရှင်းပေတော့"

"ဆာသင်ကြီးတို့ရယ်…ကျွန်တော် တကယ်မသတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျွန်တော့်ကို မဖမ်းကြပါနဲ့…လွှတ်ပေးပါနော်"

"လွှတ်ပေးလို့ မရဘူး…ဂတ်ကို ခေါ်လာခဲ့"

"ကျွန်တော်ဟာ သီချင်းရေးတဲ့ အနုပညာသမားပါ၊ သီချင်းရေးတဲ့လက်က လူမသတ်ပါဘူးဗျာ"

ကိုမင်းမောင်က လွန်စွာကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဆာသင်ကြီးတို့အား ပြောကြားခဲ့သည်။ ဆာသင်ကြီးတို့မှာ ဝတ္တရား ရှိသည့်အတိုင်း မင်းမောင်ကို ပုလိပ်စခန်းသို့ခေါ်ဆောင်ကာ စစ်ချက်ယူခဲ့သည်။ နောက်တစ်ပါတ်အကြာတွင်…။

ကိုမင်းမောင်တစ်ယောက် ဦးမြမောင်သတ်မှုဖြင့် ရုံးတင်စစ်ဆေးခဲ့သည်။ ရုံးထုတ်သည့်နေ့က ယမင်းရောက်လာပြီး…

"မင်းမောင် နင်ဘာမှ စိတ်မညစ်နဲ့ သိလား…ငါ အကောင်းဆုံးရှေ့နေ ငှားပေးမယ်"

"ယမင်းရယ် ဘာမှ မကြိုးစားပါနဲ့တော့ … ငါ့ အကြောင်းနဲ့ငါပဲ ရှိပါစေတော့"

"ဘယ်ဟုတ်မလဲ ဒီအမှုမှာ နင်မကျူးလွန်ဘူးဆိုတာ ငါယုံကြည်တယ်၊ ဒါကြောင့် ဥပဒေနဲ့ နင့်ရဲ့မှန်ကန်ကြောင်းကို





ပြရမယ်"

"ယမင်းရယ် ငါ့အတွက်နဲ့ နင်ဒုက္ခမခံပါနဲ့၊ ငါက တစ်ကောင်ကြွက်ပါ၊ ကြိုးစင်တက်ရလည်း ကိစ္စမရှိဘူး၊ ငိုမယ့်သူ မရှိဘူး"

"မနက်ဖြန်မှာ ငါရှေ့နေ ခေါ်လာခဲ့မယ်"

"အေးပါ နင်လုပ်ချင်တာ လုပ်ပါတော့"

ကိုမင်းမောင်၏အမှုမှာ လူသတ်မှုဖြစ်နေသဖြင့် တရားခံဘက်မှ အကျိုးဆောင်ရှေ့နေဖြင့်သာ စစ်မေးခြင်းပြုရမည့်အမှုဖြစ်လေသည်။ တရားခံဘက်မှ အကျိုးဆောင်ရှေ့နေ ငှားနိုင်ပါက တရားခံကိုယ်စားပြောဆိုရန် တရားခံမှ ငှားရမ်းရမည်ဖြစ်ပြီး တရားခံသည် အကျိုးဆောင်ရှေ့နေ မငှားနိုင်ပါက အစိုးရက ငှားပေးရမည်။

ယခုမူ ကိုမင်းမောင်မှာ တစ်ကောင်ကြွက်၊ ဆွေမျိုးမဲ့တစ်ယောက်ဖြစ်နေပြီး လူသတ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့်အတွက်သူ၏သူငယ်ချင်းဖြစ်သူ ယမင်းကအကျိုးဆောင်ရှေ့နေငှားရမ်းပေးရန် တာဝန်ယူခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ရုံးချိန်းအပြီးတွင် ရန်ကုန်ထောင်ကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

ထောင်ဖူးဝကိုဝင်သည့်တပြိုင်နက်…

အကျဉ်းသားအားလုံးကို…

"ပုံစံထိုင်"

ဟူသော ကျယ်လောင်သောအသံဖြင့် အမိန့်ပေးလိုက်ရာ အကျဉ်းသားအားလုံးမှာ ပုံစံထိုင်ကာ ဆောင့်ကြောင့်ထိုင်ချပြီး ဒူးခေါင်းနှစ်ဖက်ပေါ်တွင် လက်နှစ်ဖက်တင်သော ထိုင်နည်းအတိုင်းထိုင်လိုက်သည်။ ထိုင်လိုက်သည့်အချိန်မှာ လျှင်မြန်မှုကတူညီသည်။ ယိမ်းတိုက်ထားသလို ညီညာလှသည်။ အကျဉ်းထောင်ထဲတွင် အမိန့်သံဆုံးသည်နှင့်အမိန့်နာခံပြီးဖြစ်နေရသည်။ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုသလို အမိန့်ကိုနောက်ကျခြင်း၊ ဖင့်နွဲ့မှုရှိခြင်းမှာ အပြစ်ဒဏ်ကို လက်ယပ်ခေါ်နေသကဲ့သို့ဖြစ်သည်။

နောက်ကျသည်နှင့်တပြိုင်နက် ထောင်ဝါဒါဝပ် နံပါတ်တုတ်က မီးခနဲ လွှားခနဲ ဦးခေါင်းကျောပြင် ပုခုံးတစ်ခုခုသို့





ရောက်လာပေမည်။ ထိုအချိန်တွင် ထောင်ဝါဒါတစ်ယောက်မှ…

"တလာစီမယ်ဟေ့"

ဟုအော်လိုက်သည်။

တလာစီခြင်းဆိုသည်မှာ ထောင်ထဲသို့ဝင်သူကိုဖြစ်စေ၊ ထောင်ထဲမှ အပြင်သို့ထွက်သူကိုဖြစ်စေ ရှာဖွေရန် အမိန့်ပေးခြင်းဖြစ်သည်။

တလာစီပြီးနောက် အခန်းသို့သွားရန် နာမည်ခေါ်လူစစ်သည်။ ထောင်မှူးကစာအုပ်ကိုကြည့်ပြီး နာမည်ခေါ်လိုက်သည်။

"ကျော်ညွန့်"

"ရှိ"

ကျော်ညွန့်ဆိုသည့်အကျဉ်းသားက မတ်တပ်ရပ်၍ ဖြေလိုက်သည်။

"ဘိုးညွန့်"

"ရှိ"

"ကြွက်နီ"

"ရှိ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကိုမင်းမောင်၏အလှည့်သို့ ရောက်လာသည်။

"မင်းမောင်"

"ရှိ"

"ရှိ"

အသံနှစ်သံထွက်လာသဖြင့် ထောင်မှူးက မျက်ထောင့်နီနှင့်ကြည့်လိုက်သည်။

"ခွေးကောင် ဘာဖြစ်လို့ သူများနာမည်ခေါ်တာ ဝင်ထူးရတာလဲ"

"ကျွန်တော့်နာမည် မင်းမောင်မို့ပါ"

"ကျွန်တော့်နာမည်လဲ မင်းမောင်ပါပဲ"

"ဒါဆို ပထမ မတ်တပ်ရပ်တဲ့မင်းမောင်ရဲ့ အဖေနာမည်ပြော"

"ဦးဖိုးစိန်ပါ"

"ဒုတိယမတ်တပ်ရပ်တဲ့ မင်းမောင်ရဲ့အဖေနာမည်ပြော"

"ဦးဒေါင်းလှပါ"





"ဒါဆို မင်းမောင်(၁) ဘ-ဖိုးစိန်ဆိုရင် မင်းပဲ"

"ဟုတ်"

ထောင်မှူးက ပထမမင်းမောင်ကို လက်ညှိုးထိုး၍ ပြောလိုက်သည်။ ထို့နောက်...

"မင်းမောင် အသက်(၂၂) ဘ-ဒေါင်းလှ မှတ်ထား"

"ဟုတ်"

"ကောင်းပြီ"

ကိုမင်းမောင်တို့လူစုသည် ၄င်းတို့ပေးထားသော အခန်းအတွင်းသို့ သွားခဲ့ကြသည်။ မကြာခင် ထမင်းစားချိန်သို့ ရောက်လာသည်။ ထမင်းမှာ လွန်စွာကြမ်းလှသည်။ ကန်စွန်းရွက်ချဉ်ရေကျဲကျဲနှင့် မှျင်ငါးပိတစ်ကော်ပင် ဖြစ်သည်။ ဤမျှကြမ်းတမ်းလှသည့်ထမင်းကိုကြည့်ကာ စားချင်သည့်စိတ်ပင် မရှိတော့ပေ။

ဒါပေမယ့် မစားရင်လည်းမဖြစ်၊ ဗိုက်က အရမ်းဆာနေသည်။ ကြမ်းတမ်းသည့်အစားအစာကို ကြိတ်မှိတ်စားရင်း ဘဝ၏ဝဋ်ကြွေးတစ်ခုပေလားဟု မှတ်ထင်မိသည်။

တဖြည်းဖြည်းနှင့် အိပ်ချိန် ရောက်လာခဲ့သည်။ ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်သည် သမံတလင်းပေါ်တွင် ကျောခင်းရင်း မျက်စေ့မှိတ်လိုက်ရာ အတိတ်၏ပုံရိပ်များ တရေးရေးနှင့် မြင်ယောင်လာခဲ့သည်။

❖ ❖ ❖ ❖ ❖





## အခန်း (၂)

## အရှုံးသားအမှိ

မန္တလေးမြို့၏ နန်းတော်ရှေ့က အနိပ်တော်အရပ်မှာ...

ယမင်းနှင့် မင်းမောင်တို့မှာ အိမ်ချင်းကပ်နေထိုင်နေကြသလို မိသားစုနှစ်ခုမှာလည်း တကယ့်အမျိုးအရင်းသဖွယ် နေခဲ့ကြသည်။

နှစ်အိမ့်တစ်အိမ်လို နေလာခဲ့ကြသဖြင့် ကိုမင်းမောင်၏ မိဘများက ယမင်းကို ချစ်လွန်းသဖြင့်...

"ငါတို့သမီးလေးပဲ ဖြစ်ပါတော့"ဟု တဖွဖွ ပြောခဲ့ကြသည်။ နောက်သလို စသလိုဖြင့် ...

"ယမင်းလေးကြီးလာရင် မင်းမောင်နဲ့ ပေးစားမယ်"

"ဟင် မင်းမောင်ကို မယူချင်ပါဘူး၊ သူငယ်ချင်းလိုပဲ ခင်တာ"



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် အရွယ်ကလေးတွေက အပျိုပေါက် လူပျိုပေါက်အရွယ်သို့တိုင်ခဲ့ပြီ။ စိတ်ကစားတတ်ကာစအရွယ်မို့ မင်းမောင်က အရင်အခြေအနေနှင့် မတူတော့ဘဲ ပြောင်းလဲလာသည်။ သူတို့နှစ်ယောက် အိမ်ရှေ့ခုံတန်းကလေး၌ထိုင်ရင်း…

"ယမင်းရယ် နင်က အရုပ်ကလေးတစ်ရုပ်လို အရမ်းချောလာတာပဲ"

"နင်ကလည်း ငါ့ကို မြှောက်နေပြန်ပြီ"

"တကယ်ပါ နင်က အရမ်းလှ အရမ်းချောတော့ ငါလေ နင့်ကိုအရမ်းချစ်မိပြီ သိလား"

မင်းမောင်က ရင်တွင်းခံစားချက်ကို ရင်ဖွင့်တင်ပြခဲ့သည်။ သူက ရှုံးရှုံးမှုံးမှုံး ချစ်မိသော်လည်း ယမင်းက ခပ်အေးအေးပင်…

"နင်ကလဲ အဆန်းလုပ်ပြီး ပြောနေသေးတယ်၊ နင်က ငါ့ကို ဟိုး…အရင်ထည်းက ချစ်ခဲ့တာပဲ"

"မဟုတ်ဘူး ယမင်း၊ အရင်ကအချစ်မျိုးနဲ့ မတူတော့ဘူး"





"မတူဘူးဆိုတာ ဘာကိုပြောတာလဲ"

"ဟိုလေ … ဟိုလေ … နင့်ကိုငါ…"

ထိုသို့ပြောနေစဉ် ယမင်း၏အမေက…

"သမီးရေ ထမင်းစားမယ်၊ မင်းမောင်ကိုပါ ထမင်းစားခေါ်လိုက်ပါဦး"

"ဟုတ်ကဲ့ မေ"

"မင်းမောင်ရေ တစ်ခါတည်း ထမင်းစားသွားပေါ့"

"နင်ကျွေးတဲ့ထမင်းဆိုရင် ကျောက်ခဲကျွေးလည်း နတ်သုဒ္ဓါလို ထင်တယ်"

"နင်က တော်တော်ပိုတယ်၊ နတ်သုဒ္ဓါဖြစ်အောင် နင့်ကို ကျောက်ခဲပဲ ကျွေးမယ်၊ ထမင်းမကျွေးတော့ဘူး"

ယမင်းက ဒေါပွပြီးပြောလိုက်သည့်အတွက် စိတ်ဆိုးသွားမှန်းသိသွားကာ…

"ယမင်းရယ် ငါက စတာပါ"

"ဟဲ့…သမီးနဲ့ မင်းမောင် ထမင်းသွားစားလေ၊ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှမဖြစ်ပါဘူး အမေ”

ယမင်း၏အမေက ဤသို့ပြောလိုက်မှ နှစ်ယောက်စလုံး အိမ်၏နောက်ခန်းထဲသို့ ပြေးဝင်ပြီး ထမင်းစားခဲ့ကြသည်။ ယမင်းနှင့် မင်းမောင်မှာ တစ်ကျောင်းတည်းတက်သူငယ်ချင်းမို့ ကျောင်းသွားတော့လည်း အတူတူပင်…။ ကျောင်းသွားတိုင်း ယမင်းအတွက် ပန်းတစ်ပွင့် အမြဲယူဆောင်လာတတ်သည်။

“ယမင်းရေ နင်ပန်ဖို့ နှင်းဆီနီလေး”

“ဟယ်…လှလိုက်တာ ငါပန်လိုက်မယ်နော်”

“နေဦး…နေဦး နင်ပိုပြီးလှသွားအောင် ငါပန်ပေးမယ်”

မင်းမောင်က ယမင်း၏ ဆံကေသာထက်မှာ နှင်းဆီနီလေး တစ်ပွင့်ကို ပန်ပေးလိုက်သည်။

သည်နေ့ ယမင်း၏အလှမှာ ပိုပြီးရွှန်းစိုတောက်ပလာသလိုပင်… ယမင်းတို့အတန်းမှ သက်ခိုင်က…။

“ယမင်း”

“ဘာလဲ”

“ဒီနေ့…နှင်းဆီပန်းနဲ့ အရမ်းလှနေပါလား”





“ငါ့ဟာငါ လှချင်လှမယ် မလှချင်နေမယ် နင်နဲ့ မဆိုင်ဘူး”

“နင်ကလည်း သူငယ်ချင်း အချင်းချင်းမို့ ပြောတာပဲ”

“မပြောနဲ့ မကြိုက်ဘူး၊ နင်တို့အတွက် ပန်းပန်လာတာ မဟုတ်ဘူး”

ထိုသို့အခြေအတင် စကားပြောနေစဉ်…

မင်းမောင်အနီးသို့ရောက်လာပြီး…

“ယမင်း…နင်နဲ့သက်ခိုင် ဘာဖြစ်နေတာလဲ”

“ဘာမှ မဖြစ်ပါဘူး”

ယမင်းက ရန်ဖြစ်မည်စိုး၍ တမင်ပြောလိုက်သည်။

“သက်ခိုင် မင်း ယမင်းကိုဘာပြောလိုက်တာလဲ”

“ဩော်…နှင်းဆီပန်းနဲ့ သိပ်လှတယ်လို့ ပြောတာ၊ ဘာလဲ မင်းက သူ့ရည်းစားမို့ နာတာလား”

“ကဲကွာ…ကဲကွာ”

“ဖုန်း”

“ဖုန်း”



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ ချက်ချင်းပြောင်းလဲသွားခဲ့ပြီ။

ခပ်အေးအေးနေတတ်သည့် မင်းမောင်ကို သက်ခိုင်က အထင်သေးစွာဖြင့်ပြောလိုက်ရာ မင်းမောင်က လျှပ်တပြက်အတွင်း သက်ခိုင်ကို ထိုးလိုက်သည်။

မျှော်လင့်မထားသည့်လက်သီးချက်ကြောင့် သက်ခိုင်မှာ မြေကြီးပေါ်သို့ လဲကျသွားသည်။ ကျောင်းအုပ်ကြီးမှ သူတို့နှစ်ဦးကို ကြိမ်လုံးဖြင့်ရိုက်ကာ ဆုံးမခဲ့ရသည်အထိ ဖြစ်ခဲ့သည်။

လူအေးတစ်ယောက်ပင် ဖြစ်လင့်ကစား ယမင်းနှင့်ပတ်သက်လျှင် ချက်ချင်းပင် လူကြမ်းကြီးဘဝသို့ ပြောင်းလဲသွားခဲ့သည်။ ထိုအချိန်မှစပြီး ယမင်းကို မည်သည့်ကျောင်းသားမျှပင် မစဝံ့တော့ပေ…။

သူတို့နှစ်ဦးသည် ကျောင်းအားလပ်ချိန်လေးများတွင် ကုသိုလ်တော်ဘုရားကြီးဆီသို့ ရောက်သွားတတ်သည်။ ဘုရားရင်ပြင်ပေါ်တွင် သူတို့နှစ်ဦး ပြေးလွှားဆော့ကစားခဲ့ကြသည်။

သည်နေ့…။

အမှတ်တရနေ့အဖြစ် မင်းမောင်၏ရင်ထဲ စွဲထင်ကျန်ရစ်





ခဲ့သည်။

"မင်းမောင်…နင့်ကို ပြောစရာရှိတယ်"

"ပြောလေ"

"ငါတို့ ကုသိုလ်တော်ဘုရားဘက်ကို လမ်းလျှောက်ရင်း နဲ့ပြောမယ်"

"အေးလေ … သွားကြတာပေါ့"

ယမင်းနှင့် မင်းမောင်တို့နှစ်ဦးသား လမ်းလျှောက်ခဲ့ကြသည်။

"မင်းမောင်…ငါ့အဖေ ရန်ကုန်ပြောင်းရတော့မယ်"

"ဟင်"

မမျှော်လင့်သည့် စကားကို ကြားလိုက်ရသဖြင့် မင်းမောင် အံ့အားသင့်သွားခဲ့သည်။

"နင့်အဖေ ရန်ကုန်ပြောင်းရမယ်ဆိုတော့ နင်တို့ပါ လိုက်သွားမှာလား"

"အေးပေါ့ ငါတို့မိသားစုလိုက် ပြောင်းမှာ"

"နင်ပါ လိုက်သွားမယ်ဆိုတော့ ငါက ဘယ်လိုလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နေရမှာလဲ"

"ဘယ်လိုလုပ်ပြီး နေရမှာလဲ ... နင်တစ်ယောက်ထဲ နေပေါ့"

"ယမင်းရယ် နင်ဘယ်လိုပြောလိုက်တာလဲ၊ ငါက နင့်ကိုအရမ်းချစ်ခဲ့တာဆိုတော့ နင်မရှိရင် ငါတော့ အရမ်းလွမ်းနေတော့မှာပဲ"

"ငါက စတာပါ၊ နင်နဲ့ဝေးသွားပေမယ့် ငါလည်း နင့်ကို သတိရနေမှာပါ"

"မခွဲချင်ဘူး ယမင်းရယ်၊ နင်နဲ့ခွဲရမယ်ဆိုတဲ့အသိဟာ ငါ့ကို ရူးသွားမလားတောင် ထင်မိတယ်"

"နင်ကလဲဟယ် ရန်ကုန်နဲ့မန္တလေး ဘာဝေးလို့လဲ မီးရထားစီးလာရင် ရောက်လာမှာပဲ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ အခုလို အိမ်ချင်းမနီးတော့ နေ့တိုင်းမတွေ့ရတော့ဘူးပေါ့"

"ဘယ်တတ်နိုင်မလဲ ငါတို့က ငါ့အဖေရဲ့လုပ်စာကို စားနေရတာဆိုတော့ မလိုက်လို့ ဘယ်ဖြစ်မလဲ"





"အေးပါ ငါနားလည်ပါတယ်၊ ငါက နင့်ကိုအရမ်းချစ်တော့ နင့်ကို မခွဲချင်ဘူးပေါ့၊ ဒါပေမဲ့ ငါတို့က ငယ်သေးတော့ ဘာမှမပြောနိုင်ဘူး၊ ငါကြီးလာတဲ့တစ်နေ့မှာ ငါ နင်ရှိရာကို လိုက်လာခဲ့မယ် နင်ငါ့ကို စောင့်နေနော်"

"အေးပါဟာ၊ ငါ နင့်ကို စောင့်နေပါ့မယ်"

"ငါတော့ နင့်ကို ဘယ်လိုခွဲရမလဲဆိုတာတောင် မသိဘူး"

ပြောရင်းဆိုရင်း မင်းမောင်၏မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

"ပြန်ကြစို့ မင်းမောင်ရယ်"

အသွားတုန်းက တက်တက်ကြွကြွရှိသလောက် အပြန်ခရီးတွင် ခြေလှမ်းများက နှေးကွေးနေသည်။

နေညိုညို ညနေစောင်းတွင် နှစ်ဦးအတူ ပြန်လာခဲ့သည်။ ယမင်းက အခင်မင်ဆုံးသူငယ်ချင်းတစ်ယောက်အဖြစ်သာ ချစ်ခင်သဖြင့် မင်းမောင်လောက် မခံစားရပေ။ မင်းမောင်မှာမူ အား သူ၏ရင်ထဲက နှစ်နှစ်ကာကာ ချစ်ခဲ့မိသည့်အတွက် မခွဲချင်



www.burmeseclassic.com

www.burmeseclassic.com



ကပင် လွမ်းနင့်ပြီးနေပြီ။

❖ ❖ ❖ ❖ ❖

သည်နေ့က…။

တကယ်ခွဲခွာခဲ့ရသည့်နေ့…။

ယမင်းတို့မိသားစုအားလုံး မန္တလေးရထားကြီးပေါ်သို့ ရောက်နေသည်။ မင်းမောင်က ယမင်းကို လိုက်လံပို့ဆောင်ခဲ့ သည်။

"ယမင်း…နင် ရန်ကုန်ကိုရောက်တာနဲ့ ငါ့ဆီကို စာရေး နော်၊ လိပ်စာလည်း သေသေချာချာ ထည့်ရေးပေးလိုက်နော်"

"အေးပါဟ"

ယမင်းနှင့်စကားပြောပြီးနောက် ယမင်း၏အမေအား…။

"အဒေါ် ကျွန်တော် ရန်ကုန်ရောက်ရင် အဒေါ်တို့ဆီ လာလည်မယ်နော်"

"အေးပါ လာခဲ့ပါ မောင်မင်းမောင်ရယ်"





ထိုစဉ် ရထားကြီးမှာ ထွက်ခါနီးပြီဖြစ်၍…။

"ဘော်…ဘော်"

ရထားထွက်ရန် ဥသြဆွဲလိုက်သည်။

မင်းမောင်၏ရင်ထဲတွင် ယမင်းနှင့်ခွဲရမည်စိုးသဖြင့် အသည်းနှလုံးများ တစ်စစီ ကြွေကျသွားသည့်အလား ခံစား ရသည်။

သူမ၏လက်ကလေးကို ကိုင်လိုက်စဉ် ရထားကြီးမှာ တလိမ့်လိမ့် စတင်ထွက်ခွာခဲ့ပြီ။

"မင်းမောင် နေရစ်ခဲ့တော့နော်"

"နင် ငါ့ကို အမြဲသတိရနေပါနော်"

"အေးပါ"

"နင့်ဆီကို ငါကြီးလာရင် လာခဲ့မယ်နော်"

"အေးပါဟ"

ရထားကြီးမှာ ပိုမိုမြန်ဆန်လာသဖြင့် ယမင်း၏လက် ကလေးကို ကိုင်ထားရာမှ ဖြုတ်လိုက်ပြီး ဝေ့ယမ်းပြလိုက်သည်။

ယမင်းတို့မိသားစုကလည်း မင်းမောင်ကို လက်ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



ရထားကြီးခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့သည်။

မင်းမောင်သည် ရထားကြီးကို မြင်ကွင်းမှပျောက်သွားသည်အထိ ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့သည်။ ရင်ထဲမှာ ဟာလာဟင်းလင်း ရည်ရွယ်ချက်မဲ့သွားသလိုခံစားရသည်။

ယောကျ်ားတစ်ယောက်ဖြစ်၍ အံကြိတ်ကာတင်းရင်း မျက်လုံးအစုံကိုမှိတ်လိုက်သည်။ သည်မြင်ကွင်းမျိုးကို ဘယ်တော့မှမမြင်လိုပါ ဖြစ်နိုင်လျှင် လေဟုန်စီးပြီး ယမင်းရှိရာ ရထားကြီးဆီသို့သွားလိုက်ချင်သည်၊ သို့သော်ရတုဘုရင် နတ်သျှင်နောင်ရေးဖွဲ့ထားသလို "ငှက်သွင်ပျံကြွ-မတတ်သာ" ခဲ့တကား…။

သည်လိုနှင့်အထီးကျန်နေ့ရက်များကိုဖြတ်သန်းခဲ့ရသည် ဖြစ်ချင်တော့သူ့အဖေမှာ အလုပ်ကအပြန် ကားတိုက်၍ကွယ်လွန်ခဲ့ရသည်။ မိခင်ဒေါ်ခင်ဦးမှာ-ခင်ပွန်းသည်မှာ ဤသို့အသေဆိုးနှင့် ကွယ်လွန်ခဲ့ရသဖြင့် လွန်စွာစိတ်ထိခိုက်ကာ စိတ္တဇဝေဒနာရှင် အဖြစ်သို့ ချက်ချင်းဘဝပြောင်းသွားခဲ့သည်။၏

မင်းမောင်အတွက် ကံကြမ္မာကြိုဟ်ဆိုးဝင်သည့်နှစ်ဟု ဆိုရပေမည်။ မိသားစုကို လုပ်ကျွေးနေသည့် ဖခင်ကြီး၏အရိပ်မှာ





တစ်တရက်ပျောက်ကွယ်သွားပြီး မိခင်ကြီးမှာလည်း စိတ္တဇဝေဒနာသည်အဖြစ်သို့ ရောက်သွားသဖြင့် သူ့မိသားစု၏ စားဝတ်နေရေးမှာ မင်းမောင်ဆီသို့ ရောက်ရှိလာခဲ့သည်။

"ငါ ဘယ်လိုလုပ်ရမလဲ"

"ကျောင်းဆက်တက်ဖို့လဲ ငွေမရှိ"

"အမေ့ကို ကုဖို့လဲ ငွေမရှိ ဘယ်ဆွေမျိုးကမှ အထောက်အပံ့မပေးတော့ ငါကျောင်းထွက်ပြီး အလုပ်လုပ်မှဖြစ်မယ်"

ထိုသို့တွေးတောကာ အလုပ်ရှာခဲ့သည်။ သို့သော် အတန်းပညာမပြည့်စုံသည့်အတွက် စည်သည့်အလုပ်မှ မရရှိခဲ့ပေ။

အမေက စိတ္တဇဝေဒနာသည်ဖြစ်၍ ဆေးဖိုးက လိုလာသည်။ မင်းမောင်သည် လွန်စွာ စိတ်ဆင်းရဲနေခဲ့သည်။

ထိုအချိန်တွင် လမ်းထိပ်ရှိအိမ်မှ စာကြည့်တိုက်တွင် အလုပ်လုပ်သော စာရေးကြီးရောက်လာပြီး…

"မင်းကိုကြည့်ရတာ ငါသိပ်သနားတယ်"

"ရပါတယ် ဦးလေးရယ်"

"ဦးလေးတို့စာကြည့်တိုက်မှာ ညစောင့်လူလိုတယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မင်းလုပ်မလား''

''ဦးလေး ကျွန်တော်ဘာအလုပ်ရရ လုပ်ချင်ပါတယ်''

''ဒါဆိုရင် ဦးလေးပြောပေးမယ်''

''ဟုတ်ကဲ့ ဦးလေး''

''စာအုပ်တွေမပျက်စီးအောင် စောင့်ကြည့်ဖို့တော့ လိုမယ်''

''ဟုတ်ကဲ့ ဦးလေး''

ထိုစာရေးကြီးက မောင်မင်းမောင်ကို စာကြည့်တိုက်မှူး ထံခေါ်ဆောင်သွားပြီး တစ်ရပ်ကွက်တည်းနေသည့်သူဖြစ်၍ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံပေးသဖြင့် ညစောင့် ရာထူးရခဲ့သည်။

သူ့ကို ညစောင့်ရာထူးခန့်လိုက်သဖြင့် မင်းမောင်လွန်စွာ ပျော်ရွှင်သွားပြီး သူ့အမေဆီသို့ အပြေးသွားခဲ့သည်။

''အမေ...သားအလုပ်ရပြီ''

''ဟုတ်လား သား''

စိတ္တဇဝေဒနာရှင်တစ်ဦးဖြစ်၍ မျက်စေ့ကိုပြူးလိုက်





...တ်လိုက်ဖြင့် သားနှင့်စကားပြောနေခဲ့သည်။

''သားအလုပ်က ဘာလုပ်ရတာလဲ''

အမြီးအမောက်မတည့်သောစကားဖြင့် မေးခဲ့သည်။

''စာကြည့်တိုက်မှာ ညစောင့်လုပ်ရမယ် အမေ''

''ညစောင့်ဆိုတာ ညဖက်မှာစောင့်ရမှာပေါ့ ဟုတ်လား''

''ဟုတ်တယ် အမေ''

''ညစောင့်...ညစောင့်ဆိုတော့''

သူမကစဉ်းစားရင်း သားနှင့်စကားပြောရာ ချက်ချင်း အမူအယာပြောင်းသွားပြီး...

''သိပြီ...သိပြီ ညစောင့်ဆိုတာ ဒရဝမ်ပေါ့ ဟုတ်လား''

''ဟုတ်တယ်အမေ သားက ဒရဝမ်အလုပ်ကို ရခဲ့တာ''

''ဟာ...ဒရဝမ်ရာထူးတောင်ရတယ်ဆိုတော့ ငါ့သားက ရာထူးအကြီးဆုံးကို ရတာပေါ့''

မင်းမောင်က သူ့အမေ၏စကားကို ချက်ချင်းနားမလည် ပေ။ သို့သော် စိတ္တဇဝေဒနာရှင်တစ်ယောက်၏ အတွေးမှန်း သိလိုက်သဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်အမေ...သားက အဲ့ဒီရုံးမှာ ရာထူးအကြီးဆုံး ဒရာမ်ရာထူးကို ရတာအမေ"

"အမလေး...ဝမ်းသာလိုက်တာ ရာထူးအကြီးဆုံးရဲ့ အမေ နှင့်အမေ ရာထူးအကြီးဆုံးရဲ့အမေ နှင့်အမေ"

ပြောရင်းဆိုရင်း ထကလေတော့သည်။

မင်းမောင်မှာလည်း အမေ့ကိုပျော်စေချင်လွန်းလှသဖြင့် သူ့အမေနှင့်အတူ လက်ခုပ်တီးရင်းကခဲ့ကြသည်။ ပတ်ဝန်းကျင်က သူတို့နှစ်ဦးကို "အရူးသားအမိ"ဟုခေါ်ခဲ့ကြသည်။

အရူးသားအမိနှစ်ဦးမှာ ညစောင့်အလုပ်ဖြင့် အဆင်ပြေခဲ့သည်။ တစ်နေ့လုံး သူ့အမေအနားမှာ ထမင်းကျွေး၊ ဆေးတိုက်ရင်း ပြုစုခဲ့သည်။ ညအချိန်တွင် အရပ်ထဲမှ အနှိပ်သည်ဒေါ်ငြိမ်းမယ်ကို အဖော်အဖြစ် အမေနှင့်အတူအိပ်စေခဲ့သည်။

ညစောင့်အလုပ်ကို စပြီးလုပ်စဉ်က ဂုဏ်ငယ်သည်ဟု ထင်မိသည်။ သို့သော် စားဝတ်နေရေးအတွက် အလုပ်မလုပ်လျှင် ငတ်မည့်အခြေအနေဖြစ်၍သာ မရှောင်သာဘဲ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။





ထိုစာကြည့်တိုက်ကြီးမှာ မန္တလေးမြို့တွင် အကြီးဆုံး စာကြည့်တိုက်ဖြစ်သဖြင့် စာအုပ်မျိုးစုံရှိသည်။ ထိုစာအုပ်များထဲတွင် ဆေးပညာစာအုပ်များ၊ ဥပဒေစာအုပ်များ၊ စီးပွားရေးစာအုပ်များ၊ သတ္တဗေဒ၊ ဓာတုဗေဒစာအုပ်များအပြင် ဝတ္ထု၊ မဂ္ဂဇင်းစသည့်စာအုပ်မျိုးစုံတို့ရှိသည်။

စာကြည့်တိုက် ညစောင့်ဖြစ်၍ ညအချိန်တွင် ဖတ်ရှုရန် စာရေးကြီးထံမှ စာအုပ်များကို ငှားရမ်းခဲ့သည်။ ကျောင်းစာ တစ်ပိုင်းတစ်စနှင့် ပညာရေးပျက်စီးခဲ့သည့်အတွက် ယခုကဲ့သို့ အချိန်ရသည့်အခါတွင် သူဖတ်လိုသည့်စာအုပ်များကို စာကြည့် တိုက်မှ ဖတ်ရှုခွင့် ရရှိခဲ့သည်။

၄င်းဖတ်သည့်စာအုပ်များထဲတွင် ဆေးပညာစာအုပ်များ၊ စိတ်ပညာစာအုပ်များနှင့် ဥပဒေစာအုပ်များကို စိတ်ဝင်စားစွာ ဖတ်ရှုခဲ့သည်။

ဆေးပညာမှ ရောဂါမျိုးမျိုးအကြောင်းကို သူစိတ်ဝင်စားခဲ့ သည်။ ညစဉ်ညတိုင်း ဆေးပညာရပ်များကို သူဖတ်ခဲ့သည်။ သူမဖတ်တတ်သည့်စာအများကို စာရေးကြီးအား မေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဆေးပညာဟာ လူသားတွေအတွက် အမွန်မြတ်ဆုံးအသက်ကို ကယ်နိုင်တဲ့ပညာရပ်ပဲ၊ ဗဟုသုတအဖြစ် ဖတ်ကြည့်မှပဲ"

ဆေးပညာစာအုပ်များကို ဖတ်ပြီးသောအခါ ဥပဒေပညာရပ်စာအုပ်များကို ဆက်၍ဖတ်ခဲ့သည်။

"ဥပဒေဆိုတာ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားတာမို့ လူတိုင်းသိထားရမယ့် အချက်တွေပဲ၊ ငါသိအောင်ဖတ်ကြည့်ဦးမှပဲ"

ဥပဒေစာအုပ်များကို ဖတ်ကြည့်မိသည်။ သူသည် ဥပဒေပညာရပ်များကို ဖတ်ရင်းဖတ်ရင်း လွန်စွာစိတ်ဝင်စားခဲ့သည်။

"ဥပဒေဆိုတာ ဒိုင်းလိုခုခံကာကွယ်နိုင်သလို ဓားလိုလည်း အသုံးပြုနိုင်တယ်"

မင်းမောင်က ဒီစာပုဒ်ကလေးကိုဖတ်ကြည့်ပြီး လွန်စွာသဘောကျခဲ့သည်။ ညစောင့်ဘဝတွင် သူ၏အဖော်မှာ စာအုပ်များသာဖြစ်ခဲ့သည်။ သူ၏အိမ်တွင် မီးခွက်ဖြင့် စာကြည့်ခဲ့ရသောဘဝမှ စာကြည့်တိုက်ညစောင့်ဘဝတွင် လျှပ်စီးမီးဖြင့် တစ်ညလုံး





ကောင်းစွာ စာဖတ်နိုင်ခဲ့သည်။

သည်လိုနှင့်ပင် ငါးနှစ်ခန့်အချိန်ကုန်လွန်ခဲ့သည်။ သူ၏ဂျူတီမှအပြန်တွင် အိပ်ပျော်နေဆဲဖြစ်နေသည့် သူ၏မိခင်ကြီးအား မသက်သာသဖြင့် လှုပ်နှိုးရာ…

"အမေ…အမေ…"

"ဟင်…အမေ့ကိုနှိုးလို့လဲ မရပါလား"

"ဒေါ်ငြိမ်းမယ်ကြီးကို သွားခေါ်ဦးမှပဲ"

နောက်ဖေးမီးဖိုချောင်တွင် ထမင်းချက်ရန် ပြင်ဆင်နေသော ဒေါ်ငြိမ်းမယ်ကြီးဆီသို့ သွားခေါ်ပြီး…

"အမေ့ကို နှိုးပေးပါဦး"

"အစ်မ…အစ်မ…ဟင်…အစ်မအသက်မရှိတော့ဘူး"

"အမေ သေပြီလား"

မင်းမောင်က ပြောပြောဆိုဆို နှာခေါင်းကိုလက်ဖဝါးဖြင့် အပ်ကာ အသက်ရှူမရှူစမ်းသပ်ခဲ့သည်။ ပြီးတော့ သွေးခုန်နှုန်းရှိမရှိ သွေးကြောစမ်းကြည့်ခဲ့သည်။

"ဟဲ့…မင်းမောင် မင်းဘာတွေလျှောက်လုပ်နေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းအမေသေပြီကွဲ့"

"ဟုတ်ပါတယ်… ဒေါ်လေးရယ်၊ အမေသေတာ ဟုတ်မဟုတ် သေချာချင်လို့ပါ"

"မင်းအမေဆုံးသွားပြီဆိုတော့ ရပ်ကွက်လူကြီးသွားခေါ် လိုက်ဦးမယ်"

ထိုသို့ပြောပြီး ဒေါ်ငြိမ်းမယ်က အိမ်အောက်သို့ဆင်းသွား ခဲ့သည်။

"အမေ…စိတ္တဇဝေဒနာရှင်ဘဝနဲ့ရှိနေပေမယ့် သားက ပြုစုနိုင်သေးတယ်၊ အမေရှိနေသေးတယ်ဆိုတဲ့အသိနဲ့ သားမှာ အင်အားအပြည့်ရှိခဲ့တယ်၊ အခုတော့…အမေမရှိတော့ဘူး၊ သား တစ်ယောက်တည်း ထားခဲ့ပြီလားအမေရယ်"

မင်းမောင်က အမေ့အလောင်းကိုကြည့်ရင်း ဝမ်းနည်း ကြေကွဲစွာမြည်တမ်းလိုက်သည်။ အခုမှ တကယ်ပင်အထီးကျန် ဆန်ခဲ့သည်။ မိဘနှစ်ပါးကလည်းမရှိ၊ ညီအစ်ကိုမောင်နှမဟူ၍ လည်းမရှိ။ တစ်ကောင်ကြွက်တစ်မျက်နှာဘဝသို့ နေ့ချင်းညချင်း ရောက်ခဲ့သည်။





"ဟော…ရပ်ကွက်လူကြီးတွေလာပြီ"

အမေဆုံးပြီလို့ သတင်းကြားလိုက်သည့်အတွက် ရပ်ကွက်လူကြီးများ အိမ်ပေါ်သို့တက်လာကြသည်။ သူတို့အမေ့ အလောင်းကိုပြင်ဆင်ပေးခဲ့သည်။ မင်းမောင်၏အိမ်ကလေးမှာ နေ့ချင်းညချင်း အသုဘအိမ်ကလေးဖြစ်သွားခဲ့သည်။ ယခုတော့ အဖေရော‌အမေပါမရှိတော့ပြီ။ မိသားစုသုံးယောက်ဖြင့် ပျော်ရွှင်စွာ နေခဲ့သော မင်းမောင်ဘဝတွင် ပျော်ရွှင်စရာများပျက်စီးခဲ့လေပြီ။

မင်းမောင် လွန်စွာစိတ်မချမ်းသာ ဖြစ်သွားခဲ့သည်။ သည်ညမှာ သူငယ်ချင်းများ၏အဆွယ်ကောင်းမှုကြောင့် တစ်ခါမျှ မသောက်ဘူးသည့်အရက်ကို စတင်သောက်ခဲ့သည်။ ထိုညက တစ်ညလုံးမူးနေသည်။ အမေ့အလောင်း မြေချသည့်နေ့က ရင်မှာ ဆို့နင့်လာပြီး မျက်လုံးထဲတွင် အမိုက်မှောင်ဖုံးကာ သတိလစ်ပြီး လဲကျသွားခဲ့သည်။

နောက်ဆုံး အမေမည်သို့မြေကျသွားသည်ကိုပင် မသိ လောက်အောင်ပင်။ အရပ်ကောင်း၍ အလောင်းလှသည်ဟုဆိုရပေ မည်။ စာကြည့်တိုက်မှ စာရေးကြီးက ဦးဆောင်ဦးရွက်ပြုကာ



www.burmeseclassic.com

www.burmeseclassic.com



အမေ့ရှာပနကို ကောင်းကောင်းမွန်မွန်မြေကျအောင် ဆောင်ရွက်ပေးခဲ့သည်။ စာရေးကြီးသည် အသုဘရက်အတွင်း မှုးနေသော မင်းမောင်ကို မည်သို့မျှမပြောခဲ့ပေ။ ရက်လည်ပြီးနောက်ပိုင်းတွင် မင်းမောင်အားခေါ်၍…

"မင်းမောင် မင်းတစ်ယောက်တည်းဖြစ်နေရင် ငါ့အိမ်မှာလာနေ"

မင်းမောင်မှာ မိဘသဖွယ်လည်းဖြစ်၊ ဌာနအကြီးအကဲလည်းဖြစ်သည့် စာရေးကြီးအိမ်၌ လိုက်၍နေခဲ့သည်။ သူ၏အိမ်ကလေးကို ငှားထားပြီး စာရေးကြီးအိမ်၌ ထမင်းလခပေးကာစားခဲ့သည်။ ထို့အပြင် ညစောင့်အလုပ်ရှိနေသဖြင့် တစ်ဝမ်းတစ်ခါးအတွက် မပူပင်ရချေ။ သို့ပေမဲ့ နေ့စဉ်နေ့တိုင်း အမေ့အတွက် သောကမျက်ရည် ဖြိုင်ဖြိုင်ကျခဲ့သည်။

"ငါ့မှာ ပိုက်ဆံမရှိလို့ အမေ့ကို ဆေးကောင်းကောင်း မကုနိုင်ဘူး၊ ဒါကြောင့် အမေ စောစောစီးစီးသေရတာ"

"ငါဟာ တာဝန်မကျေတဲ့သားတစ်ယောက်ပဲ"

မင်းမောင်မှာ ကိုယ့်ကိုကိုယ်လည်း အပြစ်တင်မိသည်။





မကျေမနပ်ဖြစ်မိသည်။ နေ့ခင်းဘက်အချိန်တွေ အားနေသည့်အတွက် ယမင်းကိုသတိရမိသည်။

"ယမင်း…ယမင်း ဘယ်များရောက်နေသလဲကွယ်၊ စာအဆက်အသွယ် ပြတ်ခဲ့တာလည်း နှစ်ပေါင်းအတော်ကြာပြီ"

ယမင်းမှာ ရန်ကုန်သို့ပြောင်းသွားပြီးမှ စာတစ်စောင်နှစ်စောင်ခန့်ရေးခဲ့သည်။ မင်းမောင်ကမူ သူမပေးသည့် လိပ်စာဖြင့် စာအကြိမ်ကြိမ်ရေးခဲ့သည်။ ယမင်းထံမှ စာနှစ်စောင်သာရခဲ့သည်။

ထို့နောက် မြစ်ဝကျွန်းပေါ်သို့ ပြောင်းရမည်ဟူ၍စာလာပြီးနောက်ပိုင်းတွင် ယမင်းနှင့် စာအဆက်အသွယ်ပြတ်သွားခဲ့သည်။ ယမင်းကို သတိရတမ်းတနေသော်လည်း ယမင်းတစ်ယောက် မည်သည့်အရပ်သို့ ရောက်နေမှန်းပင်မသိခဲ့ပေ။

မင်းမောင်သည် ယမင်းနှင့်ခွဲခွာရသောအချိန်တွင် ရင်ထဲမှအသည်းနှလုံးများ ကြွေကျသွားသလို ခံစားခဲ့ရသည်။ ယခု အမေနှင့်ခွဲခွာရသည့်အချိန်မှာလည်း ပြင်းပျသောဝေဒနာတစ်ရပ်ကိုခံစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုစိတ်ဆင်းရဲမှုမျိုးနှင့် ဘဝကိုဆက်လက်မရှင်သန်လိုပါ။ ယမင်းကိုလွမ်းတော့ သူ့ကိုစိတ်ကမှန်းပြီး ကဗျာတွေအများကြီးရေးဖြစ်ခဲ့သည်။

"ကဗျာဆိုတာဟာ ငါ့ရဲ့ရင်တွင်းခံစားချက်တွေပဲ၊ ငါခံစားရသမျှ ရင်ဖွင့်ရေးမယ်၊ ယမင်းကိုချစ်သမျှ လွမ်းသမျှတွေဟာ စာစီပြီးရေးတာတောင် ရေးဖွဲ့လို့မကုန်ဘူး၊ ဒါကြောင့် ရှေးစာဆိုရှင်တွေက 'အာကာကိုလွှာပုံပြုလို့ သမုဒ်ကိုမှင်ရေဖျော်' လို့ အတိသယရုပ္ပတ္တိနဲ့ စာဖွဲ့ခဲ့ကြတာကိုး"

သည်လိုနှင့် ရင်တွင်းခံစားချက် ကဗျာတို၊ ကဗျာရှည်များကို ရေးသားခဲ့သည်။ ထို့နောက် နေ့အချိန်အားလပ်နေသည့်အတွက် စောင်းဆရာကြီး ဦးသန်းထံတွင် စောင်းတီးသင်ခဲ့သည်။ ဦးသန်းသည် သီချင်းကြီး၊ သီချင်းခန့်၊ ယိုးဒယား စသည့်သီချင်းများ၊ မဟာဂီတမှသီချင်းများကို ကောင်းစွာသင်ကြားခဲ့သည်။

ထို့နောက် အနောက်တိုင်းဂီတ သင်္ကေတများကိုလည်း လေ့လာလိုက်စားခဲ့သည်။ သူသည်ဂီတကိုအလွန်ဝါသနာပါသည့်အလျောက် သူ၏စိတ်ကိုဂီတတွင်နှစ်မြှုပ်ထားလိုက်သည်။ တစ်စ





ဘစ်စနှင့် ဂီတသင်္ကေတ၊ သံစဉ်များကိုလိုက်စားခဲ့သောအခါ သူသည် တေးသီချင်းများကို ကိုယ်တိုင်ရေးစပ်လိုစိတ်များ ကိန်းအောင်းလာခဲ့သည်။

စိတ်အလိုအတိုင်း တေးသီချင်းများကို ရေးစပ်ခဲ့သည်။ ပြီးနောက် အဆိုတော်အချို့ကို ပြကြည့်ခဲ့သည်။

"အစ်ကို ဒီသီချင်းလေးက ကျွန်တော်ရေးထားတာပါ၊ ကောင်းမကောင်း ဝေဖန်ပေးပါ"

"မှန်းစမ်း ဖတ်ကြည့်ဦးမယ်"

တစ်ချို့က ဖတ်ကြည့်မည်ဟုပြောပြီး သိမ်းထားသည်။ သီချင်းစာရွက်ကိုပင် ပြန်မပေးတော့ပေ။

တစ်ချို့ကလည်း . . .

"ဒီသီချင်းကို ကလေးတောင်စပ်တတ်တယ်၊ မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင်နို့စို့မယ်ဆိုတဲ့ ကလေးသီချင်းအဆင့်လောက်ပဲရှိတယ်၊ ဒီအတိုင်းသွားရင် ဘယ်လိုမှမအောင်မြင်နိုင်ဘူး"

သည်လို နှိမ့်နှိမ့်ချချပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ဝါသနာကိုမစွန့်လွှတ်နိုင်ခဲ့ပေ။

"ဘာပဲဖြစ်ဖြစ် တစ်နေ့မှာ ငါဟာအောင်မြင်တဲ့ ဂီတစာဆိုဖြစ်အောင်ကြိုးစားမယ်"

သည်လို သံန္နိဋ္ဌာန်ချကာ တေးသီချင်းများကို ရေးစပ်ခဲ့သည်။ သီချင်းရေးရင်း လေးငါးနှစ်တည်းဟူသော အချိန်တွေကုန်ဆုံးခဲ့သည်။ သူ့ဘဝကား မည်သို့မျှမရေရာ၊ မသေချာ၊ ရှုန်းကန်ရင်းနှင့် နစ်မြုပ်နေသည့်ဘဝမျိုးပင်။

"ငါတော့ ဒီအတိုင်းနေလို့ ဘာမှတိုးတက်မှာမဟုတ်ဘူး၊ ဒီအိမ်ကလေးကိုရောင်းပြီး၊ ရန်ကုန်ကိုသွားမယ်၊ ရန်ကုန်မှာ ရရာအလုပ်ကိုဝင်လုပ်ပြီး ငါအင်မတန်ဖြစ်ချင်တဲ့ ဂီတစာဆိုအလုပ်ကိုဖြစ်အောင်လုပ်မယ်"

ထိုသို့စိတ်ကူးကာ စာရေးကြီးအားတိုင်ပင်ခဲ့သည်။

"ဦးလေး ကျွန်တော်တော့ ဒီအတိုင်းဆက်နေသွားရင် ဘာမှတိုးတက်မှုရှိမှာမဟုတ်ဘူး၊ ဒါကြောင့် ညစောင့်အလုပ်ကထွက်မယ်၊ အိမ်ကိုလည်းရောင်းလိုက်ပြီး ရန်ကုန်ကိုသွားမယ်၊ ဂီတစာဆိုတစ်ယောက်ဖြစ်အောင် ကြိုးစားချင်တယ်"





"အေးလေ မင်းအမေမရှိကတည်းက အတူနေလာခဲ့တာအခုဆိုလေးငါးနှစ်တောင်ရှိပြီ၊ ငါလည်း မင်းအပေါ်မှာသံယောဇဉ်တွယ်မိပါတယ်၊ တကယ်တော့ ငါ့တူငါ့သားလိုသဘောထားပြီး ခေါ်သွားပါနဲ့လို့တားချင်ပါတယ်၊ ဒါပေမယ့် မင်းရဲ့အညွန့်တလူလူဝေနေတဲ့ဘဝကို ရိုက်ချိုးသလိုဖြစ်မှာစိုးလို့ မတားတော့ပါဘူး၊ မင်းစိတ်ကြိုက်လုပ်ပါ"

"ကောင်းပါပြီဦးလေး"

စာရေးကြီးနှင့်တိုင်ပင်ပြီးနောက် သူ၏စိတ်ကူးကို အကောင်အထည်ဖော်လိုက်သည်။ မိဘလက်ငုပ်လက်ရင်းဖြစ်သော အိမ်ကလေးကို ဈေးပေါပေါဖြင့်ရောင်းချလိုက်သည်။ ယခင်က လူငှားထားစဉ်က ထိုအိမ်ကလေးကို ခေတ္တမျှသာစွန့်လွှတ်ခဲ့ရသော်လည်း ယခုရောင်းပြီးချိန်တွင် ဤအိမ်ကလေးကို အပြီးအပိုင်စွန့်လွှတ်ခဲ့ရလေပြီ။

လွယ်အိတ်တစ်လုံးနှင့် အဝတ်အစားအနည်းငယ်ထည့်ပြီး ပခုံးတွင်လွယ်လိုက်သည်။ သည်ရေသည်မြေနှင့် ခွဲခွာရတော့မည်ဖြစ်၍နောက်ဆုံးအနေဖြင့် သည်အိမ်ကလေးကို လာကြည့်ခဲ့သည်။ သည်အိမ်ကလေးကို ဝယ်လိုက်သည့် မိသားစုမှာ ဇနီးမယားသားသမီး



www.burmeseclassic.com

www.burmeseclassic.com



သားနှင့် ပျော်ရွှင်စွာရယ်မောနေသည်ကို တွေ့လိုက်ရသည်။

"ဩော် . . .တစ်ချိန်တုန်းက ငါလည်းသူတို့လိုပဲ ပျော်ရွှင်တဲ့မိသားစု အသိုက်အမြုံကလေးထဲမှာ ချမ်းမြေ့စွာနေထိုင်ခဲ့တာပါ၊ မင်းတို့လည်း ပျော်ရွှင်ပါစေ၊ အေးချမ်းပါစေ"

သည်ဆုတောင်းရပေမယ့် မင်းမောင်ရင်ထဲမှာ မချိပါ။ ဝေ့ဝဲလာသည့် သောကမျက်ရည်ကို မကျအောင်ထိန်းရင်း သည်အိမ်ကလေးက နှုတ်ဆက်ခွဲခွာခဲ့ရသည်။

"အမေရောအဖေပါမရှိတော့ ငါတွယ်တာစရာဆိုလို့ အသက်ရှင်ကျန်ရစ်နေတဲ့ ယမင်းတစ်ယောက်ပဲရှိတော့တယ်"

"ယမင်းကို မတွေ့တွေ့အောင်ရှာမယ်"

"ယမင်းနဲ့တွေ့ရင် ငါဘယ်လောက်ချစ်ကြောင်း၊ လွမ်းကြောင်းတွေကို တစ်ဝကြီးပြောမယ်၊ ပြီးရင် သူနဲ့လက်ထပ်ပြီး သာယာချမ်းမြေ့တဲ့ဘဝတစ်ခုကို ထူထောင်မယ်"

သည်လိုတွေးရင်း သူ့ဘဝမှာ ရည်ရွယ်ချက်အပြည့်နှင့် မန္တလေးမြို့မှရန်ကုန်မြို့သို့ ထွက်ခွာလာခဲ့ပါသည်။

❖ ❖ ❖ ❖ ❖





## အခန်း (၃)

## နှစ်ပေါင်းခုနစ်ရာ ချစ်မေတ္တာ

မန္တလေးမှရန်ကုန်သို့ မောင်းနှင်လာသော ရထားပေါ်၌ မင်းမောင်လိုက်ပါလာခဲ့သည်။

"တစ်ခါတုန်းက ယမင်းတို့မိသားစု မန္တလေးကရန်ကုန်ကို ပြောင်းသွားခဲ့တယ်၊ ဒီလိုရထားကြီးစီးသွားစဉ်တုန်းက ငါဟာ သူတို့နဲ့အရမ်းလိုက်ချင်ခဲ့တယ်၊ အခုတော့ ငါဒီလိုရထားကြီးစီးပြီး လိုက်လာခဲ့ပြီ၊ ဒါပေမယ့် အချိန်ဆိုတဲ့အရာဟာ ကွာခြားသွားခဲ့ပြီ၊ ယမင်းကို ဒီတစ်သက်မှာ ပြန်တွေ့မှတွေ့ရပါ့မလား"

"တွေ့ရင်ရော သူ့မှာပိုင်ဆိုင်သူရှိနေမလား"

အတွေးတွေကယောက်ယက်ခတ်ပြီး မရေရာမသေချာသည့်ခရီးကိုထွက်ခွာလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားကြီးကားခုတ်မောင်းနေဆဲ…

သူ၏အတွေးများကလည်း ဂျုံလွင့်နေဆဲ…

နောက်တော့ သူ၏မျက်ခွံများလေးလံလာပြီး အိပ်ချင်လာသည်။ မေးကနဲအိပ်ပျော်သွားလိုက်၊ ပြန်နိုးလာလိုက်နှင့် ဘူတာစဉ်များကိုဖြတ်သန်းခဲ့သည်။

နောက်ဆုံးတော့ ကွမ်းခြံဘူတာကြီးတွင် ရထားကြီးဆိုက်ရောက်ခဲ့သည်။ (မှတ်ချက်။ ။ ကွမ်းခြံဘူတာကြီးဆိုသည်မှာ ယခုရန်ကုန်ဘူတာကြီးပင်ဖြစ်သည်။)

ရထားဆိုက်သည်နှင့် ခရီးသည်များ၊ ဆိုက်ကားသမားများ ဖြင့်ဆူညံနေသည်။ မင်းမောင်မှာ လွယ်အိတ်ကလေးကို ပုခုံးထက်တွင်လွယ်ကာ မင်္ဂလာတောင်ညွန့်ရပ်ကွက်ရှိ ဦးလေးတော်သူ ကျောင်းထိုင်ဘုန်းကြီးဦးသီလသီတင်းသုံးသော မင်္ဂလာမာန်အောင် ကျောင်းတိုက်ဆီသို့ လမ်းလျှောက်သွားခဲ့သည်။ ကျောင်းသို့ရောက် သွားသောအခါ ဘုန်းတော်ကြီးသည် မင်းမောင်ကို ရုတ်တရက် မမှတ်မိပေ။

"အရှင်ဘုရား တပည့်တော်ကို မှတ်မိပါရဲ့လား ဘုရား"





"သိပ်မမှတ်မိဘူးကွဲ့ မင်းဘယ်သူတုန်း"

"မန္တလေးက ဦးချစ်မြရဲ့သား မင်းမောင်ပါဘုရား"

"ဒါဆို ငါ့အစ်ကိုရဲ့သား ငါ့တူပေါ့"

"မှန်ပါတယ်ဘုရား"

"မင်းတို့နဲ့ ငယ်ငယ်လေးကတည်းက ကွဲသွားတော့ ဘယ်မှတ်မိပါ့မလဲ၊ မင်းတို့က လူကြီးလုံးလုံးဖြစ်နေတာကိုး"

"တင်ပါ့ဘုရား"

"ဒါနဲ့ ငါ့အစ်ကိုရော နေကောင်းရဲ့လား"

"အဖေရောအမေပါ ကွယ်လွန်သွားကြပါပြီဘုရား"

"အင်း…တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ် မရှိတော့ ဘာသတင်းမှမကြားရဘူး၊ ငါ့ရဲ့နောင်တော် ကွယ်လွန် တာတောင်မသိဘူး"

"မှန်ပါ့ဘုရား၊ တပည့်တော်တို့လည်း ဘယ်သူ့မှ အကြောင်းမကြားဖြစ်တာလည်း ပါပါတယ်ဘုရား"

"အိမ်း…ဒီလမ်းက လူတိုင်းသွားရမယ့်လမ်းပဲကွဲ့"

"တင်ပါ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဒကာလေးက ဒီကိုလာတာ အကြောင်းထူးများ ရှိသလားကွဲ့"

"တင်ပါ့ဘုရား၊ တပည့်တော်လည်း မန္တလေးမှာမနေချင်လို့ အိမ်ရောင်းလာခဲ့ပါတယ်ဘုရား၊ ရန်ကုန်မှာ အလုပ်တစ်ခုခု လုပ်ချင်လို့ အရှင်ဘုရားကျောင်းမှာ တည်းခိုချင်လို့ပါဘုရား"

"အေးပေါ့ ရန်ကုန်မှာ ဆွေမျိုးဆိုလို့ဘုန်းကြီးပဲရှိတာဆိုတော့ ဘုန်းကြီးကျောင်းမှာ နေချင်သလောက်နေခွင့်ပေးပါတယ်"

"ကျေးဇူးတင်ပါတယ်ဘုရား"

ဤသို့ဖြင့်မင်းမောင်မှာ ဦးလေးတော်သူ၏ဘုန်းတော်ကြီးကျောင်း၌ နေထိုင်ခွင့်ရရှိခဲ့သည်။ မင်းမောင်ကား နဂိုကပင်သူတစ်ပါး၏ အလိုလိုက်အကြိုက်သိသူဖြစ်၍ ဘုန်းတော်ကြီးအား ညဘက်တွင် ခြေဆုတ်လက်နယ်ပြုပေးခြင်း၊ စကားစမြီပြောပေးခြင်းတို့ကြောင့် ဘုန်းတော်ကြီးကလည်း သူ့အား အထူးပင်ချစ်ခင်ခဲ့သည်။

မင်းမောင်သည် ဘုန်းတော်ကြီးကျောင်း၌ နေထိုင်ကာ





ဘုံရာကျဘမ်းအလုပ်ကို ဝင်လုပ်ခဲ့သည်။ ညအချိန်တွင် ဆားသီချင်းများကို ရေးခဲ့သည်။ တစ်နေ့သော် ဘုန်းတော်ကြီးမှ...

"ဒကာလေး ညဘက်ညဘက်မှာ ဒကာလေးအခန်းက း အိမ်ထွန်းထားတာတွေ့တယ်၊ ည ညမအိပ်ဘဲ ဘာလုပ်နေတာ လဲ"

"တပည့်တော် သီချင်းစပ်နေတာပါဘုရား"

"ဘာအတွက် သီချင်းစပ်နေတာလဲ"

"တပည့်တော်က နာမည်ကြီး ဂီတစာဆိုတစ်ယောက် ဖြစ်ချင်လို့ပါဘုရား"

"အိမ်း...မင်းက အနုပညာဝါသနာပါတယ်နဲ့တူတယ်၊ ဂီတစာဆိုဆိုတာ အနုပညာစိတ်ဓာတ်ကိုအခြေခံပြီး စာသား တွေက အနုအလှတွေနဲ့ဖွဲ့ကြတာပဲ၊ အခုခေတ်ကတော့ သီချင်း အမျိုးမျိုးစပ်ပြီး သီဆိုနေကြတာပဲ"

"မှန်ပါဘုရား"

"တပည့်တော်က သီချင်းကြီး၊ သီချင်းခန့်၊ ကြိုး၊ ဦးဒယားစတဲ့ ရှေးခေတ်သီချင်းများကို စနစ်တကျသင်ယူ



www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်ထားပါတယ်ဘုရား၊ ဒါကြောင့်လည်း တပည့်တော် ဝါသနာပါတဲ့ ဂီတလောကထဲကို ဝင်ရောက်ဖို့ကြိုးစားနေတာပါ ဘုရား"

"အင်း…အလုပ်တစ်ခုဟာ ဝါသနာပါရုံနဲ့မပြီးသေးဘူး၊ ထွန်းပေါက်အောင်မြင်ဖို့ဆိုတာ ဆန္ဒလွန်ကဲပြီး ကြိုးစားအားထုတ်မှဖြစ်တာ"

"တင်ပါ့ဘုရား တပည့်တော်လည်း ဂီတလောကမှာ အောင်မြင်အောင် ကြိုးစားအားထုတ်ပါ့မယ်ဘုရား"

ဤသို့ဖြင့် မင်းမောင်သည် သီချင်းစပ်ရာတွင် အထူးအားထုတ်ကြိုးစားခဲ့သည်။

ခေတ်ပေါ်တေးများကို နားထောင်သည်။ လူကြိုက်များသည့် တေးသီချင်းကို ပိုမိုဂရုတစိုက်နားထောင်ကာ ဘယ်သံစဉ်ဘယ်ကီးဖြင့် မည်သို့တီးခတ်သွားသနည်း။ အဆိုရှင်က ဘယ်လိုသီချင်းမျိုးကိုအာတွေ့သနည်း စသည်တို့ကိုမှတ်သားကာ စကားလုံးအနုအလှ၊ သံစဉ်ညီညာမှု၊ အဆိုရှင်အတွက် အဆွဲအငင်ကောင်းစေမည့် တေးသွားများကို သူရေးစပ်ခဲ့သည်။





ပြီးတော့ သူသီဆိုကြည့်သည်။ မကောင်းသည့်အချက်များတွေ့လျှင် ပြန်ပြင်ရေးခဲ့သည်။ သူ့စိတ်ကြိုက်မတွေ့မချင်း ပြင်ဆင်ကာ စိန်ပြေနပြေရေးစပ်ခဲ့သည်။

လက်ရွေးစဉ်သီချင်းများ ရလာသောအခါ ရန်ကုန်မြို့ရှိ ခေတ်ပြားထုတ်သည့်ကုမ္ပဏီများသို့သွားကာ သူ့သီချင်းများကို တင်ပြခဲ့သည်။ သို့သော် စီးပွားရေးသမားများကား နာမည်မရှိသေးသည့် အစိမ်းသက်သက်ဖြစ်သော သူ့ကို အထင်မကြီးခဲ့ပေ။

ကုမ္ပဏီတိုင်းက လက်မခံဘဲငြင်းပယ်ခဲ့သည်။

မင်းမောင်က စိတ်ဓာတ်မကျပါ။

"တစ်နေ့မှာ ငါဟာအောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ရမယ်"

"ဘယ်လောက်ပဲ ခက်ထန်ကြမ်းတမ်းပါစေ၊ အနုပညာလမ်းကို ငါလျှောက်မယ်"

အမှန်တော့ အမှီမရှိသော အနုပညာရှင်များ၏ လျှောက်ရာလမ်းသည် ခက်ခဲကြမ်းတမ်းလှပေသည်။ ပညာရှိသော်လည်း ငွေမရှိသည့်အနုပညာရှင်ကို စီးပွားရေးသမားများက မိမိငွေ



www.burmeseclassic.com

www.burmeseclassic.com



အကုန်ခံပြီး နာမည်တစ်လုံးဖြစ်အောင်ပေးရန် မလွယ်ကူသည့် အလုပ်ပင်ဖြစ်သည်။

နာမည်ရှိသူကို ငွေကုန်ကြေးကျခံကာ ဓာတ်ပြားထုတ်ပေးခြင်းဖြင့် သေချာသည့်ငွေကို ရရှိပေမည်။ မသေချာသည့်ငွေကိုထုတ်ရင်းရန် သိပ်စိတ်မဝင်စားပေ။ သို့သော် အချို့သောသူများအား အနည်းအကျဉ်း စိတ်ဝင်စားမှုရှိသည်။ အလားအလာကောင်းသူကို လက်သပ်မွေးကာ အမျှော်အမြင်ဖြင့် ပြုစုပျိုးထောင်ပေးသူလည်းရှိသည်။

သည်နေ့အဖို့ ကံကောင်းသည်ဟူ၍ဆိုရမလားမသိ။

ဓာတ်ပြားထုတ်လုပ်ရေးကုမ္ပဏီမှ ကုမ္ပဏီပိုင်ရှင်မှဆိုးဖို ဦးမြမောင်နှင့်ညီမမိသားစုတို့က မင်းမောင်၏ဦးလေး ဘုန်းတော်ကြီးထံ ဆွမ်းလာကပ်သည်။

"အရှင်ဘုရား…တပည့်တော်အသက်လေးဆယ့်ငါးနှစ်ပြည့်မွေးနေ့ဖြစ်လို့ ဆွမ်းလာကပ်ပါတယ်ဘုရား"

"အိမ်း…ကောင်းပေစွ"

"အရှင်ဘုရား…တပည့်တော်ကို အသက်ရှည်ကျန်းမာအောင်၊ ဓာတ်ပြားတွေလည်း အများကြီးရောင်းရအောင် ဆုပေးပါဘုရား"

"ကဲ…အသက်ရှည်အနာကင်းပြီး ဘေးဘယာဝေးကွာကာ ဓာတ်ပြားများများရောင်းရပါစေ ဒကာကြီး"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဘုရား"

ဘုန်းတော်ကြီးနှင့် ဦးမြမောင်တို့သည် စကားစပ်မိရင်း ဓာတ်ပြားအကြောင်းသို့ရောက်သွားခဲ့သည်။

"ဒကာကြီးက ဓာတ်ပြားကုမ္ပဏီဆိုတော့ ဘာတွေလုပ်ရသလဲ"

"တပည့်တော်က ဂီတစာဆိုဆီမှာ သီချင်းတွေဝယ်ရပါတယ်ဘုရား၊ ပြီးတော့ အဆိုတော်ငှားပြီး သီချင်းတိုက်ရပါတယ်ဘုရား၊ အားလုံးစိတ်ကြိုက်ဖြစ်ပြီဆိုတော့မှ ဓာတ်ပြားထဲမှာ အသံသွင်းရပါတယ်ဘုရား"

"ဟော…ဒါဆို မင်းမောင်အတွက် ဟန်ကျလိုက်လေ"

"ဘာဖြစ်လို့လဲဆိုတာ မိန့်တော်မူပါဦးဘုရား"

"ကျုပ်ရဲ့တူကမန္တလေးကပဲ သူကဂီတစာဆိုတစ်ဦးပေါ့၊







www.burmeseclassic.com

www.burmeseclassic.com



သူက သီချင်းတွေရေးစပ်ထားတယ်၊ အဲဒီသူ့သီချင်းတွေကို ကြိုက်ရင် ဓာတ်ပြားထုတ်ပေးစေချင်တယ်"

"အရှင်ဘုရား အဲဒီသီချင်းခွေကို တပည့်တော်ကြည့်ချင်ပါတယ်ဘုရား"

"ဒါဆို မင်းမောင်ကို ခေါ်လိုက်စမ်း"

မင်းမောင်ရောက်လာသောအခါ ဘုန်းတော်ကြီးမှ မိတ်ဆက်ပေးခဲ့သည်။

"မင်းမှာ စပ်ပြီးသား သီချင်းတွေရှိတယ်ဆို"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ပြစမ်းပါဦး"

"သီချင်းစာသားလည်းပြမယ်၊ ကိုယ်တိုင်လဲမယ်ဒလင်နဲ့ သီဆိုပြပါ့မယ်"

ပြောပြောဆိုဆို မင်းမောင်က သူစပ်ထားသည့်သီချင်းများကိုမယ်ဒလင်နှင့်တီးပြလိုက်သည်။

မင်းမောင်သည် စောင်းကိုကျွမ်းကျင်စွာ တီးတတ်သလို မယ်ဒလင်ကိုလည်း ပိုင်နိုင်စွာတီးခတ်နိုင်သည်။ အသံအနေထား





ကလည်းအဆွဲအငင်ကောင်းမွန်သည့်အတွက် သူစပ်ထားသည့် တေးသီချင်း ကိုသီဆိုရုံနှင့် ဦးမြမောင်မှာ နားဝင်ချိုသွားခဲ့သည်။ သီချင်းအဆုံးတွင်....

"ဖြောင်း"

"ဖြောင်း"

"ဖြောင်း" လက်ခုတ်တီးပြီးဂုဏ်ပြုခဲ့သည်.

"မင်းစပ်ထားတဲ့သီးချင်းလေးကအရမ်းကောင်းတာပဲ"

"ဒါဆိုရင် ဆရာတို့ဓာတ်ပြားကုမ္ပဏီနဲ့ အဆင်ပြေနိုင်လား"

"အဆင် ပြေဖို့တော့များပါတယ် ဒါဆိုရင်ဒီလိုလုပ်ပါ"

"ပြောပါ"

"မနက်ဖြန်ညနေမှာ ကင်းဘဲလ်လမ်းက ဆရာ့အိမ်ကို လာခဲ့ပါ သီချင်းတွေလည်း ယူလာခဲ့ပါ"

"ဟုတ်ကဲ့ပါ"

ရှာတော့မတွေ့ မရှာတော့တွေ့ဟူသောစကားပုံနှယ်ဓာတ်ပြားပိုင်ရှင်များကိုရှာစဉ်က ငြင်းပါယ်သူများနှင့်သာ ကြုံတွေ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခုလိုမရှာတော့ သူ့ရီရာဘုန်းတော်ကြီးသို့ ခတ်ပြား ပိုင်ရှင် ဦးမြမောင်တစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက် လာခဲ့သည်။

နောက်တစ်နေ့ ညနေစောင်းတွင်

ဦးမြမောင်ပေးထားသည့် လိပ်စာအတိုင်း ကင်းဘဲလ် လမ်းရှိ ဦးမြအောင်အိမ်သို့ သွားခဲ့သည်။ ဦးမြမောင်၏ခြံကြီးမှာ ကျယ်ဝန်းလှပြီး ခြံတံခါးဖွင့်ထားသည့်အတွက် ခြံထဲသို့ဝင်မည် ပြုစဉ်…

"တီ…တီ…တီ"

ဟူသော ကားဟွန်းသံကို ကြားရသဖြင့် နောက်သို့လှည့် ကြည့်ရာ ကားနောက်ခန်းမှ ပါလာသော အမျိုးသမီးက…

"ရှင်လမ်းသွားတာ ဘယ်လိုသွားနေတာလဲ"

ဟူ၍ ဟိန်းဟောက်လိုက်သည်။ မင်းမောင်မှာ အံ့ဩစွာ လှမ်းကြည့်ပြီး…။

"ကျွန်တော်က ခြံထဲဝင်လာတာပဲ၊ ဘာမှားလို့လဲ"

"ခြံထဲဝင်တာတော့ရှင်ပြောမှလား၊ ဘေးက ကပ်မသွား





ဘဲ အလယ်ကသွားတော့ ကျွန်မရဲ့ကားက ဘယ်နေရာက မောင်းရမှာလဲ"

"ဩော် …ဒါများအမိရယ်၊ လမ်းဘေးနားက ကပ်သွား ပါလို့ပြောလဲ ရတာပဲ"

"စကားတွေ အပိုမပြောမနေနဲ့ အခုတောင် လမ်းဘေး ကပ်ပြီး မသွားဘူး"

"မသိလို့ပါဗျာ၊ လမ်းဘေးကပ်ပြီး သွားပါမယ်"

"ဟင်း…ဘယ်လိုလူနဲ့ လာတွေ့နေသလဲ မသိဘူး၊ ကဲ …ဒရိုင်ဘာ မောင်း"

"ဟုတ်ကဲ့ မမလေး"

မင်းမောင်၏နံဘေးမှကပ်ပြီး ကားမောင်းသွားခဲ့သည်။

"ဟွန်း…မမလေးတဲ့ တော်တော်မာနကြီးမယ့်ပုံပဲ"

မင်းမောင်က ဤသို့မှတ်ချက်ချလိုက်သည်။ မမလေး ဆိုသူကလည်း အဝတ်အစား မသားနားသော အင်္ကျီခပ်နွမ်းနွမ်း နှင့် လွယ်အိတ်လွယ်ထားသည့် မင်းမောင်ကို အထင်သေးစွာ လှမ်းကြည့်ရင်း ကားပေါ်၌ ပါသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမလေးဆိုသူ၏ကားက ဆင်ဝင်တွင် ရပ်လိုက်သည်။ ပြီးတော့ အဝတ်အစား သစ်လွင်လှပစွာ ဝတ်ထားသည့် မိန်းမပျိုတစ်ဦးဆင်းလာပြီး အိမ်ထဲသို့ ဝင်သွားခဲ့သည်။

မင်းမောင်လည်း သူ့နောက်မှလိုက်၍ အိမ်ထဲသို့ဝင်လိုက်ရာ…

"အဆိုတော်ကြီး ပျောက်နေတာကြာပြီ၊ ဘယ်က လှည့်လာတာလဲ"

"မပျောက်ပါဘူးရှိပါတယ်ရှင်၊ အလုပ်ကလေး နည်းနည်းများနေလို့ မရောက်ဖြစ်တာပါ၊ ကဲ…အခု ဘာထူးသေးသလဲ"

"ထိုင်ပါဦးဗျာ … အေးအေးဆေးဆေးပေါ့"

သူတို့နှစ်ဦးမှာ အချီအချပြောနေသဖြင့် မင်းမောင်မှာ တံခါးဝတွင် မတ်တပ်ရပ်ရင်း ဝင်သင့်မဝင်သင့် စဉ်းစားနေပါသည်။

ထိုစဉ် ဦးမြမောင်က မင်းမောင်ကို မြင်သွားပြီး…

"ဩော်…ဆရာတော်ရဲ့တူ မဟုတ်လားကွဲ၊ အထဲကို ဝင်ခဲ့ပါ"

"ဟုတ်ကဲ့ ခင်ဗျ"

မင်းမောင်က ရိုးရိုးကုတ်ကုတ်ဖြင့် အိမ်ထဲသို့ ဝင်လာခဲ့သည်။

"မင်း … ခဏစောင့်ဦးနော်၊ ဒီမှာ နိုင်ငံကျော် အဆိုတော်ကြီး ယမင်းရွှေစင်နဲ့ စကားပြောလိုက်ဦးမယ်"

"ဟုတ်…"

ဟုတ်ကဲ့ခင်ဗျ ဟုပြောရန် ဟုတ်ဟူသောစကားဖြင့် ရပ်တံ့သွားခဲ့သည်။ ကားပေါ်က မာနကြီးသော မမလေးကို အမှတ်တမဲ့သာ လှမ်းကြည့်မိသည်။ ယခုမူ ယမင်းရွှေစင်ဟု ခေါ်လိုက်သည့်အတွက် ယမင်းဆိုသည့်အသံကြားရုံနှင့် မင်းမောင်၏ရင်ထဲတွင် တဒိန်းဒိန်း ခုန်သွားသည်။

ထို့ကြောင့် သူမ၏မျက်နှာလေးကို မသိမသာလေး ခိုးကြည့်လိုက်ရာ…။

"ဟာ…ယမင်းမှ ယမင်းအစစ်ပဲ"

ခွဲကာစက အပျိုဖျန်းကလေးဘဝမှ ခန္ဓာကိုယ်





အိုယွန်းယဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိန်သေးသွယ်လျနေသည်။ မတွေ့ရသည့် ဆယ်နှစ်တာအတွင်း အသားအရေ စိုပြေနုပျိုကာ ခန္ဓာကိုယ်အချိုးကျနေ လှပသည့် မိန်းမပျိုတစ်ဦး ဖြစ်နေသည်။

"ယမင်း…ယမင်း" လို့ အားရဝမ်းသာ အော်ဟစ်ခေါ်လိုက်ချင်သည်။ သို့ပေမယ့် မင်းမောင်ဆိုသည့် မျက်နှာမွဲစုတ်ချာနေသည့်သူတစ်ယောက်ကို လူဂုဏ်တန်များရှေ့တွင် သူ့အသိအမှတ်မှ ပြုပါ့မလား…ဟူသော အတွေးများ ဝင်လာကာ မသိဟန်ဆောင်နေလိုက်သည်။

သည်တွင် ဦးမြမောင်က ယမင်းနှင့်စကားစဖြတ်ကာ မင်းမောင်ဘက်သို့ လှည့်ပြီး…

"မင်းနာမည် ဘယ်သူ …ဦးမေ့သွားလို့"

"မင်းမောင်ပါ"

"အေး…အေး မောင်မင်းမောင် သီချင်းစာရွက်တွေ ပါရဲ့လား"

"ဟုတ်ကဲ့ခင်ဗျ"

ဦးမြမောင်က မောင်မင်းမောင်ဟု ခေါ်လိုက်သဖြင့်





ယမင်းရွှေစင်ကလည်း အံ့ဩထိတ်လန့်သလိုဖြစ်ကာ မင်းမောင်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အခြေအနေ ဂုဏ်ဒြပ်ချင်းကများစွာခြားနားသွားခဲ့ပြီမို့ မင်းမောင်က မျက်နှာကို အောက်သို့ငုံ့ထားလိုက်သည်။

ထိုစဉ် ယမင်းရွှေစင်က ထိုင်ရာမှထကာ မင်းမောင်အနားသို့ကပ်ပြီး သူ၏မျက်နှာကို သေသေချာချာကြည့်ပြီး ခရာ

"နင်…နင်…မင်းမောင် မဟုတ်လား…ငါ…ယမင်းလေ"

"ဪ…ယမင်းလား"

လွန်စွာ ဝမ်းသာအားရဖြေလိုက်ချင်သော်လည်း အခြေအနေပတ်ဝန်းကျင်ကိုကြည့်ကာ ခပ်အေးအေး ဖြေလိုက်သည်။

"ဟင် … နင်ကလည်း ဘယ်လိုဖြစ်နေတာလဲ၊ ငါ့တောင် မမှတ်မိတော့ဘူးလား"

"အချိန်တွေက ကြာပြီလေ ဆယ်နှစ်တောင်ရှိပြီဆိုတော့ ဗြုံးခနဲ မမှတ်မိလို့ပါ"

"နင်ကတော့ လုပ်ပြီ၊ ဒါနဲ့ ဦးနဲ့ ဒေါ်ဒေါ်တို့ နေကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြရဲ့လား''

''မရှိတော့ဘူး နှစ်ယောက်စလုံး ဆုံးသွားပြီ''

''ဟယ်...ဖြစ်မှဖြစ်ရလေ ငါတကယ်မသိဘူး၊ စိတ်မကောင်းလိုက်တာ''

''ဒါနဲ့ နင့်အဖေနဲ့ အမေရော နေကောင်းရဲ့လား''

''အဖေကတော့ ဆုံးသွားပြီ၊ အမေကတော့ နေကောင်းပါတယ်၊ ဒါနဲ့ အခု နင်ဘာလုပ်နေလဲ''

''ငါလား ... သီချင်းရေးဆရာလုပ်မလို့ ကြိုးစားတုန်းပဲ''

သူတို့နှစ်ဦးစကားပြောနေစဉ် ဦးမြမောင်က ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

''သူက ဂီတစာဆိုဖြစ်ချင်လို့ ကြိုးစားနေတဲ့သူပဲ၊ အခုလည်း သီချင်းတွေပါလာတယ်။ အတော်ပဲ နိုင်ငံကျော် အဆိုတော်ကြီးရဲ့ ရှေ့မှာ မောင်မင်းမောင် သီချင်းဆိုပြပါဦး''

''ဟုတ်ကဲ့ ခင်ဗျ''

မောင်မင်းမောင်သည် ဦးမြမောင်ထံမှ မယ်ဒလင်လေးကို





လှမ်းယူပြီး သူ၏ပထမဦးဆုံး သီချင်းလေးကို စတင်သီဆိုရန် မယ်ဒလင်လက်သံကလေးဖြင့် အစပျိုး တီးလိုက်သည်။

မင်းရုပ်ရည် မမြင်တာကြာပေမယ့် ×××
ငါ့ရင်မှာအစဉ်သာမြင်နေခဲ့ ××× မေ့မရတဲ့အဖြစ်တွေနဲ့
××× ရင်မှာသိမ်းလို့ထားမယ်လေ...

ကိန္နရီချောင်းခြားလို့ ×××နှစ်ပေါင်းခုနစ်ရာ
ခိုတယ်လို့ ကြားရတော့ ××× ငါလေ တကယ်ပဲ အံ့သြ
သွား ××× ဒါပေမဲ့ ငါ့အဖြစ်မှာတော့ နှစ်ပေါင်း
တစ်ထောင် မျက်ရည်များ ××× ဝေးကွာသွားတဲ့
အချစ်များ ×× နီးစေသား ××× ရင်မှာသိမ်းလို့
ထားမယ်လေ×××

''နှစ်ပေါင်းခုနစ်ရာ ချစ်မေတ္တာ'' ဆိုသည့်သီချင်းလေးကို မင်းမောင်က ခံစားချက်အပြည့်နှင့် သီဆိုသွားခဲ့သည်။

သည်သီချင်းလေးကို ကြားလိုက်ကတည်းက မင်းမောင်၏ရင်တွင်းက ခံစားချက်ကို သိသွားခဲ့သည်။ သူနဲ့ဝေးနေစဉ်က အကြောင်းများကို သူစပ်ဆိုထားခဲ့သည်။ မည်သူမျှ မသိချင်တော့



www.burmeseclassic.com

www.burmeseclassic.com



နေရမည်။ မင်းမောင်နှင့် ငယ်ရွယ်စဉ်ကတည်းက အတူနေခဲ့သည့်အတွက် သူ့သီချင်းကို ကြားရုံနှင့် ချက်ဆို နားခွက်ကမီးတောက်ခဲ့သည်။

နောက်ထပ်သီချင်းတစ်ပုဒ်က "ဝေးကွာခဲ့ပြီချစ်နှင်းဆီ" ဖြစ်သည်။ ထို့နောက် "သခင်ပြန်လာမယ့်လမ်း"

"လွမ်းကုဋေ ဝေးပါစေ"

"ပြန်လည် ဆုံတွေ့ချင်တယ်"

'ရင်ထဲက ချစ်သက်သေ"

သီချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ် သူတီးခတ်သွားခဲ့သည်။ သီချင်းများအားလုံးအဆုံးတွင် …။

"ဖြောင်း"

"ဖြောင်း"

"ဖြောင်း"

ယမင်းနှင့် ဦးမြမောင်တို့နှစ်ဦးက လက်ခုပ်ဩဘာပေးလိုက်သည်။

"မင်းမောင်ရယ် နင့်သီချင်းလေးတွေက အရမ်း





ကောင်းတာပဲ"

"ဟုတ်တယ် ယမင်းရွှေစင် သူ့သီချင်းလေးတွေက ကောင်းတော့ ယမင်းရွှေစင်နဲ့ဆိုရင် သိပ်လိုက်မယ်"

"ဒါဇာတော့ ယမင်းရဲ့ သဘောမဟုတ်ဘူးလေ၊ ဓာတ်ပြားပိုင်ရှင်ကြီးရဲ့ သဘောပေါ့၊ ရှင်က ဆိုစေချင်တယ်ဆိုရင် ယမင်းက ဆိုရမှာပေါ့ရှင်"

"ဒီလိုလဲ မပြောပါနဲ့ ယမင်းရယ်"

"ဒါကတော့ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတော့ အလုပ်ရှင်ကျေနပ်မှာ ဖြစ်မှာပေါ့"

"ဒီလိုမဟုတ်ပါဘူး ယမင်းရွှေစင်ရယ်၊ ကျွန်တော်တို့ကုမ္ပဏီအတွက် တကယ့်ကို အားထားရတဲ့ နိုင်ငံကျော် အဆိုတော်ကြီးပါဗျာ"

ထိုသို့ပြောနေစဉ် …

အနောက်တိုင်းဝတ်စုံ ဝတ်ထားသည့် အမျိုးသားတစ်ဦးရောက်လာပြီး …

"ဘာတွေများ သဘောကျနေတာလဲ အဆိုတော်ကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…လာပြန်ပြီတစ်ယောက်"

ယမင်းရွှေစင်က ထိုလူကိုကြည့်ပြီး ပြောလိုက်ရာ ထိုလူမှ…

"ယမင်းက စိမ်းစိမ်းကားကား စကားမဆိုပါနဲ့၊ တစ်ယောက်မဟုတ်ပါဘူး ကိုမိုးနောင်ပါ"

သည်တွင် ယမင်းရွှေစင်က မင်းမောင်ဘက်သို့ လှည့်ပြီး

"မင်းမောင် … သူက ဒီခေတ်ပြားတိုက်ရဲ့ ပင်တိုင်ဂီတစာဆို ကိုမိုးနောင်ပေါ့၊ ကိုမိုးနောင် သူက တက်သစ်စဂီတစာဆို ကိုမင်းမောင်တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ကိုမင်းမောင်"

"ကျွန်တော်လည်း နိုင်ငံကျော် ဂီတစာဆိုနဲ့တွေ့ရလို့ ဝမ်းသာပါတယ်"

"ဒီလောက်လည်း မဟုတ်သေးပါဘူးဗျာ စင်တော်ကတင်တဲ့အနုပညာသမားတစ်ယောက်အဆင့်ပဲ ရှိပါသေးတယ်"

ဂီတစာဆို ကိုမိုးနောင်က ရယ်ရယ်မောမောပြောလိုက်ရာ သူတို့စကားဝိုင်းကလေးမှာ စိုပြေသွားခဲ့သည်။ အတော်





ကြာကြာ စကားပြောပြီးနောက် ယမင်းက

"ဆရာ ဦးမြမောင် ယမင်းပြန်လိုက်ပါဦးမယ်"

"ကောင်းပါပြီခင်ဗျာ"

ထို့နောက် မင်းမောင်ဘက်သို့လှည့်၍…

"မင်းမောင် နင်ဘယ်ပြန်မှာလဲ ငါလိုက်ပို့မယ်"

"အေး…ပြန်မယ်လေ…ဦးနဲ့ ကိုမိုးနောင် ပြန်လိုက်ပါဦးမယ်ခင်ဗျ"

"ကောင်းပါပြီ"

သူတို့နှစ်ဦးကို နှုတ်ဆက်ကာ ဦးမြမောင်၏အိမ်မှ ထွက်လာခဲ့သည်။

"မင်းမောင် နင်ဘယ်လိုဖြစ်ပြီး ရန်ကုန်ကို ရောက်လာတာလဲ"

"ငါ့မှာ အဖေလည်းမရှိ၊ အမေလည်းမရှိတော့ မန္တလေးမှာမနေချင်လို့ ရန်ကုန်ကို ဆင်းလာခဲ့တာ၊ သီချင်းရေးဆရာလည်း လုပ်ချင်တာနဲ့"

"ဒါနဲ့ နင်ဘယ်မှာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာတောင်ညွန့်က ဘုန်းကြီးကျောင်းမှာ"

"ဟုတ်ရဲ့လားဟယ်"

"ဟုတ်ပါတယ်"

"ငါတို့ ရန်ကုန်ကိုပြောင်းပြီးတော့ နင့်ဆီကို စာရေးလိုက်သေးတယ်"

"ငါလည်း နင့်ဆီကို စာတွေအများကြီး ရေးခဲ့တယ်"

"ငါ နင့်ဆီကစာ တစ်စောင်မှမရဘူး"

ယမင်းက အံ့သြစွာ ပြောလိုက်သည်။

"ထူးဆန်းလိုက်တာ စာတွေက ဘယ်ရောက်သွားလို့လဲ"

"ဒါတော့မသိဘူး၊ ငါ့ဆီကို တစ်စောင်မှမရောက်တာတော့အမှန်ပဲ၊ ကဲ…နင့်အကြောင်းတွေ ပြောစမ်းပါဦး"

"ငါ့အကြောင်းက မလှပတဲ့ဘဝပါ၊ အဖေက ကားတိုက်ပြီးသေသွားတယ်၊ အမေက စိတ္တဇဝေဒနာရှင် ဖြစ်သွားတယ်၊ မန္တလေးမှာကုန်းဘောင် စာကြည့်တိုက်မှာ ဒရဝမ်လုပ်ခဲ့တယ်"

"ဟယ်…နင့်အကြောင်းတွေက တစ်ခုမှ မကောင်းပါ





လား"

"အေး…အခုပိုဆိုးတယ်၊ အရင်ကမှ အလုပ်ရှိသေးတယ်၊ ဒရဝမ်ရာထူးက အကြီးကြီးနော်၊ အခုတော့ အလုပ်လက်မဲ့ပေါ့"

"အလုပ်လက်မဲ့ဆိုပေမယ့် နင်ဘာမှ အားမငယ်ပါနဲ့ နင့်သီချင်းတွေကို ငါဆိုရင် နင်နာမည်ကြီး ဂီတစာဆို ဖြစ်သွားမှာပါ"

"အေးပါဟာ … နင်တို့က ဒီလောကထဲကို အရင်ရောက်နေတဲ့သူဆိုတော့ ဒီလောကအကြောင်းကို ပိုသိတာပေါ့"

"ဒီလိုပါပဲဟာ…ငါ့အသံကို ပရိသတ်က လက်ခံတော့ ထုတ်ပြားကုမ္ပဏီတွေက အပြိုင်အဆိုင် စာချုပ် ချုပ်တာပေါ့"

"ဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်းဟာ နိုင်ငံကျော် အဆိုတော်ကြီးဖြစ်သွားပြီမို့ ငါက ဂုဏ်ယူပါတယ် ယမင်းရယ်"

"ကဲ…နင်နေတဲ့ ဘုန်းကြီးကျောင်းအထိ ငါလိုက်ပို့မယ်"

"ကောင်းပါပြီ…ဒါနဲ့ နင့်လိပ်စာလည်း ပေးဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ယမင်းကို မင်းမောင်က လိပ်စာမေးလိုက်သည်။

"ငါက စမ်းချောင်း မင်္ဂလာလမ်း အိမ်အမှတ်(-) မှာ နေတယ်၊ နင်လာလည်ဦးလေ၊ အမေက နင့်ကိုတွေ့ချင်မှာ"

"ငါ့ဘဝက ကြမ်းတမ်းပြီးနိမ့်ကျတော့ နင့်အမေနဲ့ တွေ့လို့ ဖြစ်ပါ့မလား"

"နင်ကလဲဟယ်...အမေက ဒီလိုမျိုးစိတ် မရှိပါဘူး နင့်ကို ခင်ပြီးသားပဲ"

"အေးပါ...ငါလာခဲ့ပါ့မယ်"

"နင့် အိမ်ကိုလာလည်ရင်တော့ အမေက အရမ်း ဝမ်းသာမှာပဲ"

"ဟော...ဟိုရှေ့မှာ ငါနေတဲ့ ဘုန်းတော်ကြီးကျောင်းကို ရောက်ပြီ"

"အေး...ယမင်း နင်လိုက်ပို့ပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်"

"အမ်မာ နင်နဲ့ငါနဲ့ကြားမှာ ကျေးဇူးဆိုတာများ ရှိသေး လား၊ ဒါပဲနော် နောက်တစ်ခါ ကျေးဇူးဆိုတဲ့စကားပြောရင်





လိုက်မပို့တော့ဘူး"

"ယမင်းရယ် စိတ်မဆိုပါနဲ့ နောက်တစ်ခါ ကျေးဇူးဆို တဲ့စကားကို မပြောတော့ဘူး"

ကားကလေးမှာ ဘုန်းကြီးကျောင်းရှေ့တွင် ရပ်ပေးလိုက် သည်။ မင်းမောင်က ကားပေါ်က ဆင်းလိုက်ရင်း...

"ငါ မနက်ဖြန်မှာ နင့်အိမ်ကို လာခဲ့မယ်"

"ကောင်းပြီ"

မင်းမောင်အား နှုတ်ဆက်ပြီးနောက် ယမင်း၏ကား ကလေး ထွက်ခွာသွားခဲ့သည်။

မင်းမောင်မှာ လွန်စွာတွေ့ချင်လှသည့် ယမင်းကို မျှော်လင့်ဘဲ ပြန်တွေ့လိုက်ရသဖြင့် ရင်ထဲတွင် မဖော်ပြနိုင် အောင် ဝမ်းသာလှသည်။

သူ့အခန်းလေးထဲသို့အရောက်တွင် အိပ်ရာပေါ်သို့လှဲအိပ် ရင်း...

"ယမင်းရယ် ...မင်းနဲ့ ပြန်မဆုံတော့ဘူးလို့ ထင်ခဲ့တာ အခုလို ပြန်တွေ့ရတော့ ငါအရမ်းဝမ်းသာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ မနက်ဖြန်မှာ ပြန်ဆုံကြမယ်"

"မင်းနဲ့ ဝေးကွာနေတဲ့အချိန်ကလေးမှာ မင်းကို ငါ ဘယ်လောက်လွမ်းကြောင်း ပြောပြမယ်"

"ယမင်းရယ် နင့်ရဲ့နဘေးနားမှာ အရင်ကလိုပဲ ပြန်နေ ချင်တယ်"

"အထီးကျန်နေခဲ့တဲ့ ငါ့ရဲ့ဘဝထဲကို ယမင်းဆိုတဲ့ အချ ဆုံးမိန်းကလေး ပြန်ဝင်လာခဲ့ပြီ၊ သဲကန္တာရထဲက အိုအေစစ်ရဲ့ ကြာပွင့်လေးတစ်ပွင့်ပါပဲ"

မင်းမောင် အရမ်းပျော်ရွှင်နေခဲ့သည်။

မနက်ဖြန် ယမင်းနှင့်တွေ့ရမှာမို့ တစ်ညလုံး ရင်တေ ခုန်နေခဲ့သည်။

❖ ❖ ❖ ❖ ❖





## အခန်း (၄)

## ဝတ်လုံတော်ရမင်းနှင့်တွေ့ဆုံခြင်း

မင်းမောင်သည် ယနေ့ ယမင်း၏အိမ်သို့ သွားလည်ရန် စောနေသည့်အတွက် နံနက်စောစောကပင် နိုးနေခဲ့သည်။

ရေမိုးချိုးပြီး အဝတ်အစားလဲခဲ့သည်။ အဝတ်အစား သည်ဟု ဆိုသော်လည်း အဝတ်ကခပ်နွမ်းနွမ်း…၊ ဤဝတ်စုံ သူ့အတွက်အကောင်းဆုံး။

ယမင်း ပေးထားခဲ့သည့် လိပ်စာအတိုင်း စမ်းချောင်းသို့ ခဲ့သည်။ ထို့နောက် မင်္ဂလာလမ်းကို ရောက်လာသည်။ အမှတ်(---)ရှေ့သို့ ရောက်လာသောအခါ ခြံဝင်းနှင့် နှစ်ထပ် ကြီးကိုတွေ့ရသဖြင့် သူ့မျက်စေ့ပင် သူမယုံနိုင်အောင် ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်နံပါတ်များ မှားနေရှာသလား"

"ယမင်းတို့အရင်က ဒီလောက်မချမ်းသာပါဘူး ဒီတိုက်မှာနေတာ ဟုတ်မှဟုတ်ပါလေစ"

"ဘာပဲဖြစ်ဖြစ် ခြံဝင်းက လူခေါ်ဘဲလ်လေးကို နှိပ်ကြည့်မှပဲ"

ဤသို့အတွေးနှင့် လူခေါ်ဘဲလ်ကလေးကို နှိပ်လိုက်သည်။

"ကလင်"

"ကလင်"

"ကလင်"

မကြာမီ အိမ်ကြီးထဲမှ အိမ်ဖော်ကလေးမလေး ပြေးထွက်လာပြီး ခြံဝသို့ ရောက်ရှိလာခဲ့သည်။

"ဒီအိမ်က အဆိုတော် ယမင်းရွှေစင်တို့ အိမ်လား"

"ဟုတ်ပါတယ် ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ယမင်းရွှေစင်နဲ့ တွေ့ချင်လို့ပါ"

"ဒါဆို ခဏစောင့်ပါ၊ မမလေးကို သွားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့"

မင်းမောင်သည် ခြံဝတွင် ရပ်ကာ စောင့်နေခဲ့သည်။ အစ်အောင်ကြာမှ ကောင်မလေးရောက်လာပြီး ခြံတံခါးကို ဖွင့်ပေးခဲ့သည်။

"ကျွန်မနဲ့ လိုက်ခဲ့ပါ"

"အေး အေး"

ထိုသို့ဖြင့် အိမ်ဖော်မလေးနောက်မှ လိုက်လာခဲ့သည်။

"အစ်ကို ဧည့်ခန်းမှာ ခဏထိုင်ပါ၊ မမလေးကို သွားခေါ်လိုက်ဦးမယ်"

"အေး…အေး"

ကောင်မလေး အခန်းထဲသို့ ဝင်သွားခဲ့သည်။ ဧည့်ခန်းအခင်းအကျင်းက ခမ်းနားလှသည်။

ဆိုဖာထိုင်ခုံများ၏နောက်မီးပေါ်တွင် ဓာတ်ပုံအဖြူများဖုံးအုပ်၍ အလှတန်ဆာဆင်ထားသည်။ ဧည့်ခန်းနံရံများတွင် ရေဆေး၊ ဆီဆေးဖြင့်ရေးဆွဲထားသော ပန်းချီကားများကို ချိတ်ဆွဲထားသည်။







www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်နံရံတွင် ယမင်း၏ပြုံးရီနေသော ကိုယ်တစ်ပိုင်းပုံကြီး ကိုချိတ်ဆွဲထားသည်။ ထိုပုံ၏အောက်၌ အရောင်တောက်ပသော စန္ဒယားကြီးတစ်လုံးကိုတွေ့ရသည်။

သည်အခင်းအကျင်းများကို မြင်ရုံနှင့် လူကုံထန်အသိုင်းအဝိုင်း၏ အဆင့်မြင့်နေထိုင်မှုကို သိသာလှပေသည်။

မင်းမောင်သည် ဧည့်ခန်းကိုကြည့်ပြီး အကဲခပ်နေစဉ်

ယမင်း၏အမေဖြစ်သူ ဒေါ်စောသိန်းသည် ဧည့်ခန်းထဲသို့ ဝင်လာပြီး...

"ဘယ်သူများလဲလို့ မောင်မင်းမောင်ကိုး"

"ဟုတ်ပါတယ်အဒေါ် အဒေါ်နေကောင်းရဲ့လား"

"နေကောင်းပါတယ်ကွယ်၊ မနေ့က သမီးပြန်လာတော့ မင်းနဲ့တွေ့တဲ့အကြောင်း ပြောပြတယ်"

"ဟုတ်ပါတယ်၊ မနေ့က ဓာတ်ပြားကုမ္ပဏီမှာ ယမင်းနဲ့ ပြန်တွေ့တာနဲ့ လာလည်တာပါ"

"ကဲ...ပြောစမ်းပါဦး မင်းဘယ်လိုဘယ်ပုံဖြစ်ပြီး ရန်ကုန်ရောက်လာတာလဲ"





"အဖြစ်ကတော့ ဒီလိုပါအဒေါ်ရယ်..."

မင်းမောင်က ဤသို့အစချီကာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။ ဤတွင် ယမင်းရောက်ရှိလာပြီး မင်းမောင် ပြောသမျှကို နားထောင်နေခဲ့သည်။

"မင်းမောင် လက်ဖက်ရည်သောက်ပါဦး"

ယမင်းက ငယ်သူငယ်ချင်းဖြစ်၍ စေတနာဗလပွနှင့် ပြောလိုက်သည်။ မင်းမောင်ကမူ ယခင်လိုပင် သူ့ဆင်းရဲကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောလိုက်ရာ ဒေါ်စောသိန်း၏မျက်နှာမှာ အထင်သေးသည့်နှယ် တစ်မျိုးပြောင်းသွားခဲ့သည်။

ထိုသို့ စကားပြောနေစဉ် ယမင်း၏ခြံအတွင်းသို့ ကားတစ်စီးဝင်လာသည်။

"ဟော...ဝတ်လုံတော်ရမင်းလာတယ်၊ သမီးသွားကြိုလိုက်ဦးလေ"

ယမင်း၏အမေကပြောသဖြင့် ယမင်းက ဧည့်ခန်းမှ ထသွားကာ ဆီးကြိုလိုက်သည်။

"ဝတ်လုံတော်ရမင်းကြွပါ"



www.burmeseclassic.com

www.burmeseclassic.com



"ယမင်းကလည်းလုပ်ပြီ၊ ကိုတင်မောင်ဆွေပဲခေါ်ပါ"

"ဪ…ဝတ်လုံတော်ရမင်းဆိုတဲ့ဂုဏ်ပုဒ်ကို လေးစား ရသေးတယ်ရှင့်"

"မလိုပါဘူးယမင်းရယ်၊ တင်မောင်ဆွေဟာ တင်မောင်ဆွေ ပါပဲ၊ အစ်ကိုဆွေလို့ခေါ်လဲရပါတယ်"

"ကဲ…အစ်ကိုဆွေ ထိုင်ပါဦး"

"ကောင်းပါပြီ"

ကိုတင်မောင်ဆွေက ဆိုဖာထိုင်ခုံပေါ်၌ ထိုင်လိုက်သည်။

"အစ်ကိုဆွေ အအေးသောက်မှာလား၊ အပူသောက်မှာ လား"

"အပြင်ကလာတော့ နည်းနည်းအိုက်တယ်၊ အအေးပဲ ပေးပါ"

"ကောင်းပါပြီ အစ်ကိုဆွေ"

"မအေးရေ…အအေးတစ်ခွက်ဖျော်လာခဲ့"

"ဟုတ်ကဲ့ပါ မမလေး"

ထို့နောက် ယမင်းက မင်းမောင်အား ကိုတင်ဆွေနှင့်





မိတ်ဆက်ပေးလိုက်သည်။

"အစ်ကိုဆွေ သူက ယမင်းတို့မန္တလေးမှာနေတုန်းက အိမ်နီးချင်း သူငယ်ချင်းမင်းမောင်တဲ့ အခုသီချင်းရေးဆရာပေါ့"

"မင်းမောင် အစ်ကိုဆွေက ဘီလပ်ပြန်ဝတ်လုံတော်ရ မင်း"

"ကျွန်တော်လည်း တွေ့ရတာဝမ်းသာပါတယ်"

သူတို့နှစ်ဦးသား လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ယမင်း၏အမေမှာ ကိုတင်မောင်ဆွေကို ရပ်ကမဝင်အောင် စကားတွေပြောနေခဲ့သည်။

"ဒေါ်သက်ထားတို့များ သားတစ်ယောက်ဆို ဆိုသ လောက် ဘီလပ်ပြန်ဝတ်လုံတော်ကြီးဖြစ်အောင် ထားနိုင်တာ အလွန်ဂုဏ်ယူစရာပဲပေါ့၊ နောက်တစ်ခါလာရင် ဒေါ်သက်ထားပါ ခေါ်လာခဲ့ပါသားရယ် လူကြီးချင်းစကားပြောရတာပေါ့"

"ဟုတ်ကဲ့ပါဒေါ်ဒေါ် နောက်တစ်ခါမှာ မေမေပါလိုက်ခဲ့ မှာပါ"

"ကိုင်း…ကိုင်း…မင်းနှမနဲ့စကားပြောလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ခင်ဗျ"

ယမင်းနှင့်မင်းမောင်တို့နှစ်ဦး စကားပြောနေသည့်အတွက် ကိုတင်မောင်ဆွေက အားနာဟန်နှင့် ရပါတယ်ဟူ၍ ပြောလိုက်ရာ ဒေါ်စောသိန်းမှာ မင်းမောင်အား အလိုက်မသိသူ ဟူသောမျက်လုံးဖြင့် ဒေါင့်ကပ်ကြည့်ရင်း…

"သြော်…ညှိသည်လို့ထင်လို့လား မောင်မင်းမောင်က ညှိသည်မဟုတ်ပါဘူး၊ မင်းနှမနဲ့ပြောစရာရှိတာ ပြောပါ"

ထိုသို့ပြောလိုက်သည့်အတွက် ယမင်းမှာ မင်းမောင်ကို အားနာသွားခဲ့သည်။ သည့်တွင် မင်းမောင်မှာ အခြေအနေ တစ်စိတ်တစ်ဒေသကို နားလည်သွားခဲ့သည်။ သူသည် အချိန်အား၍ လာလည်သူသာဖြစ်သည်။ အထူးအထွေပြောစရာမရှိပေ။ သူတို့နှစ်ဦးတွင် ပြောစရာကိုယ်ရေးကိုယ်တာ သူစိမ်းလူမသိစေချင်သည့် အကြောင်းရှိကောင်းရှိပေမည်။ ထို့ကြောင့် ချက်ချင်းပင် မင်းမောင်က…

"အားလုံးပဲ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

ဟုပြောလိုက်ရာ ယမင်းက…





"မင်းမောင်က နင့်မှာဘာအလုပ်ရှိလို့လဲ၊ ထမင်းစားပြီးမှ ပြန်ပေါ့"

"ငါ အခုမှ အလုပ်ကိစ္စတစ်ခုချိန်းထားတာ သတိရလို့ ပြန်တော့မယ်"

"အေးလေ…ဒါဆိုလဲ နင်ပြန်ပါ၊ နင်နဲ့ငါထပ်ဆုံဦးမယ်လေ"

"ကောင်းပါပြီ"

မင်းမောင်တစ်ယောက် ယောင်ချာချာနှင့် ယမင်း၏အိမ်မှ ထွက်လာခဲ့သည်။ အချိန်ကား ဆယ်နာရီကျော်ကျော်ခန့်သာရှိသေးသဖြင့် ဘယ်သို့သွားရမှန်း မသိအောင်ပင်…

ထို့နောက် စမ်းချောင်းမှ ရွှေတိဂုံစေတီတော်သို့ လမ်းလျှောက်သွားခဲ့သည်။ ဘုရားကြီးကိုဦးချပြီး တန်ဆောင်းတစ်ခုတွင် ထိုင်လိုက်သည်။ မင်းမောင်၏ဦးခေါင်းထဲမှာ ယမင်းအကြောင်း စဥ်းစားရင်း ခေါင်းနောက်လာခဲ့သည်။

"ယမင်းဟာ နိုင်ငံကျော်အဆိုကြီးဖြစ်ပြီး ရုပ်ကလည်းချောတော့ ပျားပုတုန်းတွေဟာ မွှေးကြိုင်တဲ့ပန်းအနားမှာ ဝိုင်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



လည်နေသလို ကာလသားမျက်နှာကြီးတွေ ဝိုင်းဝိုင်းလည်နေတယ် ဦးမြမောင်အိမ်မှာတွေ့တဲ့ ဂီတစာဆိုကိုမိုးနှောင်ရယ် အခုဒီကနေ တွေ့တဲ့ ဝတ်လုံတော်ရမင်းကိုတင်မောင်ဆွေရယ် ဒါတွေဟာ ငါရဲ့ပြိုင်ဘက်ဖြစ်လာမယ့်သူတွေပဲ''

''သူတို့က ဂုဏ်သရေရှိ လူကြီးလူကောင်းတွေပဲ၊ ငါက တော့ ဘာမှမအောင်မြင်သေးတဲ့သူ ငွေဂုဏ်မရှိ၊ ပညာဂုဏ်မရှိတဲ့ ဘုန်းကြီးကျောင်းမှာ တွယ်ကပ်နေရတဲ့သူကို ယမင်းက ချစ်နိုင် ပါ့မလား''

''ငါ့ဘဝမှာ ယမင်းကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး၊ သူ့ကို မရရင် ငါရူးနိုင်တယ်၊ သူတို့နဲ့ ယှဉ်ပြိုင်ရင်လည်း ငါပဲ ရှုံးနိမ့်မှာပဲ၊ ငွေဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ် အစစ သူတို့က ငါ့ထက်သာတယ်၊ ဒီပွဲမှာ ငါနိုင်ဖို့ တစ်ကွက်ပဲရှိတယ်။ အဲဒါ ကတော့ ယမင်းရဲ့ချစ်မေတ္တာပဲ၊ သူက ငါ့ကိုချစ်မှ ငါ့ဆီကို အပြေးရောက်လာမှာ''

ထိုသို့ တောင်တောင်အီအီ တွေးရင်း ရှေ့ဆက်ရမည့် အနာဂတ်အတွက် ရင်လေးနေမိသည်။ ထို့နောက် ရွှေတိဂုံစေတီ





တော်အား ရှိခိုးကာ...

''တပည့်တော်ဟာ ယမင်းဆိုသည့် မိန်းမချောလေးနှင့် ပေါင်းဖော်ရပါစေသား''

ဟု တောင်းဆုပြုခဲ့ပါတော့သည်။

ညနေစောင်းလာပြီဖြစ်၍ သူတည်းခိုရာ ဘုန်းတော်ကြီး ကျောင်းသို့ ပြန်လာခဲ့သည်။ အသွားတုန်းက ပျော်ရွှင်စွာဖြင့် စကားတွေ ဖောင်လောက်အောင် ပြောမည်ဟုရည်မှန်းထားသမျှ မှန်းချက်နှင့် နှမ်းထွက်ပါစင်အောင် လွဲခဲ့ချေပြီ။

ယမင်း၏အမေသည် မင်းမောင်၏နိမ့်ကျသော အခြေ အနေကို ကြားသိသောအခါ ချက်ချင်းမျက်နှာပြောင်းသွားခဲ့ သည်။ ထို့နောက် ဝတ်လုံတော်ရမင်းလာသောအခါ မျက်နှာမှာ သကာလောင်းကာ သားရေးသမီးရေး ဆွေးနွေးမည့်အကြောင်းကို ဥပါယ်တမည်ဖြင့် ပြောခဲ့သည်။

''ငါ့မှာ ငွေဂုဏ်၊ ဓနဂုဏ်၊ ရာထူးဂုဏ် မရှိတဲ့ မျက်နှာမွဲ မို့ အရေးမလုပ်တာလား''

''အဒေါ်က ယမင်းနဲ့ ငါနဲ့သဘောတူအောင် ငါဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နေရမလဲ''

စဉ်းစားရင်း သည်တစ်ညတာအချိန် ကုန်လွန်သွားခဲ့သည်။

နောက်တစ်နေ့နံနက်စောစောတွင် ...

မင်းမောင်နေထိုင်သည့် ဘုန်းတော်ကြီးကျောင်းသို့ ယမင်း ရောက်လာခဲ့သည်။ အားငယ်စိတ်ပျက်နေသော မင်းမောင်သည် ယမင်းကို မြင်သောအခါ...

''ဟာ...ယမင်းပါလား''

ရွှင်လန်းအားတက်သွားခဲ့သည်။

''မင်းမောင်ရေ... ငါ နင့်ကို သတင်းကောင်းပြောဖို့ လာတာ''

''ဘာသတင်းကောင်းလည်း ပြောစမ်းပါ''

''နင့်သီချင်းတွေအားလုံးကို ဦးမြမောင်က ဝယ်ပြီး ငါဆိုရမယ်တဲ့''

''ဟယ် ... ဒါဆိုရင် အတိုင်းထက်အလွန်ပေါ့၊ ငါ့သီချင်းကို နင်ဆိုရမယ်လို့ တစ်ခါမှ အိပ်မက် မမက်ခဲ့ဘူး





အရမ်း ဝမ်းသာတာပဲဟာ''

''ကဲ-ဒါဆိုရင် နင့်သီချင်းတွေရယ်၊ မယ်ဒလင်ရယ် ယူလာခဲ့...ငါ့ကားနဲ့သွားရအောင်''

''အေး...အေး''

မင်းမောင်သည် ယမင်းကားဖြင့် လိုက်လာခဲ့သည်။

ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းပင်မသိခဲ့။ သူစပ်ထားသည့်သီချင်းများကို ရောင်းရမည့်အပြင် သူချစ်မြတ်နိုးလှသည့် ယမင်းက သည်သီချင်းတွေကို ဆိုရမည်။

သည်လိုဆိုတော့လည်း ကံဇာတ်ဆရာက မျက်နှာသာပေးခဲ့ပြီ၊ လူတစ်ယောက်အတွက် ဖြစ်ချင်သည့်ကိစ္စမှာ တစ်ခုရရန်ပင် မလွယ်ကူချေ။ ယခုမူ ဆန္ဒနှစ်ခုစလုံး တပြိုင်နက် ပြည့်ရတော့မည်။

''မင်းမောင် ... မင်းကံထလာပြီ...မကြာခင် နိုင်ငံကျော် ဂီတစာဆိုကြီးဖြစ်တော့မယ်''

''ငါ...ချမ်းသာလာရင် ဟိုလူနှစ်ယောက်နဲ့ ပြိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



ရပြီ၊ ယမင်းကို ငါလက်ထပ်လို့ရပြီ''

အနာဂတ်ကိုတွေးပြီး သူပျော်ခဲ့သည်။ မကြာမီ ဦးမြမောင်၏အိမ်သို့ ရောက်ခဲ့သည်။

''ကဲ…မောင်မင်းမောင်တို့ ယမင်းတို့ပါလား လာကြ လာကြ''

''ဟုတ်ကဲ့ပါ''

''ယမင်းကတော့ မောင်မင်းမောင်ကို ပြောပြီးပလား မဆိုနိုင်ဘူး၊ မင်းရဲ့သီချင်းတွေအားလုံးကို ဦးဝယ်မယ်၊ ပြီးတော့ ယမင်းကို ဆိုနိုင်းမလို့ကွဲ့''

''ဟုတ်ကဲ့…ဒီသတင်းကြားရတာ အရမ်းဝမ်းသာပါတယ်၊ ဦးကိုလည်း အရမ်းကျေးဇူးတင်ပါတယ်''

''ရပါတယ်ကွာ ဘာပဲဖြစ်ဖြစ် တက်သစ်စ ဂီတစာဆိုလေးတွေ မျိုးဆက်မပြတ်သွားအောင် တစ်ဖက်တစ်လမ်းက ကူညီမှုပိုးရတာပေါ့ကွာ''

''ဝမ်းသာလိုက်တာဦးရယ်၊ ဦးတို့လို စေတနာကောင်းတဲ့လူနဲ့တွေ့ရတာ ကျွန်တော့်အတွက် ငွေရေးကြေးရေး အဆင်ပြေ





သွားတာပေါ့''

''ဒါပေါ့ကွာ၊ လောကမှာ စားဝတ်နေရေး အရေးကြီးတယ်၊ အထူးသဖြင့် ထမင်းအိုးဆူမယ့်ကိစ္စက နေ့တဓူဝကိစ္စမို့ ပိုပြီး အရေးကြီးတယ်''

ဦးမြအောင်၏စကားထဲတွင် ''ထမင်းအိုးဆူမယ့်ကိစ္စ'' ဆိုသည့်စကားကို မင်းမောင်နားမလည်ခဲ့ပေ။

''ဦး…ထမင်းအိုးဆူမယ့်ကိစ္စဆိုတာ ဘာလဲ''

''ဟ…နေ့စဉ် ထမင်းစားဖို့ ကိစ္စပေါ့ကွာ''

''ဪ … ဪ''

''ကဲ … ယမင်းကလည်း ဒီသီချင်းတွေကို ပရိသတ်ရင်ထဲစွဲသွားအောင် ဆိုပေတော့''

''ဟုတ်ကဲ့ပါ ဦး''

''ကဲ … မောင်မင်းမောင် သီချင်းအားလုံးအတွက် ကျသင့်ငွေ''

''ဟုတ်ကဲ့ပါ ဦး''

ဦးမြမောင်က သီချင်းအားလုံးအတွက် ကျသင့်ငွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်ကြီး ပေးလိုက်သည်။

သူ၏လုပ်အားဖြင့် သည်မျှများပြားသည့်ငွေကို မကိုင်ဖူးခဲ့ပေ။ ငွေစက္ကူများကို လှမ်းယူစဉ် လက်များပင် တုန်နေယင်နေသည်။

"ကဲ…မောင်မင်းမောင် သီချင်းတွေကို မယ်ဒလင်နဲ့ပြန်ဆိုပြပါ။ ဒါမှ ယမင်းက သီချင်းအလိုက်ကို မှတ်မိမှာ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

ထို့နောက် သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ်ကို မင်းမောင်က မယ်ဒလင်တီးရင်း စိတ်ပါလက်ပါ ဆွဲဆွဲငင်ငင် သီဆိုလိုက်သည်။

မင်းမောင်၏သီချင်းနှင့်အတူ သူ၏သီဆိုမှုမှာ များစွာလိုက်ဖက်လှသည်။ အားလုံးကပင် သူ၏သီချင်းသံထဲ မျောပါသွားကြသည်။

"ယမင်းနဲ့အတူတူ သီချင်းဆိုကြည့်ပါ"

ဦးမြမောင်က ဤသို့ ပြောလိုက်သဖြင့်

သူတို့နှစ်ဦးသား သီချင်းတွေကို အတူတူဆိုခဲ့ကြသည်။





သူ၀ါသနာပါသည့်အလုပ်ကို လုပ်နေသဖြင့် သူတို့နှစ်ဦးစလုံး ဘုံနတ်နန်းသို့ ရောက်နေသကဲ့သို့ ပျော်ရွှင်လှပေသည်။

အလွန့်အလွန် တောင့်တခဲ့သော ပျော်ရွှင်သည့်ဘ၀ကလေးကို ခံစားခဲ့ရသည်။ သီချင်းတိုက်အပြီးတွင် -

"ယမင်းရေ…ဒီနေ့ ပိုက်ဆံတွေ ရလာပြီဆိုတော့ နင့်ကို ငါကျွေးမယ်၊ ဘာစားမလဲ"

"နေပါစေဟာ"

"လာပါ တရုတ်တန်းမှာ တရုတ်စာ သွားစားမယ်"

ယမင်း၏ကားလေးနှင့် လတ္တာလမ်းသို့သွားခဲ့ကြသည်။ တရုတ်တန်းကား လွှန်စွာစားသောက်ဆိုင်ပေါသကဲ့သို့ လူစည်ကားလှသည်။ ယခုလိုညနေပိုင်းအချိန်တွင် ဆိုင်တိုင်းလူပြည့်နေသည်။ မင်းမောင်တို့နှစ်ဦးသား ခေါက်ဆွဲကြော်မှာစားရင်း စကားစမြီပြောဖြစ်ခဲ့သည်။

"ယမင်းရယ် နင်တို့က အခုဆိုရင် သိပ်ပြီးချမ်းသာသွားတော့ ငါမှာနင်နဲ့ပေါင်းရတာ မျက်နှာငယ်သလိုခံစားရတယ်"

"တကယ်တော့ ငါတို့ကချမ်းသာတာမဟုတ်ပါဘူး၊ အဖြစ်ကဒီလိုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြစမ်းပါ"

"ငါ့အဖေနဲ့ ကိုတင်မောင်ဆွေအဖေနဲ့က သူငယ်ချင်းတွေလေ၊ ကိုတင်မောင်ဆွေရဲ့အဖေက မျက်နှာဖြူတွေနဲ့ပေါင်းပြီး အင်ပို့အိပ်ပို့ကုမ္ပဏီထောင်ထားတယ်၊ နိုင်ငံခြားက စက်ပစ္စည်းတွေကိုသွင်းတယ်၊ မြန်မာပြည်ကသစ်တွေကိုပို့တယ်၊ အဲဒီမှာ ငါ့အဖေက ရှယ်ယာထည့်တယ်၊ အဖေဆုံးသွားတော့လည်း သူ့အဖေက ဆက်ပြီးလုပ်ကိုင်ပေးခဲ့တယ်၊ ဒါကြောင့် အဖေမဆုံးခင်မှာ ဒီအိမ်နဲ့ကားကိုဝယ်နိုင်ခဲ့တယ်၊ ဒါပေမယ့် ဒီအိမ်ဝယ်တုန်းက အကြွေးရှိတယ်၊ အဲဒီအကြွေးကလည်း ကိုတင်မောင်ဆွေရဲ့အဖေဆီကချေးတာ၊ အခုတော့ အမေနဲ့ဆက်ပြီးစာရင်းရှင်းနေကြတယ်"

"သြော်…"

"ငါကတော့ သိပ်စိတ်မဝင်စားဘူး၊ အဆိုဝါသနာပါလို့ သီချင်းဆိုရင်းနဲ့ ကိုတင်မောင်ဆွေအဖေကပဲ ဦးမြမောင်နဲ့မိတ်ဆက်ပေးခဲ့တာ၊ သူတို့ဓာတ်ပြားကုမ္ပဏီမှာ သီချင်းဆိုရင်း အခုလို လူသိများလာတော့တာပဲ"





"နင်သီချင်းဆိုတဲ့ပိုက်ဆံကရော အကြွေးဆပ်နိုင်လား"

"ငါ့ပိုက်ဆံကတော့ အိမ်စားရိတ်ပေါ့ဟာ၊ အမေနဲ့ သူတို့အဖေနဲ့ ဘယ်လိုစခန်းသွားနေမှန်းမသိပါဘူး"

"သြော်…သြော်"

လောကမှာ တိုက်နဲ့တာနဲ့ ခြံနဲ့ဝင်းနဲ့နေသူ၊ ကားစီးသူများကို မင်းမောင်အထင်ကြီးခဲ့သော်လည်း လက်တွေ့ဘဝမှာမူ အကြွေးများနှင့်ပူလောင်နေမှန်း ယမင်းပြောမှသိခဲ့ရသည်။

သည်နောက်ပိုင်းတွင် ဦးမြမောင်က မင်းမောင်ကို သီချင်းတွေဆက်ပြီးရေးခိုင်းခဲ့သည်။ ယမင်းကိုလည်း ဓာတ်ပြားသွင်းရန် သီချင်းတိုက်ခိုင်းသဖြင့် နှစ်ယောက်စလုံးအလုပ်ရှုပ်ကာ တစ်ဦးနှင့်တစ်ဦး မတွေ့နိုင်အောင်ဖြစ်ခဲ့ရသည်။

မင်းမောင်က ယမင်းကိုသတိရသဖြင့် အိမ်သို့သွားလည်ချင်ပါသော်လည်း သူမမိခင်ကြီး၏ အထင်သေးမှုကိုမခံလို၍ အိမ်သို့မသွားခဲ့ပေ။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## ဘုန်းကြီးကျောင်းသားမင်းမောင်

"အဆိုတော်ယမင်းရွှေစင်ရဲ့ "နှစ်ပေါင်းခုနစ်ရာ ချစ်မေတ္တာ" ခတ်ပြားထွက်လာပါပြီ"

သတင်းစာရောင်းသူများက ဤသို့အော်ဟစ်ရောင်းချခဲ့သည်။ ထို့ကြောင့် ဦးမြမောင်၏ခတ်ပြားတိုက်တွင် ခတ်ပြားလာဝယ်သူများ ရောက်လာကာ အလုအယက်ဝယ်ယူအားပေးခဲ့ကြသည်။ ထိုသတင်းကိုကြားတော့ မင်းမောင်တစ်ယောက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်သွားခဲ့သည်။

"ခတ်ပြားထွက်ပြီဆိုတော့ ဦးမြမောင်ဆီကိုသွားမှပဲ"

ထိုအတွေးနှင့်ကျောင်းမှ ထွက်လာခဲ့သည်။





ခတ်ပြားများကို လက်မလည်အောင်ရောင်းချရသဖြင့် ဦးမြမောင်မှာ ပျော်တပြုံးပြုံးဖြစ်နေပါသည်။

ထိုစဉ် မင်းမောင်လာသည်ကိုမြင်သဖြင့်...

"မောင်မင်းမောင် လာဟေ့"

"ဟုတ်ကဲ့ပါ"

"လက်ဖက်ရည်သောက်ပါဦး"

"ရပါတယ်ဦး"

"မင်းရဲ့သီချင်းကတော့ အတော်လမိုင်းကပ်တယ်ကွာ၊ တော်တော်ရောင်းကောင်းတယ်"

"ကျွန်တော့်သီချင်းလေးတွေကို ပရိသတ်ကကြိုက်တယ်ဆိုတော့ ကျွန်တော်ဝမ်းသာတာပေါ့ဦးရယ်"

"အေး မင်းလဲ ကိုယ့်ရဲ့သီချင်းလေးတွေ ကောင်းအောင်ရေးပေါ့"

"ဟုတ်ကဲ့ပါဦး"

မင်းမောင်သည် ထိုသို့ပြောဆိုပြီး ခတ်ပြားကိုကောက်ကိုင်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပြားအချပ်ပေါ်တွင်…

"နိုင်ငံကျော် အဆိုတော်ယမင်းရွှေစင်၏ နှစ်ပေါင်းခုနစ်ရာချစ်မေတ္တာ တေးရေး ဂီတစာဆို ကိုမိုးနောင်"

ဟူ၍ရေးသားထားသည်ကို ဖတ်လိုက်ရသည်။

မင်းမောင်မှာ မျက်စေ့များမှားလေရော့သလားဟုမင် ထင်သွားကာ အထပ်ထပ်ဖတ်ကြည့်လိုက်သည်။

"တေးရေး ဂီတစာဆို ကိုမိုးနောင်"ပင်ဖြစ်လေသည်။ သူ၏ရင်ထဲတွင် ဒိုင်းကနဲပေါက်ကွဲသွားသည်။ သူ၏ခံစားချက် သူ၏အတွေးပုံဖော်မှု၊ ရင်တွင်းအသည်းတွင်းမှ စီးဆင်းလာသည့် ချစ်မေတ္တာကို နက်ရှိုင်းစွာရေးဖွဲ့ထားသည့် သူ၏ခံစားချက်ရင်ဖွင့်ချက်များမှာ ယခုတော့ သူ့နေရာတွင် ဂီတစာဆိုကိုမိုးနောင်က နေရာယူသွားခဲ့ပြီ။ သူ မည်သို့မျှမကျေနပ်ပါ။ ထို့ကြောင့် ဦးမြမောင်ကို ခေတ်ပြားကိုင်ကာ…

"ဦး…တေးရေးက ကျွန်တော့်နာမည်ဖြစ်ရမယ့်အစား ဘာကြောင့်ကိုမိုးနောင်ဖြစ်နေရတာလဲ" ထိုသို့မေးလိုက်သည်။

"ဩော်…ဒါလား၊ ဒါကတော့ စီးပွားရေးအရပေါ့ကွာ"





ဦးမြမောင်က အရေးမစိုက်သလို ခပ်အေးအေးပြန်ဖြေလိုက်သည်။ သည်တော့ မင်းမောင်မှာ ဒေါသထောင်းကနဲဖြစ်သွားသည်။ သို့သော်…

"ဦးက ကျွန်တော့်ဆီက သီချင်းကိုဝယ်တာဆိုတော့ ကျွန်တော့်နာမည်ဖြစ်ရမှာပေါ့"

သူက စိတ်ကိုထိန်းပြီး ချို့သာစွာပြောလိုက်သည်။ သည်တွင် ဦးမြမောင်မှာ ကျားတစ်ကောင်ဟိန်းသကဲ့သို့သော အသံကြီးဖြင့်

"ဒီမှာ မောင်မင်းမောင် မင်းကစီးပွားရေးအကြောင်း ဘယ်လောက်နားလည်လို့ပြောရတာလဲ"

ခပ်ဟောက်ဟောက် ပြောလိုက်သည်။

မင်းမောင်မှာ ဘာမှနားမလည်သည့် အကြည့်ဖြင့် ကြည့်ကာ…

"ကျွန်တော်ပြောတာ ဘာများမှားလို့လဲ"

ဟုပြန်ပြောလိုက်သည်။

"မှားတယ်ကွ…မှားတယ်၊ ငါက မင်းဆီက သီချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ဈေးပေးပြီးဝယ်ခဲ့တယ်၊ မင်းလဲ ကျေနပ်လို့ရောင်းခဲ့တယ် အဲဒီသီချင်းကို ယမင်းကဆိုတယ်၊ အဲဒါ မင်းကျေနပ်လက်ခံခဲ့ တာပဲ"

"ဟုတ်တယ်လေ၊ အဲဒီကိစ္စကိုကျေနပ်ပါတယ်၊ ဒါပေမဲ့ ကိုယ်ရေးတဲ့သီချင်းဟာ တစ်ခြားသူတစ်ယောက်ရဲ့ နာမည်ဖြစ်နေ လို့ပြောတာပါ"

"ဒါဟာ စီးပွားရေးဈေးကွက်ပဲ၊ ဂီတစာဆိုနေရာမှာ ကိုမိုးနောင်ကိုထည့်တာ အလကားထည့်လို့ရတာ မဟုတ်ဘူး သူ့နာမည်သုံးခွင့်အတွက် ငွေပေးသေးတယ်၊ ဒီမှာ မောင်မင်းမောင် ဘာမှနာမည်မရှိသေးတဲ့ ဂီတစာဆိုတစ်ယောက်ရေးတာနဲ့ နာမည် ကြီးဂီတစာဆိုတစ်ယောက် နာမည်ခံတာဟာ ခေတ်ပြားရောင်းရ ခြင်းမှာ အလွန်ပဲကွာခြားတယ်"

"ဘယ်လိုကွာခြားတာလဲဦး"

"မှတ်ထားကွ လူမှာသမ္မာလိုတယ်၊ နာမည်ကြီးကိုသုံးမှ လူဝယ်တာ၊ နာမည်မရှိတဲ့သူကိုသုံးလို့ လူမဝယ်ရင် ဒီခေတ်ပြား အတွက် ငွေသောင်းပေါင်းများစွာ ရင်းနှီးထားတာ ရှုံးပြီပေါ့





မင်းတို့လည်းပေးရ၊ အဆိုတော်ကိုလည်းပေးရ၊ ခေတ်ပြားဘိုးပေးရ နဲ့ ဒီငွေတွေရှုံးရင် မင်းခံမလား၊ ဒါကြောင့်နာမည်ကြီးဂီတစာဆိုကို သုံးရတာပေါ့"

"ဒါဆိုလည်း အဲဒီလိုသုံးမယ့်အကြောင်းကို ဦးက ကျွန်တော့်ကိုပြောရမှာပေါ့"

"ပြောစရာလိုသေးလား မင်းသီချင်းတွေကို ငါအကုန် ဝယ်ပြီးပြီပဲ၊ ငါသုံးချင်သလိုသုံးမှာပေါ့"

"ဒီမှာဦး ငါစီးပွားရေးဈေးကွက်ကြောင့် ခေါင်းပုံဖြတ်ပြီး ခိုးလုပ်ခိုင်းတာပါပြောရင် လက်ခံတယ်၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ သီချင်းတွေဝယ်ပြီးလို့ ငါသုံးချင်သလိုသုံးမယ်ဆိုတဲ့ စကားမသုံးပါ နဲ့ ဒါဟာ မူပိုင်ခွင့်ကိုချိုးဖောက်တာပဲ"

"ဘာ"

ဦးမြမောင်သည် ကျားနာတကောင်လိုပြန်အော်ရင်း ဆိုင်ရာမှထလိုက်သည်။ သူ့နားကိုပင်သူမယုံနိုင်ပါ။ ဆင်းရဲ တော်ပြတ်နေသော စောလေဂျပိုးသာသာ လူတစ်ယောက်၏ ါးစပ်မှ မူပိုင်ခွင့်ဟူသောစကားကို သုံးလိုက်ခြင်းအတွက် ခြည်



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ လွန်စွာဒေါသဖြစ်သွားသည်။

"မောင်မင်းမောင် ဒီစကားက မင်းကိုဘယ်သူမြှောက်ပေးလိုက်တာလဲ"

"လူတိုင်း ဥပဒေကိုနားလည်သင့်တယ်ဆိုလို့ လေ့လာထားတာပါ"

ဦးမြမောင်မှာ လွန်စွာဒေါသထွက်နေမှန်းသိသဖြင့် သူ၏ညီမမြင့်မြင့်က…

"အစ်ကိုကြီး သတိထားပြီး စကားပြောပါ၊ ဆိုင်မှာဈေးဝယ်သူနဲ့၊ မရှက်ဘူးလား"

"အေး … ငါစိတ်တွေ နည်းနည်းလွတ်သွားတယ် ဆောရီး မောင်မင်းမောင်"

ထိုသို့ပြောပြီး ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။

"ဦး…အရမ်းဒေါသကြီးသွားတယ်၊ မောင်မင်းမောင်"

"ရပါတယ် ဦးရယ်"

"ဦးတို့ဓာတ်ပြားအလုပ်က ပေါက်တဲ့ဓာတ်ပြားမှ ပေါက်တာ၊ မပေါက်ရင်အရှုံးပေါ်တယ်ကွ၊ ဒါကြောင့် ပရိသတ် မကြိုက်





မှာ၊ မဝယ်မှာကို စိုးရိမ်နေရတယ်၊ ဂီတစာဆိုကိုမိုးနောင်ကလည်း သူ့နာမည်မတပ်ချင်ပါဘူး၊ ဒါပေမဲ့ သူက နာမည်ကြီးဂီတစာဆိုဆိုတော့ ရောင်းကောင်းအောင် သူ့နာမည်တပ်ပေးရတာပါ၊ ဖြန့်ကနဲ မင်းကပြောလိုက်တော့ ဦးကဒေါသဖြစ်သွားလို့ပါ"

"ကျွန်တော်လည်း စကားကို မဆင်မခြင်ပြောမိပါတယ်"

"မောင်မင်းမောင် မင်းကို ဦးကတိပေးပါတယ်၊ အခုမင်းဆီက ဓာတ်ပြားသုံးချပ်စာ သီချင်းဝယ်ထားတယ်၊ အဲဒါကိုတော့ ဂီတစာဆိုကိုမိုးနောင် နာမည်နဲ့ပဲထုတ်ပါရစေ၊ လေးချပ်မြောက်မှာတော့ မောင်မင်းမောင်ရဲ့နာမည်ကို သုံးပေးပါမယ်၊ တစ်နည်းပြောရရင်တော့ကွာ၊ ငါရှုံးရင်ရှုံးပါစေ၊ မင်းကိုမြေတောင်မြှောက်ပေးပါမယ်"

"ရပါတယ်ဦး"

"ဒီလိုနားလည်ပေးစမ်းပါကွာ၊ မင်းသာအောင်မြင်တဲ့ ဂီတစာဆိုဖြစ်သွားရင် တစ်သက်လုံးအတွက် ထမင်းစားလက်မှတ်ရသွားပြီပေါ့ကွာ၊ အလုပ်ဆိုတာ အနာခံမှအသာစံရတာကွ



www.burmeseclassic.com

www.burmeseclassic.com



မွတ်သား"

"ဟုတ်ကဲ့ပါဦး"

"ဘယ်စီးပွားရေးသမားမှ ကိုယ်နဲ့ဆွေမတော်မျိုးမတော်တဲ့သူရယ်၊ ကိုယ်မျှော်လင့်ထားတဲ့ချစ်သူ မဟုတ်တဲ့သူတွေကို အောင်မြင်မလား၊ ရှုံးနိမ့်မလားမသိဘဲနဲ့ ကိုယ့်ငွေကိုရင်းပြီး မတင်ဘူးကွ၊ ဒါပေမဲ့ မင်းကိုတော့ ငါတင်ပေးပါ့မယ်"

"ရပါတယ်ဦး"

ဦးမြမောင်နှင့်မင်းမောင်တို့နှစ်ဦး အချေအတင်စစ်ခင်းပြီး လက်သီးချင်း မထိုးရုံတမယ်အဖြစ်ကြောင့် ဦးမြမောင်၏ညီမဖြစ်သူ မြင့်မြင့်မှာ ကြောက်ရွံ့တုန်လှုပ်နေပါသည်။

နောက်တော့မှ ပြောရင်းပြောရင်း နားလည်မှုရရှိသွားကာ အဆင်ပြေသွားခဲ့သည်။

ထိုအချိန်တွင် ယမင်းရောက်ရှိလာခဲ့သည်။

"ဟယ်…မင်းမောင် နင်ဘယ်တုန်းကရောက်နေတာလဲ"

"သိပ်မကြာသေးပါဘူး"

"ဘယ်နှယ်လဲ ငါ့အသံကောင်းရဲ့လား"





"ကောင်းပါတယ်၊ နင့်အသံက အရမ်းကောင်းလွန်းလို့ ဒီနေ့ဓာတ်ပြားတွေရောင်းရတာ လက်မလည်အောင်ပဲ"

"ဟုတ်လား…ဦး"

ယမင်းက ဦးမြမောင်ကို လှမ်းမေးလိုက်ရာ လူလည်ကြီး ဦးမြမောင်က…

"သိပ်ဟုတ်တာပေါ့ ယမင်းရယ်၊ မျှော်လင့်ထားတာ ထက်တောင်ရောင်းရတယ်၊ ဒါတောင် နယ်အဝယ်တော်တွေ မလာသေးဘူး"

"အဲဒီလိုရောင်းရတယ်ဆိုတော့ ယမင်းအရမ်းဝမ်းသာ တာပဲ"

"ယမင်း ပိုပြီးဝမ်းသာသွားအောင် ဘောက်ဆူးထပ်ပေးရ ဦးမယ်၊ ရော့…ပိုက်ဆံ"

ဦးမြမောင်က ယမင်းကို အဆိုကောင်းလွန်းသည်ဟု ဆိုကာ ငွေစက္ကူတစ်ထပ်ကြီးကို ဘောက်ဆူးပေးလိုက်သည်။

"ဘောက်ဆူးတွေရပြီဆိုတော့ တရုတ်တန်းမှာ တစ်ခုခု သွားစားမယ်၊ မင်းမောင် နင်လိုက်ခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အေး"

မင်းမောင်မှာ ဦးမြမောင်ကို လွန်စွာဒေါသထွက်သော်လည်း အမျက်မထွက်သည့်ဟန်ဆောင်ကာနေခဲ့သည်။ ယခုမူ ယမင်းက အပြင်သွားရန်ခေါ်သဖြင့် ရေငတ်တုန်းရေတွင်းထဲသို့ကျသည့်နှယ် ယမင်းနှင့်လိုက်လာခဲ့ပါသည်။

ဦးမြမောင်သည် ယောကျ်ားများနှင့် အလုပ်လုပ်ရာတွင် လွန်စွာကပ်စေးနဲပြီး တွန့်တိုလှသည်။ ထို့အပြင် ကလိမ်ကကျစ်နည်းများသုံးကာ စီးပွားရေးအတွက် အကွက်ကောင်းကိုစောင့်နေသူပင်၊ ပစ္စည်းဥစ္စာအတွက် လောဘတက်နေသည့်သူတစ်ယောက်ဖြစ်ပြီး ဖြစ်နိုင်လျှင် ရွှေငွေရတနာများရမည်ဆိုပါက…

"ဘနဖူးသိုက်တူးမည့်သူ…"

ယမင်း၏ကားကလေးနှင့် လဏ္ဍာလမ်းစားသောက်ဆိုင်သို့ ရောက်ခဲ့ပြန်သည်။

"မင်းမောင် ဘာစားမလဲပြော ဒီတစ်ခါငါကျွေးမယ်"

"ငါ ဘာမှမစားချင်ဘူး"

"ဘာဖြစ်လို့လဲ"





"တကယ်ဆိုရင် ငါကနင့်ကိုကျွေးရမှာ ငါကယောကျ်ားလေ မိန်းမလေးတစ်ယောက်ရဲ့ ချွေးနဲစာနဲ့ရှာလာတဲ့ပိုက်ဆံကို သန်သန်မာမာယောကျ်ားတစ်ယောက်က မစားသင့်ဘူး၊ ဒါဟာ ယောကျ်ားကောင်းမဟုတ်ဘူး"

"အမလေး…ဘယ်စာအုပ်ထဲက ဖတ်ထားပြီး ကြီးကြီးကျယ်ကျယ်တွေ လာပြောနေသလဲမသိဘူး၊ နင်နဲ့ငါနဲ့က သူငယ်ချင်း၊ ဘာမှယောကျ်ားမိန်းမ လာခွဲမနေနဲ့၊ ရတဲ့လူကျွေး၊ ရတဲ့သူက စားစတမ်းပေါ့ဟာ"

"အေး…အဲဒီလိုတွေးပြန်တော့လဲ ဟုတ်တာပဲ၊ ဒါပေမဲ့ ငါလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမလဲ"

"ငါ့သီချင်းအတွက် ပိုက်ဆံရရင် နင့်ကိုငါကျွေးမယ်၊ နင်အဲဒါကို လက်ခံရမယ်"

"အေး…လက်ခံမယ်၊ ဆယ်ခါလက်ခံမယ်"

"ကောင်းပြီ၊ ငါလည်း ဆယ်ခါကျွေးမယ်"

"နောက်မှဆယ်ခါကျွေး၊ အခု ခေါက်ဆွဲကြော်စားဦး



www.burmeseclassic.com

www.burmeseclassic.com



အေးသွားတော့မယ်”

“အေးပါဟ”

ပြောရင်းဆိုရင်း နှစ်ဦးသားခေါက်ဆွဲကြော် အတူတူစားခဲ့ကြသည်။

“ယမင်း…”

“ဘာလဲ”

“နင် ဓာတ်ပြားမှာရေးထားတဲ့စာကို သေသေချာချာ ဖတ်မိလား”

“နင် ဘာကိုဆိုလိုတာလဲ”

“ဂီတစာဆိုနေရာမှာ ငါ့နာမည်မဟုတ်ဘဲ ကိုမိုးနောင် နာမည်ဖြစ်နေတယ်၊ အဲဒါနင်သိလား”

“ဟုတ်လား…ငါသတိမထားမိဘူး”

“အေး…ငါ့နာမည်မပါတော့ ငါတော်တော်ဒေါသထွက်သွားတယ်၊ နင်မလာခင်လေးတင် သူနဲ့ငါ အချီအချဖြစ်ခဲ့ကြတယ်”

“မင်းမောင် ငါနင့်ကိုပြောပြမယ် ဦးမြမောင်နဲ့ရန်မဖြစ်





သူတို့က မင်းပေါက်စိုးပေါက်တွေ မျက်နှာဖြူနဲ့သူတို့ကတည့်တော့ အခွင့်ရောက်စရာရှိရင် ကိုယ်ပဲရောက်မှာ”

“ငါကလည်း ဖြန့်ကနဲ ငါ့နာမည်အစား ကိုမိုးနောင် ဖြစ်နေလို့ ပြောမိတာ”

“ကိုမိုးနောင်ကို ဦးမြမောင်က နာမည်ငှားထားတာလေ၊ တကယ်တော့ ကိုမိုးနောင်က ဘာသီချင်းမှရေးတတ်တာ မဟုတ်ဘူး”

“ဒါဆို ကိုမိုးနောင်က အမည်ခံပေါ့ဟုတ်လား”

“အဲဒီလိုပြောရမှာပဲ၊ ဒါတွေဟာ ဦးမြမောင်ရဲ့လျှို့ဝှက်ချက်တွေဆိုတော့ မပေါက်ကြားဖို့အရေးကြီးတယ် မင်းမောင်”

“ငါက တစ်ယောက်တည်းသမားပဲ ဘာမှပေါက်ကြားစရာမရှိဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့နာမည်မပါပေမယ့် ငါကျေနပ်ပါတယ်၊ ငါ့နာမည်ပါတာမပါတာ အရေးမကြီးပါဘူး၊ ငါစပ်တဲ့သီချင်းကို နင်ဆိုတယ်၊ အဲဒီသီချင်းနဲ့ နင်ပိုပြီးအောင်မြင်တဲ့အတွက် ငါဝမ်းသာပါတယ်၊ နင့်အတွက်ဆိုရင် ဘာပဲပေးရပေးရ ငါကျေနပ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ နှစ်ယောက်သား စကားပြောနေစဉ်····

ကိုမိုးနောင်နှင့်မိတ်ဆွေတစ်စု ဆိုင်ထဲသို့ဝင်လာသည်ကို တွေ့ရသဖြင့် ယမင်းက မသိမသာလေး နောက်သို့လှည့်နေ သည်။ သို့သော် ကိုမိုးနောင်က ယမင်းကိုတွေ့သွားကာ ဆိုက်ဆိုက် မြိုက်မြိုက် လာရောက်ပြီး···

"ကွန်ဂရက်ကျူလေးရှင်း···ယမင်း"

"သိုင်းခရူ···ကိုမိုးနောင်"

"ယမင်းအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူပါတယ် ယမင်း၊ ဆိုင်ရှေ့မှာ ယမင်းရဲ့ကားရပ်ထားတာတွေ့လို့ ဝင်လာတာ"

"ဟုတ်ပါတယ် သူငယ်ချင်းရောက်နေတာနဲ့ အတူ လာခဲ့တာ"

"သြော်···ကိုမင်းမောင်ကိုး"

"ဟုတ်ပါတယ်"

ကိုမိုးနောင်က နှုတ်ဆက်သဖြင့် အလိုက်သင့်ပြန် လိုက်သည်။

"ကျွန်တော် ခေတ်ပြားရောင်းတဲ့တိုက်ကိုတောင် ရော ခဲ့သေးတယ်"





"ယမင်းနဲ့ကိုမင်းမောင် ထွက်သွားတယ်လို့ ဦးမြမောင် က ပြောတယ်"

"ကိစ္စအထူးအထွေ ရှိလို့လား ကိုမိုးနောင်"

"ကိစ္စအထွေအထူးတော့ မရှိပါဘူး၊ ယမင်းရဲ့အောင်မြင် မှုအတွက် ဂုဏ်ပြုချင်လို့ပါ"

"ကိုမိုးနောင်ရယ် အချင်းချင်းတွေပဲ မလိုပါဘူး"

"ဒါပြီးရင် ယမင်းဘယ်သွားစရာရှိသေးလဲ"

"မင်းမောင်ကို လိုက်ပို့မယ်လေ"

"သြော်···မင်္ဂလာတောင်ညွန့်က ဘုန်းကြီးကျောင်းကို လား"

မင်းမောင်က ကိုမိုးနောင်ကို ချက်ချင်းပင် ဒေါသဖြင့် ကြည့်လိုက်သည်။ မင်းမောင်ကလည်း သိလိုက်သည်။ သည့်စကားက တမင်ရိုက်ချိုးလိုက်သည့်စကား···

မင်းမောင်မှာ သူ့သီချင်းကိုလည်း အခိုးခံရသေးသည်။ ခုလည်း သူ၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေမည့်စကားကို ပြောလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက လူကိုထန်အမည်ခံပြီး မျက်နှာဖုံးစွပ်ထား
သူခိုး"

လို့ အော်ဟစ်ပြီး ပြောလိုက်ချင်သည်။ သို့သော် သူ
နားတွင် ယမင်းရှိနေ၍ ဘာမှမပြောဘဲ နှုတ်ဆိတ်နေလိုက်သည်
သို့သော် သူတွေးမိသည်။

"ရိုးသားတဲ့လူကို ကောက်ကျစ်တဲ့သူက အနိုင်ရလော
အောင် အမှန်တရားက ဘယ်ရောက်သွားပြီလဲ၊ ဂုဏ်တွေ ငွေ
ဖုံးလွှမ်းနေတဲ့အရပ်မှာ အမှန်တရားဟာ တိမ်မြုပ်ပျောက်ကွယ်
ပြီလား"

ထိုသို့တွေးနေစဉ် ယမင်းက…

"ငါတို့ပြန်ကြစို့"

"အေး မင်္ဂလာတောင်ညွန့်က ဘုန်းကြီးကျောင်းကို
လိုက်ပို့ပါ"

မင်းမောင်က ကိုမိုးနောင်ကို စေ့စေ့ကြည့်ပြီးပြောလို
သည်။ ကိုမိုးနောင်က သူ့ကို တမင်ပြောမှန်းသိသဖြင့် မျ
နှစ်ဖက်ကို တွန့်လိုက်ပြီး အပြုံးမပျက် မချိမချဉ်မျက်နှာဖြ





"ယမင်းသွားမယ်ဆိုရင်သွားပါ၊ ယမင်းအားမယ့်
စ်ရက်မှာ ဂုဏ်ပြုပါရစေ"

"ကောင်းပါပြီ"

မတတ်သာ၍ ကောင်းပါပြီဟုပြန်ပြောရင်း ကားဆီသို့
ာခဲ့သည်။ ကားကလေးမှာ မင်္ဂလာတောင်ညွန့်သို့ဦးတည်၍
ောင်းနေသည်။

"ကိုမိုးနောင်ကို ကြည့်ရတာတစ်မျိုးပဲ"

မင်းမောင်က သူ့အမြင်ကိုပြောလိုက်သည်။

"ကိုမိုးနောင်လား သူက ယမင်းကို တစ်ဖက်သတ်
ိုက်ကြိုက်နေတာ"

"ဪ ဒါကြောင့် ငါ့ကိုတမင်အရှက်ခွဲလိုက်တာပေါ့"

"ဟုတ်တယ် သူတို့နဲ့တစ်ဖွဲ့တည်း အလုပ်လုပ်တော့
လိုက်အထိုက်ပြောနေရတာ၊ မိန်းမကိစ္စရှုတ်တဲ့သူမို့ ယမင်းက
ရှောင်ရှောင်နေတာ"

ဤသို့ဖြင့် ယမင်းထံမှ ကိုမိုးနောင်၏အကြောင်းကို
ြားသိခဲ့ရသည်။ မိန်းမတစ်ယောက်၏ရှေ့တွင် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ အားနည်းချက်ဖြစ်သည့် ဆင်းရဲမှုကိုထောက်ပြ တတ်သော သေးသိမ်သည့်စိတ်ကို သိလိုက်ရသည်။

သည်နေ့တော့ သူနိုးက လူကိုပြန်ပတ်သည့်အဖြစ်မျိုး ခံစားလိုက်ရသည်။

❖ ❖ ❖ ❖ ❖





အခန်း (၆)

မင်းမောင်နှင့်မင်းအောင်

"မင်းမောင် ညှို့သည်လာတွေ့တယ်"

အချုပ်ခန်းသို့ ညှို့သည်လာတွေ့သည်ဆိုကတည်းက ယမင်းမှလွဲ၍ မည်သူဖြစ်နိုင်မည်နည်း။ ထိုအတွေးဖြင့် ထောင်ဝါဒါ ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့သည်။

မင်းမောင်သည် သံဇကာတစ်ဖက်ခြားနေသော နေရာမှ ယမင်းကို တွေ့လိုက်ရသည်။ ယမင်းက သူ့ကိုတွေ့သည်နှင့်…

"မင်းမောင် နင်နေကောင်းရဲ့လား"

"အေး…ကောင်းပါတယ်"

"နင့်အတွက်ထုချေဖို့ ငါ ဝတ်လုံတော်ရမင်းကို ခေါ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယမင်းက ထိုသို့ပြောသဖြင့် လှမ်းကြည့်လိုက်သည်။ တစ်ခါက ယမင်း၏နေအိမ်တွင် တွေ့ဆုံခဲ့ဖူးသည့် ဘီလပ်ပြန် ဝတ်လုံတော်ရမင်းကိုတင်မောင်ဆွေ ဖြစ်နေသည်။

သည့်တွင် ကိုတင်မောင်ဆွေမှ...

"ကိုမင်းမောင် ကျွန်တော်က ဝတ်လုံတော်ရတင်မောင်ဆွေပါ၊ ခင်ဖျားနဲ့ ယမင်းတို့အိမ်မှာ ဆုံခဲ့ဖူးတယ် မှတ်မိလား"

"ဟုတ်ကဲ့ ဝတ်လုံတော်ရမင်းကို ကျွန်တော်မှတ်မိပါတယ်"

"ခင်ဖျားအမှုအတွက် ကျွန်တော်က အကျိုးဆောင်အဖြစ် လိုက်ပေးမယ်"

"ကျေးဇူးတင်ပါတယ် ဆရာဦးတင်မောင်ဆွေ ကျွန်တော့်မှာ အားကိုးစရာဆိုလို့ ဆရာတို့ပဲရှိပါတယ်"

"ဒါဆိုရင် အကျိုးဆောင်ငှားတဲ့စာရွက်မှာ လက်မှတ်ထိုးပါ"

"လောလောဆယ် အကျိုးဆောင်ငှားနိုင်လောက်အောင် ကျွန်တော့်မှာငွေမရှိဘူး ဆရာဦးတင်မောင်ဆွေ"





"ငွေကအဓိကမဟုတ်ပါဘူး၊ ကျွန်တော်လိုချင်တာက အမှန်တရားပဲ၊ ခင်ဖျားရဲ့အမှန်တရားကို ထုတ်ဖော်တင်ပြဖို့ ကျွန်တော်လာခဲ့တာပဲ"

"ဆရာရယ် ကျွန်တော်သူ့ကို တကယ်မသတ်ပါဘူး"

"ဒါဆို ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာကိုပြောပြပါ"

"အဲဒီညနေခင်းက သီချင်းတွေသွားပေးဖို့ ဦးမြမောင် အိမ်ကိုလာခဲ့တယ်၊ အခန်းထဲရောက်တော့ ဦးမြမောင်ဟာ သွေး အလိမ်းလိမ်းနဲ့ ဓားဒဏ်ရာနဲ့သေနေပြီ၊ သွေးတွေမြင်တော့ ကျွန်တော်အရမ်းလန့်သွားတယ်၊ အဲဒီအချိန်မှာ ကျွန်တော်ဟာ အမှောင်ထုဖုံးသွားပြီး ဘာမှမသိတော့ဘူး၊ ကျွန်တော်သိတဲ့အချိန် မှာ ကျွန်တော့်လက်နှစ်ဖက်နဲ့အင်္ကျီမှာ သွေးတွေစွန်းပေနေတယ်၊ ဒါဟာ ကျွန်တော်ဖြစ်လေ့ဖြစ်ထရှိတဲ့ စိတ်ရောဂါပဲ၊ အမေ ဆုံးတုန်းက ဒီရောဂါစပြီးဖြစ်ခဲ့တာ၊ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ ကျွန်တော်ဟာ ဘာမှမသိတော့ဘူး၊ ကျွန်တော်ပြန်သတိရလာ တော့ သွေးတွေနဲ့ဖြစ်နေလို့ ကြောက်လန့်ပြီးထွက်ပြေးတုန်း အဖမ်း ခံရတာပဲဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ခင်ဗျားတကယ်မသတ်ခဲ့ဘူးပေါ့"

"မှန်ပါတယ်ဆရာရယ်"

"ဒါဆိုရင်တော့ ခင်ဗျားရဲ့အမှန်တရားအတွက် ဖော်ထုတ်ပေးရမှာပေါ့"

"ကျေးဇူးပါပဲဆရာရယ်"

မင်းမောင်က ကိုတင်မောင်ဆွေပေးသည့် စာရွက်ပေါ်တွင်လက်မှတ်ရေးထိုးပေးလိုက်သည်။

"ကဲ…မင်းမောင် ငါတို့ပြန်လိုက်ဦးမယ်၊ နင့်အတွက် အစားအစာတွေကို ထောင်ဝါဒါကတဆင့် ပေးခိုင်းထားတယ်"

"ရပါတယ် ငါက ဘာနဲ့ဖြစ်ဖြစ်စားနိုင်ပါတယ်"

"နင့်ရုံးထုတ်မှာ ငါလာခဲ့ဦးမယ်"

"အေးပါ လာမယ့်လူဆိုလို့ ယမင်းပဲရှိတယ်"

ယမင်းနှင့်ကိုတင်မောင်ဆွေတို့နှစ်ဦးက မင်းမောင်ကို နှုတ်ဆက်ပြီး ပြန်သွားခဲ့သည်။

❖ ❖ ❖ ❖ ❖





ဝတ်လုံတော်ရမင်း ဦးတင်မောင်ဆွေ…

သူကား အင်္ဂလန်နိုင်ငံရှိ တက္ကသိုလ်မှ (Barrister at Law)ဘွဲ့ရကာ ဝတ်လုံတော်ရမင်းအဖြစ် ဥပဒေဘက်တော်သား အကျိုးဆောင်တစ်ယောက် ဖြစ်သည်။

သူ၏အသက်မှာ နှစ်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသည်။ မြန်မာနိုင်ငံတွင် အသက်အငယ်ဆုံးသော ဝတ်လုံတော်ရပင်ဖြစ်ပေသည်။ ဦးတင်မောင်ဆွေ၏ဖခင်မှာ နိုင်ငံခြားသွင်းကုန် ထုတ်ကုန်ကုမ္ပဏီကြီးတစ်ခုဖြစ်ရာ သားဖြစ်သူကို ထိုကုမ္ပဏီ၌ ဦးစီးဦးဆောင် ပြုစေလိုသည့်အတွက် စီးပွားရေးပညာကို သင်ကြားစေချင်သည်။ ကိုတင်မောင်ကား ဤသို့မဟုတ်။ နယ်ချဲ့ တို့၏ လက်အောက်၌ ကျွန်သဘောက်ဖြစ်နေသည့် တိုင်းသူ ပြည်သားများမှာ နည်းမျိုးစုံဖြင့် အဘိဒုက္ခရောက်နေခဲ့သည်။ ဤဒုက္ခမှကယ်တင်ရန် ဥပဒေမှတပါး အခြားမရှိပေ။ ထို့ကြောင့် အိမိတို့၏ တိုင်းသူပြည်သားများကို ကာကွယ်ရန် အင်္ဂလန်၌ ဥပဒေ ပညာကို သွားရောက်သင်ယူခဲ့သည်။

မြန်မာနိုင်ငံသို့ပြန်ရောက်သောအခါ နယ်ချဲ့လက်အောက်



www.burmeseclassic.com

www.burmeseclassic.com



၌ အလုပ်လုပ်မည်ဆိုပါက စက်ရှင်တရားသူကြီးသော်လည်းကောင်း ရန်ကုန်-မန္တလေးစသည့်မြို့ကြီးများတွင် တရားသူကြီးအဖြစ်ဖြင့်လည်းကောင်း၊ အစိုးရတရားရုံးတော်၌ တာဝန်ခန့်ထားခြင်းခံရပေမည်။

သို့သော် နယ်ချဲ့လက်အောက်၌ မလုပ်လို၍ မိမိကိုယ်ပိုင်အလုပ်ဖြစ်သော ဝတ်လုံတော်ရအဖြစ် လိုက်ပါဆောင်ရွက် အကျိုးဆောင်ပေးခဲ့သည်။

အထူးသဖြင့် သူသည် ငွေကြေးမတတ်နိုင်သည့် ဆင်းရဲသားများဘက်မှ လိုက်ပါဆောင်ရွက်လေ့ရှိသည်။ သူ အမိက လိုက်ပါသည့်အမှုမှာ ဆင်းရဲပြီးဖိနှိပ်ခံရသဖြင့်၊ မတရားသဖြင့် တရားခံအဖြစ်သို့ ရောက်သွားသူများကို ငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လိုက်ပါဆောင်ရွက်ပေးခဲ့သည်။

သူသည် မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး မိမိလူမျိုးအများစုမှာ ဥပဒေဆိုသည်ကို ဘာမှန်းမသိ၍ နယ်ချဲ့လက်ကိုင်တုတ်များ၏ အန္တရာယ်ပေးမှုမှကာကွယ်ရန် အမှုလိုက်ခဲ့ခြင်းဖြစ်သည်။





အမှန်တရားကို ထင်ရှားအောင် စစ်ဆေးတင်ပြနိုင်သဖြင့် တစ်နှစ်အတွင်း သူလိုက်ပါဆောင်ရွက်ခဲ့သမျှ အမှုအားလုံးနိုင်ခဲ့သည်။ သူကိုယ်တိုင်က အမှန်တရားကို ချစ်မြတ်နိုးသူဖြစ်၍ အမှုမှန်သည်ထင်သည့်ဘက်က လိုက်ခဲ့သည်။ ငွေမည်မျှပုံပေးစေကာမူ လိမ်ညာလုပ်သည့်ဖျားကာ အမှုကို အနိုင်ယူလိုသူများဘက်က မည်သို့မျှလိုက်ပါခြင်း မပြုခဲ့ပေ။

သူသည် အမှန်တရားကိုချစ်မြတ်နိုးသလို ဥပဒေရှုထောင့်မှ အနိုင်တိုက်သဖြင့် ဝတ်လုံတော်ရမင်း၏ ဂုဏ်သတင်းမှာ ကျော်ဇောခဲ့လေသည်။

ထို့အပြင် ယမင်း၏ဖခင်နှင့်သူ၏ဖခင်တို့မှာ သူငယ်ချင်းများဖြစ်ပြီး ကုမ္ပဏီတွင် အစုစပ်ဝင်ထားသူလည်းဖြစ်သည်။ ကိုတင်မောင်ဆွေမှာ အရွယ်ရောက်လာပြီး အင်္ဂလန်၌ ဥပဒေပညာသင်ယူခဲ့သည့်အတွက် ယမင်းနှင့် မိဘချင်းသဘောတူထားခဲ့သည်။

ယခုရန်ကုန်သို့ ကိုတင်မောင်ဆွေ ပြန်ရောက်သောအခါ အသံကောင်းရုပ်ချောသည့် ယမင်းကို နှစ်သက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး ဖွင့်မပြောဖြစ်သေးဘဲ အချိန်ကိုစောင့်နေသည့် ကာလဖြစ်သည်။

ကိုတင်မောင်ဆွေသည် ရန်ကုန်ထောင်ကြီးမှ ပြန်လာကတည်းက မင်းမောင်၏အပြုအမူ အနေအထားကို သတိထားမိသည်။

သူကား ကိုတင်မောင်ဆွေထက် သုံးနှစ်ခန့်ငယ်ပြီး သူ၏မျက်နှာမှာ ရိုးသားပြီးကြောက်တတ်သူ ဖြစ်ပုံရသည်။ ယခုထောင်ကြီးချုပ်၌သွားတွေ့စဉ် လွန်စွာကြောက်လန့်နေပြီး စကားပြောရာတွင်ပင် အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။ သူ မတရားခံရမည်ကို စိုးထိတ်နေပုံရသည်။ တကယ်တော့ လက်ပူးလက်ကြပ်မိနေသည့်အတွက် ဤအမှုမှာနိုင်ဖို့ ရာခိုင်နှုန်းနည်းသည်။ အကယ်၍ ပြစ်မှုစီရင်ခြင်းခံရပါက ကြိုးမိန့်သော်လည်းကောင်း၊ တစ်သက်တစ်ကျွန်းသော်လည်း ဖြစ်နိုင်သည်။ သည်တော့ သူကြောက်မည်ဆိုလည်း ကြောက်သင့်သည်။ ထိုပြစ်ဒဏ်နှစ်ရပ်လုံးမှာ ကြီးလေးသည့်ပြစ်ဒဏ်များ ဖြစ်သည်။

သည်နေ့ . . .





ဦးမြမောင်သတ်သည့်အမှုဖြင့် ရုံးထုတ်သည့်နေ့ . . .

တရားခံမင်းမောင်အား တရားလို၏ရှေ့နေမှ မေးမြန်းခဲ့သည်။

"မောင်မင်းဟာ သေဆုံးသူဦးမြမောင်အပေါ်မှာ သီချင်းကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်မှုရှိခဲ့တယ် မဟုတ်လား"

"မရှိပါ"

"မောင်မင်း ကောင်းကောင်းဖြေပါ၊ မောင်မင်းရဲ့သီချင်းတွေကို ဝယ်ပြီး အဆိုတော်ယမင်းရွှေစင်နဲ့ သီဆိုပြီး ခေတ်ပြားသွင်းခဲ့တယ်၊ ခေတ်ပြားထွက်လာတော့ ဂီတစာဆိုနေရာမှာ ဦးမိုးနောင် ဖြစ်နေတဲ့အတွက် ခေတ်ပြားဆိုင်မှာ ဦးမြမောင်နဲ့ မောင်မင်းတို့ အချေအတင် စကားများကြတယ်ဆိုတာ မှန်သလား"

မင်းမောင်ကစဉ်းစားပြီးမှ . . .

"မှန်ပါတယ်"

"ဒါကြောင့် မောင်မင်းဟာ ဦးမြမောင်ကို အငြိုးထားပြီး သတ်လိုက်တယ်ဆိုရင် မောင်မင်း ဘာပြောမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ငြင်းဆိုပါတယ်၊ မသတ်ပါဘူး၊ ဒီလောက မှာ ဒီကိစ္စတွေဟာ ဖြစ်တတ်ပါတယ်၊ ပထမပိုင်းတော့ မသိလို့ ပြောမိပေမယ့် ဦးမြမောင်ဟာ ကျွန်တော်ကျေနပ်တဲ့ငွေကြေးကို ပေးတဲ့အတွက် သူ့အပေါ်မှာ ကျွန်တော်စိတ်မဆိုးပါဘူး"

"ဒါဆိုရင် မောင်မင်းကိုဖမ်းမိတဲ့အချိန်မှာ လက်နှစ်ဖက် စလုံးနဲ့ အင်္ကျီတွေမှာ သွေးတွေပေနေတယ်၊ အင်္ကျီကသွေးကိုယူပြီး ဓာတုဗေဒစစ်ဆေးလိုက်တဲ့အချိန်မှာ ဦးမြမောင်ရဲ့သွေးနဲ့အင်္ကျီက ပေနေတဲ့သွေးက အတူတူပဲဆိုတာ မောင်မင်းသိသလား"

"မသိပါ"

"ဒါဆိုရင် ကျွန်တော်ရဲ့စစ်ဆေးခြင်း ရပ်နားပါပြီ"

ထိုသို့ဖြင့် ဦးမြမောင်၏ အကျိုးဆောင်က မေးခွန်းမေးခြင်းကို ရပ်နားလိုက်သည်။ ထို့နောက် မင်းမောင်၏အကျိုးဆောင်မှ ဆက်လက်စစ်ဆေးခဲ့သည်။

"မောင်မင်း အချင်းဖြစ်ပွားစဉ်က ဘယ်လိုဖြစ်သလဲ ဆိုတာပြောပြပါ"

"ကျွန်တော်ဟာ သီချင်းစာရွက်တွေပေးဖို့ ဦးမြမောင်ရဲ့





အိမ်ကိုသွားတော့ ဦးမြမောင်ဟာ ရင်ဘတ်မှာဓားတန်းလန်း ဖြစ်နေပြီး တစ်ကိုယ်လုံးမှာ သွေးအိုင်ထဲမှာရှုပြီးလဲနေတယ်၊ ကျွန်တော်ရောက်သွားတော့ လူတစ်ယောက်ဟာ နောက်ဖေးဘက် ကို ပြေးဝင်သွားတာတွေ့ရတယ်"

"ဒါဆို မောင်မင်းက အဲဒီလူကိုမှတ်မိသလား"

"မမှတ်မိပါ"

"ဓားကိုရောကိုင်မိပါသလား"

"ဓားကိုမကိုင်မိပါ"

"ဓားကိုလက်ဗွေစစ်ဆေးတဲ့အခါမှာ မည်သည့်လက်ဗွေ ရာမှ မတွေ့ရဘူးဆိုတာ သိပါသလား"

"မသိပါ"

"ဓားမှာ လက်ဗွေရာမတွေ့ရတဲ့အတွက် လူသတ်သမား ဟာ မောင်မင်းမောင်ဖြစ်တယ်လို့ မစွပ်စွဲနိုင်ပါဘူး၊ သံသယ အကျိုးကို တရားခံက ခံစားထိုက်ပါတယ်၊ မင်းကြီးခင်ဗျား အဲဒီ စကားကို မှတ်တမ်းတင်ပေးပါခင်ဗျာ"

ထိုသို့ တရားခံ၏အကျိုးဆောင်မှ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွက် စက်ရှင်တရားသူကြီးက…

"မှတ်တမ်းတင်ခွင့်ပြုပါတယ်"

ဟုပြောသဖြင့် စာရေးကြီးက မှတ်တမ်းတင်လိုက်သည်။

"မင်းကြီးခင်ဗျာ ဆက်မေးခွင့်ပြုပါ"

"ခွင့်ပြုပါတယ်"

"မောင်မင်း ဘာဆက်ဖြစ်သလဲပြောပါ"

"ကျွန်တော်ဟာ သွေးတွေမြင်ပြီး စိတ်ရောဂါပြန်ထလာပါတယ်၊ အမှောင်ဖုံးသွားပြီး ဘာကိုမှမသိတော့ပါဘူး၊ ကျွန်တော်သတိရတဲ့အချိန်မှာ ကျွန်တော်လက်တွေနဲ့အင်္ကျီမှာ သွေးတွေပေနေပြီ"

"ဒါဆိုရင် ယခုသေသူ ဦးမြမောင်သေပြီးမှတွေ့တယ်ဆိုတာမှန်သလား"

"မှန်ပါတယ်"

ဤတွင် ဦးမြမောင်၏အကျိုးဆောင် ဦးသိန်းမောင်က…

"နိမိတ်ပြမေးခွန်းဖြစ်လို့ ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"





ဟူ၍ ထပြီးကန့်ကွက်လိုက်သည်။

ထိုသို့ စစ်မေးပြီးနောက် တရားသူကြီးက ရုံးချိန်းပေးလိုက်သည်။ ယမင်းကမူ မင်းမောင်ရုံးထုတ်သည့်နေ့တွင် ထမင်းဟင်းများကို ချိုင့်ဖြင့်သယ်လာပြီး ကျွေးမွေးခဲ့သည်။

ထိုသို့ဖြင့် တစ်နေ့တာ အချိန်ကုန်ဆုံးသွားခဲ့သည်။

ဝတ်လုံတော်ရမင်း ဦးတင်မောင်ဆွေမှာ ညအချိန်တွင် မင်းမောင်အား စစ်မေးထားသည့်စစ်ချက်ကို ပြန်ဖတ်နေသည်။ မင်းမောင်၏ ညှိုးငယ်သောမျက်နှာလေးကို မြင်ယောင်လာခဲ့သည်။ ထို့နောက် သူပြောသည့်စကားကို ကြားယောင်မိသည်။

"ကျွန်တော် ဦးမြမောင်ကို တကယ်မသတ်ပါဘူးဆရာရယ်၊ ကျွန်တော့်လိုသီချင်းရေးတဲ့လက်က ဘယ်လိုလုပ်ပြီး လူတစ်ယောက်ရဲ့အသက်ကို သတ်ရဲမှာလဲဆရာရယ်"

သည်တွင် ယမင်းကလည်း ဤသို့ပြောခဲ့သည်။

"ဟုတ်ပါတယ် မင်းမောင်ဟာ ကျွန်မနဲ့ငယ်ငယ်လေးကတည်းက အတူတူနေလာတာပါ၊ ပျော့ပျော့နွဲ့နွဲ့လေးမို့ မိန်းမလျာလို့တောင်ခေါ်ကြတယ်၊ အခုလည်း သီချင်းရေးဆရာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စိတ်ဟာ အရမ်းနူးညံ့တယ်၊ သူ့ကို ယမင်းအာမခံတယ် သူဟာ လူသတ်သမားမဟုတ်ဘူး"

"ယမင်းရယ် မင်းရဲ့သူငယ်ချင်းဟာ သူမသတ်တဲ့ အကြောင်းကို သက်သေခံမယ့်သူမရှိဘူး၊ အမှန်တရားထင်ရှားပြ နိုင်အောင် ငါဘယ်လိုလုပ်ရပါ့မလဲ"

ပွဲတိုင်းကျော် အောင်ပွဲဆင်လာသည့် ဝတ်လုံတော်ရမင်း ဦးတင်မောင်ဆွေ အခက်တွေ့ချေပြီ။

"သည်ပုံစံသည်နည်းနဲ့ ဘယ်လိုမှ အမှန်တရားကို သက်သေမပြနိုင်ဘူး"

ရေခဲတောင်စီးကရက်ကို သောက်ရင်း အကြံထုတ်ခဲ့ သည်။ နောက်တော့ မင်းမောင်ပြောသည့် စိတ္တဇဝေဒနာနှင့် ပတ်သက်သည့် စကားကိုသတိရမိသည်။

"ကျွန်တော့်အမေ သေတုန်းကတစ်ကြိမ်၊ ဦးမြမောင် သေတုန်းကတစ်ကြိမ်၊ ကျွန်တော် ဘာကိုမှမမြင်ရအောင် အမိုက် မှောင်ကြီးဖုံးလွှမ်းသွားခဲ့တယ်၊ အကြာကြီးနေမှ သတိပြန်ရလာ တယ်၊ အဲဒီလိုမဖြစ်ခင်မှာ ကျွန်တော်ရဲ့ခေါင်းဟာ အကြီးအကျယ်





ကိုက်လာပြီး မခံမရပ်နိုင်အောင် ခံစားရတယ်၊ အဲဒီလိုဖြစ်ပြီး အားလုံးကို မေ့သွားတော့တာပဲ"

"ဒါဟာ အမြဲဖြစ်နေတာလား၊ ဒါမှမဟုတ်ရင် ဘယ်အချိန်အခါမှာ ဖြစ်တာလဲ"

"အမြဲဖြစ်တာမဟုတ်ဘူး၊ တစ်နှစ်တစ်ခါဆိုတဲ့ အချိန် ကန့်သတ်ချက်လည်းမရှိဘူး၊ ကျွန်တော်မကြိုက်တဲ့အချင်းအရာ ဒေါသဖြစ်စရာ ဖြစ်ရပ်တွေနဲ့တွေ့ပြီး အရမ်းပေါက်ကွဲသွားတဲ့ အခါမျိုးမှာ ဖြစ်တတ်ပါတယ်"

သူ့ရောဂါမှာ ပတ်ဝန်းကျင်အခြေအနေ၊ မကြိုက် နှစ်သက်သောဖြစ်စဉ်ပေါ်တွင် မူတည်ပြောင်းနေသဖြင့် ရောဂါ ဖြစ်ချိန်ကို မည်သို့ထင်ရှားအောင် ပြရမည်နည်း။

အမှန်တကယ်တော့ သူသည် ဦးမြမောင်ကို သတ်သည် ဟူသည့်စွပ်စွဲချက်ကို ပျက်ပြယ်စေမည့် တစ်ခုတည်းသော နည်းလမ်းမှာ သူ၏စိတ္တဇဝေဒနာရှိကြောင်း ထင်ရှားအောင်ပြရန် ဘာဝန်သာလျှင် ဖြစ်ပေသည်။

"ဒီတစ်ပတ်တော့ တရားခံမင်းမောင်မှာ စိတ္တဇဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း စစ်ဆေးခွင့်ပြုဖို့ လျှောက်ရမယ်"

"ဒါဟာ တစ်ခုတည်းသော ထွက်ပေါက်တစ်ခုပဲ"

"သူဟာ ငါတို့မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်ပြီး ဆင်းရဲနွမ်းပါးတဲ့သူ၊ စိတ္တဇရောဂါရှိတဲ့သူကို ဘာပဲဖြစ်ဖြစ် သူ မသတ်ကြောင်း ငါလုပ်နိုင်ရမယ်"

ကိုတင်မောင်ဆွေမှာ စဉ်းစားရင်း ညဥ့်နက်သွားခဲ့သည်။

ယနေ့ ရုံးချိန်းနေ့သို့ရောက်ခဲ့ပြန်သည်။

တရားလို၏အကျိုးဆောင်မှ မင်းမောင်ကို စစ်မေး သည်။

"မောင်မင်းဟာ အချင်းမဖြစ်မီ ညနေပိုင်းမှာ ဦးမြမောင်ရဲ့အိမ်ကို ရောက်ခဲ့တယ်ဆိုတာ မှန်သလား"

မင်းမောင်က မည်သို့မျှမဖြေပါ။

"အဲဒီနေ့က မောင်မင်း ဧည့်ခန်းဝရောက်နေတဲ့အချိန်မှာ ယမင်းရွှေစင်ကို ဦးမြမောင်က ဆွဲလားရမ်းလားလုပ်တဲ့အတွက် ယမင်းရွှေစင်ကငိုပြီး အိမ်ခန်းထဲက အပြေးထွက်သွားခဲ့တယ် ဒါကို မင်းမြင်တော့ အရမ်းဒေါသပွပြီး နောက်တစ်နေ့မှာ ဦးမြမောင်





ကို မင်းသတ်ခဲ့တယ်မဟုတ်လား"

"မဟုတ်ဘူး...မဟုတ်ဘူး"

မင်းမောင်မှာ လွန်စွာစိတ်ထိခိုက်သွားပြီး အသံကျယ်ကြီးဖြင့်အော်ပြောလိုက်သည်။ ထိုသို့ပြောလိုက်သဖြင့် ဦးမြမောင်ဘက်မှ အကျိုးဆောင်က

"မောင်မင်း ဒါဟာရုံးတော်ဖြစ်တဲ့အတွက် ရှိရှိသေသေပြောပါ"

"မဟုတ်ဘူး...မဟုတ်ဘူး"

မင်းမောင်မှာ နားနှစ်ဖက်ကိုပိတ်ပြီး စောစောကထက်ပိုပြီးအသံကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

သည့်နောက် မင်းမောင်မှာ အလွန်အမင်းခေါင်းကိုက်သွားပြီး လက်နှစ်ဖက်ဖြင့် နားထင်ထောက်ကာ ဝက်ခြံတွင်း၌ ထိုင်ချလိုက်သည်။

"ဟော တရားခံဘာဖြစ်သွားလဲမသိဘူး"

အမှုစစ်ဆေးခြင်းကို လာရောက်နားထောင်သည့် ပရိသတ်ထဲမှ အသံထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မင်းမောင်မှာ မြန်းကနဲ မတ်တပ်ရပ်လိုက်သည်

သူ၏မျက်နှာမှာလည်း ကြမ်းတမ်း ခက်ထန်သောအသွင်သို့ ချက်ချင်းပြောင်းသွားပြီး ဝက်ခြံအတွင်းမှ ခုန်ထွက်ကာ အကျိုးဆောင်ဦးသိန်းမောင်၏ ရှေ့သို့သွားပြီး

"မင်းတို့က ဒီလောက်ကြောက်တတ်တဲ့ မင်းမောင်ကို ဘာကြောင့်ဟိန်းဟောက်နေရတာလဲ"

"မင်းမောင်က မင်းပဲမဟုတ်လား"

"မဟုတ်ဘူး၊ ငါက သူ့ရဲ့အစ်ကိုမင်းအောင်ပဲ မင်းမောင်လို သတ္တိနည်းတဲ့အကောင်မဟုတ်ဘူး၊ သတ္တိရှိတဲ့ မင်းအောင်လာပြီ မင်းသေပေတော့"

ပြောပြောဆိုဆို တရားလို၏အကျိုးဆောင်ဦးသိန်းမောင်၏ လည်ပင်းကိုညှစ်လိုက်ရာ လွန်စွာနာကျင်သွားပြီး...

"အား...ဗူး...ဗူး"

ချက်ချင်းပင် အခြေအနေက ပြောင်းလဲသွားသည်။

တရားရုံးက ပုလိပ်သားများရောက်လာပြီး မင်းမောင်ကို ဝိုင်းပြီးထိမ်းချုပ် ပေးခဲ့ရသည့်အထိ အခြေအနေ ဆိုးဝါးသွားခဲ့





သည်။

သည်သို့သော အရေးပေါ် အခြေအနေအပေါ် ဝတ်လုံတော်ရ မင်းဦးတင်မောင်ဆွေက အခွင့်အရေးကို အရယူခဲ့သည်။

"မင်းကြီး ကျွန်တော့်ကိုလျှောက်ထားခွင့်ပြုပါ"

"လျှောက်ပါ"

"မင်းကြီးခင်ဗျား ယခုရုံးတော်ရှေ့သို့ ရောက်ရှိနေတဲ့ တရားခံလို့စွပ်စွဲခံရသူ မင်းမောင်ဟာ စိတ္တဇဝေဒနာသည် တစ်ယောက်ဖြစ်ပါတယ် သူဟာ သူ့အမေသေဆုံးစဉ်ကတစ်ကြိမ်၊ ဦးမြမောင်သေဆုံးပြီး သွေးအိုင်ထဲမှာလဲနေတုန်းကတစ်ကြိမ် ပြင်းထန်တဲ့ဝေဒနာကိုခံစားရပြီး သတိလက်လွတ်ဖြစ်သွားခဲ့ပါတယ်၊ အခုတစ်ကြိမ်မှာလည်း ဒီဝေဒနာဆိုးကြီးကို ထပ်မံခံစားရတာ မင်းကြီးနဲ့တကွ အားလုံးတွေ့ကြပါတယ်၊ ဒါကြောင့် ရုံးတော်က ရောဂါရှိမရှိ စစ်ဆေးပေးဖို့လျှောက်ထားအပ်ပါတယ် ခင်ဗျား"

စက်ရှင်တရားသူကြီးသည် ဦးတင်မောင်ဆွေ၏လျှောက်ထားချက်ကို နားကြားပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com



"တရားခံဟုစွပ်စွဲခံရသူမင်းမောင်ကို စိတ်ရောဂါရှိမ
စစ်ဆေးခွင့်ပြုသည်"

ဤသို့ စစ်ဆေးခွင့်ပြုရန် အမိန့်ချမှတ်လိုက်သည်။ ဝတ်လုံတော်ရမင်းမှာ ထိုသို့ခွင့်ပြုသည့်အတွက် ဝမ်းသာအား ဖြစ်ကာ မင်းမောင်ကိုပြုံးပြလိုက်သည်။ မင်းမောင်ကမူ အူကြောင် ကြောင် အမူအရာဖြင့် သူ့ကိုကြည့်နေသည်။

ဤသည်ကား အမှန်တရားအတွက် အောင်မြင်မှုရလ ကောင်းဖြစ်စေမည့် ပွဲဦးထွက်ခြေလှမ်းတစ်ခု ဖြစ်ပေသည်။ အ ဖြစ်စဉ်အရ မင်းမောင်သည် ဦးမြမောင်၏အလောင်းကိုတွေ့စဉ်က မည်သည့်သက်သေမျှ မရှိသည့်အပြင် သွေးစွန်းသောလက်နှ သွေးစွန်းသောအင်္ကျီတို့က လူသတ်သမားဖြစ်သည်ဆိုသည် အချက်ကို တွန်းပို့သည့်ထင်ရှားသည့် သက်သေဖြစ်၍ လက် လက်ကြပ်မိသည်ဟု ဆိုနိုင်သည်။

လူသတ်ခြင်းနှင့် မသက်ဆိုင်ခြင်းတို့ နှစ်ခုကြားတွင် ပြတ်နေသည့်ကွင်းဆက်ကား တရားခံ၏စိတ္တဇဝေဒနာပင် ဖြစ် သည်။ ထိုဝေဒနာကို ဖော်ထုတ်နိုင်မှသာလျှင် အမှုမှန်ပေါ်ပေါ်





ကာ အမှန်တရားကို ရရှိခံစားနိုင်ပေမည်။

ယခုမူ စိတ္တဇဝေဒနာရှိမရှိ စစ်ဆေးခွင့်ပြုရန် ကြိုးစား နေစဉ် ထိုအမိန့်ရသဖြင့် မင်းမောင်၏ဘက်မှ အခွင့်အရေးကောင်း တစ်ခုဖြစ်ပြီး တစ်ပန်းသာသွားပါတော့သည်။

ထိုအမိန့်ရပြီး နောက်တစ်နေ့တွင် မင်းမောင်ကို စိတ်ရောဂါရှိမရှိ စစ်ဆေးခံရန် စိတ်ရောဂါပါရဂူ ဒေါက်တာ ဂုပ္ပတားရှိရာ ဆေးရုံသို့ပို့ပေးခဲ့သည်။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

## စိတ္တဇဝေဒနာရှင်

ယမင်းက ဦးတင်မောင်ဆွေ၏ ရုံးခန်းသို့ရောက်လာခဲ့သည်။

"ဟော...ယမင်းပါလား ထိုင်ပါ"

ဦးတင်မောင်ဆွေက ဆီးကြိုဧည့်ခံလိုက်သည်။

"မင်းမောင်နဲ့ပတ်သက်ပြီး မေးစရာရှိလို့ပါ"

"မေးပါ"

"မင်းမောင်ကို ရုံးချိန်းနေ့က တွေ့လိုက်ရတာ ယမင်းဖြစ်အရမ်းကိုကြောက်လန့်သွားတယ် အစ်ကိုဆွေ"

"ဟုတ်တယ် သူ့စိတ်ရောဂါဟာ တော်တော်ကြမ်းပုံရတယ်"





"သူ့ကို ဒီလိုပုံစံမျိုးနဲ့ တစ်ခါမှမတွေ့ဖူးဘူး၊ ဒီလောက်ကြမ်းလိမ့်မယ်လို့လဲ မထင်မိဘူး၊ ဒီရောဂါကြီးက ကြောက်ဖို့ကောင်းလိုက်တာ"

ယမင်းက မင်းမောင်၏ အပြုအမူကိုကြည့်ပြီး တုန်လှုပ်မှုပြောနေခဲ့သည်။

"ဒါလည်း တစ်နည်းအားဖြင့် ကောင်းပါတယ်"

"ဘယ်လိုကောင်းတာလဲ အစ်ကိုဆွေ"

"သူပြောပုံအရတော့ သူရောက်သွားတဲ့အချိန်မှာ ...မြမောင်ကသေနေပြီ၊ သူကစိတ်ရောဂါရှိတော့ သတိလက်လွတ်ဖြစ်သွားစဉ်မှာ သွေးတွေကိုသွားကိုင်မိမယ်၊ ယောင်ပြီး အင်္ကျီကိုသုတ်မိမယ်၊ ပြီးတော့ ထွက်ပြေးမယ်၊ ပုလိပ်ကမိပြီး အဖမ်းခံရပုံတယ်၊ ဒါကြောင့် အဲဒီဖြစ်စဉ်ကို သူက ရောဂါဖြစ်နေတော့ ပြောပြနိုင်ဘူး၊ ဒါကြောင့် တစ်နည်းအားဖြင့်ကောင်းတယ်လို့ ပြောတာပါ"

"ယမင်းတော့ ဘာမှမပြောတတ်အောင် ဖြစ်နေပြီ"

"ဒါနဲ့ ယမင်းကို အစ်ကိုဆွေမေးစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ"

"ဦးမြမောင်က ယမင်းကို ဆွဲလားရမ်းလားလုပ်တယ် ဆိုတာ တကယ်လား"

"ဟုတ်တယ်လို့ပဲပြောရမလားပဲ၊ သူက အသက် လေးဆယ်ကျော်လောက်ပဲရှိတာ၊ ကုမ္ပဏီပိုင်ရှင်မို့ ဦးတပ်ခေါ်ရင်း အသက်ကြီးတယ်လို့ အများကထင်ကြတယ်၊ နောက်မှဆိုးဖို့ တစ်ယောက်ပေါ့"

"ကဲ…ဆက်ပြောပါဦး"

"သူက အရင်ကတည်းက ယမင်းကို စိတ်ဝင်စားနေ တာတဲ့၊ အခု မင်းမောင်ရောက်လာတော့ မင်းမောင်နဲ့ ခင်ခင် မင်မင်၊ ရင်းရင်းနှီးနှီးနေတာကို ယမင်းရဲ့ချစ်သူလို့ထင်တယ်နဲ့ တူပါတယ်၊ အဲဒါ သူက ယမင်းကို လက်ထပ်ချင်တယ်ပြောလို့ ယမင်းက ထအပြန်မှာ သူက ယမင်းရဲ့လက်ကို လှမ်းဆွဲလိုက် တယ်၊ ယမင်းလည်းအရမ်းရှက်ပြီး သူ့အခန်းထဲက ငိုပြီးထွက်ပြေး ခဲ့တယ်၊ အဲ့ဒါကို မင်းမောင်မြင်သွားတယ်၊ ယမင်းသိသလောက် တော့ ဒါပဲ"





"အေးလေ ဘာပဲဖြစ်ဖြစ် အခုတော့ သူ့မှာရောဂါရှိမှန်း သိလို့ စစ်ဆေးချက်ယူတာ အကောင်းဆုံးပါပဲ"

"ဒါနဲ့ ယမင်းကို အစ်ကိုဆွေပြောစရာရှိတယ်"

"ပြောလေ"

"ဒီမှာပြောလို့ သိပ်မကောင်းဘူး၊ အစ်ကိုဆွေတို့ ခြံပြင်မှာ တစ်ခုခုစားရင်းပြောကြတာပေါ့"

"ကောင်းပါတယ်"

ထိုသို့ပြောဆိုပြီး နှစ်ဦးသားထွက်ခဲ့ကြသည်။

ကိုတင်မောင်ဆွေက ကားကလေးကိုမောင်းကာ ကုက္ကိုင်း နန်းပသန်ပျော်ပွဲစားရုံသို့ သွားခဲ့သည်။

ထို့နောက် ထိုစားပွဲရုံတွင် အခန်းတစ်ခန်းကိုယူကာ ထိုင်လိုက်သည်။ စားသောက်ဖွယ်ရာများမှာကာ အအေး သောက်ရင်း စကားစမြီပြောခဲ့ကြသည်။

"ယမင်းကို စကားပြောဖို့ အချိန်စောင့်နေတာကြာပြီ"

"အစ်ကိုဆွေရယ် အိမ်မှာလဲပြောလို့ရတာပဲ"

"အစ်ကိုဆွေပြောမယ့်စကားက နက်နဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဆွေစကားက အဆန်းပဲ"

"ဟုတ်တယ် အခုတလော စကားအဆန်းတွေကြီးပဲ"

"ပြောပါ အစ်ကိုဆွေ ယမင်းနားထောင်နေပါတယ်"

"အင်း...ဘယ်လိုပြောရမလဲ၊ ဉပဒေပညာရပ်မှာတော့ အစ်ကိုဆွေက လူကြီးပေါ့၊ ဒါပေမယ့် အချစ်ရေးအချစ်ရာမှာတော့ အတွေ့အကြုံနုနယ်သေးတဲ့ ကလေးတစ်ယောက်ပဲ"

"ဩော်...ဒါဆို အစ်ကိုဆွေ့မှာ ချစ်သူတွေဘာတွေ ရှိနေပြီလား၊ ဘယ်သူလဲပြောစမ်းပါဦး ယမင်းသိချင်လိုက်တာ"

"ယမင်း တကယ်သိချင်လား"

"သိချင်တာပေါ့ အစ်ကိုဆွေရဲ့၊ ဝတ်လုံတော်ရမင်းကြီး မဟေသီဟာ ဘယ်သူဖြစ်မလဲဆိုတာ"

"မဟေသီအဆင့်တော့ မရောက်သေးပါဘူး၊ အခု ချစ်ရေးဆိုမလို့"

"ဟင်း...အစ်ကိုဆွေကလည်း အခုမှ လူငယ်ပေါက်စ လေး ကျနေတာပဲ"

"တကယ်မဲ့ လူငယ်ပေါက်စလေးပါပဲ"





"ကဲပါ အစ်ကိုဆွေရယ် ပြောစမ်းပါ"

"အစ်ကိုဆွေ့ရင်ထဲက ချစ်သူက ယမင်းပဲ"

"ရှင်"

ယမင်း လွန်စွာအံ့ဩသွားခဲ့သည်။

"ဘာလဲ ယမင်းအံ့ဩသွားလား"

"အံ့ဩတာပေါ့ အစ်ကိုဆွေရဲ့ အစ်ကိုဆွေဟာ မိဘတွေ သဘောတူထားတယ်ဆိုပေမယ့် ရှုတည်တည်ကြီးနဲ့နေတော့ ယမင်းကို ဒီလိုစကားမျိုးပြောမယ်လို့ မထင်မိဘူး"

"အစ်ကိုဆွေကလည်း မိဘတွေသဘောတူထားတာ ဆိုတော့ နောက်မှ အေးအေးပြောမလို့ ဒါပေမယ့် အခုတလော ကိုမင်းမောင်ပေါ်လာတော့ အစ်ကိုဆွေနောက်ကျသွားမှာစိုးတယ်"

"အစ်ကိုဆွေရယ် မင်းမောင်နဲ့ယမင်းနဲ့ဟာ ငယ်ငယ် လေးကတည်းက သူငယ်ချင်းတွေပါ၊ အခုလည်း သူကဒုက္ခ ရောက်နေတော့ ကူညီမယ်ဆိုလို့ ယမင်းပဲရှိတာ"

"ဒါကို အစ်ကိုဆွေ နားလည်ပါတယ် သဘောထား သေးတာမဟုတ်ဘူး စိုးရိမ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို..အစ်ကိုဆွေကလည်း စိုးရိမ်စရာမလိုပါဘူး"

"ဒါဆို..ယမင်းက အစ်ကိုဆွေကိုချစ်တယ်ပေါ့"

"ဟင်း...ယမင်းက ဘယ်တုန်းက ပြောလို့လဲ"

"ခုနကပဲ စိုးရိမ်ဘို့မလိုဘူးလို့ပြောတယ်လေ အဲဒီလို ပြောခြင်းဟာ ယမင်းက မင်းမောင်ကို မချစ်ဘူး။ အစ်ကိုဆွေကို ချစ်တယ်လို့ အဓိပ္ပါယ်သက်ရောက်တယ်လေ"

"အစ်ကိုဆွေက ဝတ်လုံတော်ရမင်းလို့ မပြောရဘူး။ ကိုယ်လိုတာ ကိုယ်ဆွဲပြီးပြောတယ်"

"အစ်ကိုဆွေလည်း..ယမင်းကိုချစ်လို့ ဒီလိုပြောလိုက်တာပါ"

"ယမင်းစဉ်စားပါရစေ အစ်ကိုဆွေရယ်"

"ယမင်းရယ် မိဘချင်းလဲ သဘောတူပြီးသားပဲ"

"ဟုတ်ပါတယ် အစ်ကိုဆွေ ... ယမင်းက မေမေ့ကို ပြောထားတယ်၊ ကိုယ်တကယ်ချစ်တဲ့သူကိုပဲ လက်ထပ်မယ်လို့"

"ယမင်းရယ် အစ်ကိုဆွေကိုအသည်းကွဲအောင်မလုပ်ပါနဲ့ အစ်ကိုဆွေဟာ ယမင်းနဲ့ မိဘများသဘောတူထားတယ်ဆိုတော့





အချိန်တန်ရင် လက်ထပ်မယ်ဆိုပြီး အေးအေးပဲနေခဲ့တာ"

"အခုရော"

"မရတော့ဘူးယမင်းရယ် အစ်ကိုဆွေကိုအဖြေပေးပါ သော့"

"ယမင်းစဉ်းစားပါ့မယ်အစ်ကိုဆွေ"

ယမင်းတို့စားသောက်ပြီး အိမ်သို့ပြန်လာခဲ့ကြသည်။ ယမင်းကကိုတင်မောင်ဆွေကိုအံ့သြမိသည်။ မိဘများ သဘောတူ ထားခဲ့သည်ဟုပြောတုန်းက မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်လို နေခဲ့သည်။ ယမင်းကလည်း မိန်းမမာနရှိသူမို့ မိမိနှစ်သက်သည့် သူကိုသာ လက်ထပ်မည်ဟု ဆိုခဲ့သည်။

ယမင်းကလည်း ကိုတင်မောင်ဆွေကို ပညာတတ်ပြီး ဝင်မြင့်ကာ အထာကိုင်သူတစ်ဦးဟု ထင်မြင်ခဲ့သည်။ ထိုသို့ သောလူမျိုးကို လက်ထပ်ဖို့ မစဉ်းစားခဲ့ပေ။ သို့သော် သူ၏ မေနှင့် သူမ၏အမေမှာ စီးပွားရေးဆက်ဆံနေရသည့်အတွက် ခုတိုင် ရေလိုက်ငါးလိုက်နေခဲ့သည်။

သူတို့နှစ်ဦးမှာ လူကြီးချင်းသဘောတူထားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယမင်းက ခေါင်းမငြိမ့်သေးသည့်အတွက် ယခုတိုင် လက်ထပ်ရေး ကိစ္စမှာ အကောင်အထည်မဖော်နိုင်သေးဘဲ ဖြစ်နေသည်။

ယခုလို ကိုတင်မောင်ဆွေက ချစ်စကားပြောလာတော့ ယမင်းစဉ်းစားရပေမည်။ သူမ၏အချစ်ကို လိုချင်သူနှစ်ဦးရှိသည်။

တစ်ဦးမှာကို မိုးနောင်ဖြစ်ပြီး ကျန်တစ်ဦးမှာ ကိုတင် မောင်ဆွေ ဖြစ်သည်။ ပထမဦးစွာ ကိုမိုးနောင်အကြောင်း စဉ်းစား မိသည်။

"ကိုမိုးနောင်က ငွေရှိတယ်၊ ဂီတစာဆိုအကျော်အမော် တစ်ယောက်ဆိုတော့ ဂုဏ်ဒြပ်ရှိတယ်၊ ဒါပေမယ့် နောက်ကြောင်း မရှင်းဘူး၊ မသမာတဲ့နည်းနဲ့ စီးပွားရှာတဲ့သူပဲ နောက်ပြီး မိန်းမ ပတ်သက်ပြီး နာမည်ပျက်ရှိတယ်"

"ကိုမိုးနောင်ဟာ အိမ်ထောင်ဘက်ကောင်း တစ်ယောက် မဖြစ်နိုင်ဘူး"

"ပြီးတော့ မင်းမောင်ဟာ ငါ့ကိုချစ်ရေးမဆိုခဲ့ဘူး၊ သူဟာ ငါ့ရဲ့သူငယ်ချင်း၊ ဒီတော့ သူလဲ ငါ့ရဲ့အိမ်ထောင်ဘက်ကောင်း တစ်ယောက်မဖြစ်နိုင်ဘူး"





"အားလုံးထဲမှာ ကိုတင်မောင်ဆွေဟာ ပညာလည်း တတ်တယ်၊ ဂုဏ်သရေရှိတဲ့သူ တစ်ယောက်လည်းဖြစ်တယ်၊ ငါ့အပေါ်မှာလည်း ချစ်တယ်ဆိုတော့ အားလုံးထဲမှာ ရွေးချယ်သင့် တဲ့ အိမ်ထောင်ဘက်တစ်ဦးဖြစ်မယ်"

"နောက်ပြီး အိမ်ထောင်မရှိလို့ ဦးမြမောင်ကလည်း ဖော်ကားမော်ကားပြုချင်တယ်၊ ကိုမိုးနောင်ကလည်း ရှိသဲ့သဲ့"

ယခုဖြစ်ပျက်နေသည့် အကြောင်းချင်းရာအားလုံးကို ခြုံငုံ ကာ စဉ်းစားမိသည်။

သည်ကြားထဲတွင်...

မင်းမောင်ကိစ္စနှင့်ပတ်သက်ပြီး ကိုတင်မောင်ဆွေနှင့် ကြာခဏတွေ့ဆုံခဲ့သည်။

"ယမင်းရယ်...အစ်ကိုဆွေကို အဖြေပေးပါတော့"

"ဘာဖြစ်လို့လောနေတာလဲ အစ်ကိုဆွေရယ်"

"အချိန်မရှိတော့ဘူးယမင်းရဲ့၊ အစ်ကိုဆွေက (၂၈)နှစ် ဆိုတော့ အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီလေ"

"ဟုတ်ပါတယ် ယမင်းတို့အရွယ်တွေက မငယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ကဲပါ…ယမင်းရယ် အစ်ကိုဆွေ့ကိုမညှင်းဆဲပါနဲ့တော့
အစ်ကိုဆွေ့ကို အဖြေပေးပါတော့၊ နို့မို့ရင် အစ်ကိုအလုပ်ကို
ကောင်းကောင်းလုပ်နိုင်တော့မှာ မဟုတ်ဘူး၊ စားလည်းဒီစိတ်
အိပ်လည်းဒီစိတ်''

''အစ်ကိုဆွေက ဟုတ်လဲမဟုတ်ဘဲနဲ့ လျှောက်ပြောနေ
တယ်''

''တကယ်ပါယမင်းရယ်''

''ကဲပါ အစ်ကိုဆွေရယ်၊ အလုပ်လည်းကောင်းကောင်း
လုပ်ပါ၊ ယမင်းအဖြေပေးပါတော့မယ်''

''ကဲ…ပြောပါယမင်း''

'' အစ်ကိုဆွေ ဝမ်းသာပါတော့ အစ်ကိုဆွေ့ကို…ယမင်း
ချစ်တယ်''

''ဝမ်းသာလိုက်တာ ယမင်းရယ်၊ ဒီနေ့ဟာ အစ်ကိုဆွေ့
အတွက် အပျော်ဆုံးနေ့တစ်နေ့ပဲ၊ ယမင်းရောဟင်''

ကိုတင်မောင်ဆွေက ယမင်း၏လက်ကလေးကို ကိုင်ပြီး





မေးလိုက်သည်။

''ယမင်းလည်း ပျော်တာပေါ့အစ်ကိုဆွေရယ်''

ဤသို့ဖြင့် သူတို့နှစ်ယောက် ချစ်သူဖြစ်သွားခဲ့သည်။
ချစ်သူတို့၏ဘဝတွင် အရာရာမှာ သာယာစိုပြေခဲ့သည်။ အမှု
အတွက် တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်သလို၊ ငွေရှိတော့ အားလုံး
ပြည့်စုံခဲ့သည်။

''အစ်ကိုဆွေ ယမင်းတို့ မင်းမောင်ကို သွားကြည့်
ရအောင်''

''သွားလေဒီနေ့ရုံးချိန်းမရှိဘူး၊ အစ်ကိုဆွေအားပါတယ်''

ယမင်းနှင့်ကိုတင်မောင်ဆွေတို့နှစ်ဦးမှာ မင်းမောင်ရှိရာ
ဆေးရုံသို့သွားခဲ့သည်။

''ဒေါက်တာ ကျွန်တော် တရားခံမင်းမောင်ရဲ့အခြေအနေ
ကို လာကြည့်တာပါ''

''လာပါ ထိုင်ပါ ဝတ်လုံတော်ရမင်း''

''တရားခံမင်းမောင်ရဲ့အခြေအနေ ဘယ်လိုရှိပါသလဲ
ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"တရားခံမင်းမောင်ရဲ့အခြေအနေက တစ်ပတ်တိတိ ထူးခြားမှုမရှိဘူး၊ ဒါပေမယ့် ရှစ်ရက်မြောက်တဲ့နေ့မှာ ထူးခြားမှုကို စတင်တွေ့ရှိရတယ်"

ထိုသို့အစချီကာ မင်းမောင်၏ထူးခြားဖြစ်စဉ်ကို ပြောပြခဲ့သည်။ မင်းမောင်မှာ အခြားလူနာများကဲ့သို့မဟုတ်၊ အေးအေးဆေးဆေးနေထိုင်ကာ၊ တစ်ခုခုကိုတွေးနေဟန်ရှိသည်။

သူ့အား စိတ်ပေါ့သူများနှင့် တစ်ခန်းထဲထားကာ ဒေါက်တာဂုပ္ပတားက အခြေအနေကိုစောင့်ကြည့်နေခဲ့သည်။

တစ်ပတ်တိတိ အပြေမပေါ်ခဲ့ပေ။ အေးဆေးငြိမ်သက်စွာ နေခဲ့သည်။ ဒေါက်တာဂုပ္ပတားမှာ အင်္ဂလန်နိုင်ငံ၏ဆေးတက္ကသိုလ်မှ စိတ်ရောဂါဗေဒကို အထူးသင်ယူလာသည့်အတွက် မင်းမောင်ကို ရောဂါရှိမရှိ စစ်ဆေးခဲ့သည်။ မင်းမောင်၏ရောဂါမှာ အမြဲတမ်းဖြစ်ပေါ်နေသည့် ရောဂါမျိုးမဟုတ်ဘဲ အလွန်အမင်း စိတ်လှုပ်ရှားသောအခါမှ ပေါ်ပေါက်တတ်သည့် ရောဂါမျိုးဖြစ်နိုင်ကြောင်း အမှုတွဲစစ်ချက်အရတွေ့ရှိရသည်။

သို့အတွက် ထိုရောဂါထချိန်ကို သိမှသာလျှင် ရောဂါရှိ





ရှိနှင့် ရောဂါ၏အမည်ကို ဖော်ထုတ်နိုင်ပေမည်။

"အင်း…သူ့ရောဂါထကြွချိန်ကို ဖတ်ရှုရတာကတော့ သူ့အမေသေဆုံးချိန်မှာတစ်ခါ၊ ဦးမြမောင်သွေးတွေကိုမြင်ပြီး သိတ်လန့်စဉ်ကတစ်ခါ၊ တရားရုံးတော်မှာတစ်ခါ ရောဂါဖြစ်ကြောင်းဖတ်ရတယ်၊ အခုလိုငြိမ်သက်နေမယ်ဆိုရင် သူ့ရောဂါကို ဘယ်လိုမှရှာဖွေနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ သူ့ရောဂါပေါ်ပေါက်လာအောင် ငါစီစဉ်မှဖြစ်မယ်"

ထိုသို့ဖြင့် အလုပ်သမားသုံးဦးကို စိတ္တဇဝေဒနာသည် ဟန်ဆောင်ခိုင်းပြီး မင်းမောင်နှင့်တစ်ခန်းတည်း နေစေခဲ့သည်။ ထို့နောက် ယမင်းရွှေစင်၏ဓာတ်ပုံပါသော "နှစ်ပေါင်းခုနစ်ရာ ချစ်မေတ္တာ"ကြော်ငြာစာရွက်ကို မှန့်ထုတ်သည့်စက္ကူအဖြစ် အသုံးပြုကာ အလုပ်သမားသုံးယောက်ထံသို့ ပေးလိုက်သည်။ ထို့နောက် ဒေါက်တာဂုပ္ပတားနှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း တစ်ယောက်သောဝေဒနာရှင်ဟန်ဆောင်ထားသူက ဤကြော်ငြာ စာရွက်မှ ယမင်းရွှေစင်၏ပုံကိုကြည့်ကာ…

"အဆိုတော် ယမင်းရွှေစင်က အသံကောင်းသလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှပ်လည်းချောတယ် ငါ့မိန်းမဖြစ်ရင် ဘယ်လောက်ကောင်းမလဲ''

''မင်းလို အရုပ်ဆိုးတဲ့အကောင်ကို ဘယ်မိန်းမက ကြိုက်မှာလဲ၊ ငါဆိုရင် ကြိုက်မှာကျိန်းသေတယ်''

မင်းမောင်မှာ ယမင်းရွှေစင်ဆိုသည့်အသံ ကြားကတည်းက ခေါင်းထောင်ကာကြည့်လိုက်သည်။

ထိုစဉ် နောက်တစ်ဦးကလည်း...

''မင်းတို့နှစ်ယောက်တင် ယမင်းရွှေစင်ကိုကြိုက်တာ မဟုတ်ဘူး ငါလည်းကြိုက်တာပဲ၊ ယမင်းရွှေစင်ကို ချစ်ရေ သွားဆိုမယ် သူကကြိုက်ရင် သူနဲ့ငါလက်ထပ်မယ်''

''တန်ရာ တန်ရာမပြောဘူး၊ ငါ့ကိုပဲကြိုက်မှာ''

သူတို့စကားကိုနားထောင်ရင်း မင်းမောင်မှာ ဒေါသဖြ လွန်း၍ လက်များပင်တုန်ယင်လာသည်။ ဖြစ်နိုင်လျှင် သူတို့ သုံးယောက်စလုံးကို ဝါးရင်းတုတ်နဲ့ အသေရိုက်သတ်ချင်သည် စိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့သည်။

သူ၏မျက်နှာမှာ ဒေါသစိတ်ကြောင့် ကြမ်းတမ်းခက်ထ လာပြီး အံကိုတင်းတင်းကြိတ်ထားလိုက်သည်။ ထိုအချိန်တွ





သူ၏ဦးခေါင်းတစ်ခုလုံးမှာ ပြင်းထန်စွာနာကျင်ကိုက်ခဲလာခဲ့သည်။ ဦးခေါင်းမထောင်နိုင်အောင် ကိုက်ခဲနာကျင်ရကား နားထင်ကို လက်နှစ်ဖက်ဖြင့်ထောက်ကာ မတ်တပ်ရပ်နေရာမှ ထိုင်ချလိုက်သည်။

မင်းမောင်အားထားသည့်အခန်းမှာ သံတိုင်များဖြင့်ကာရံထားရာ ဒေါက်တာဂုပ္ပတားနှင့် သူနာပြုဆရာမလေးများက မင်းမောင်၏အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

သူသည် နားထင်ကိုထောက်ကာ အလွန်အမင်းရှုံ့မဲ့သော မျက်နှာဖြင့် ဝေဒနာခံစားနေရသည်။

သည်တွင် ဒေါက်တာဂုပ္ပတားက...

''ဆရာမ လူနာမှတ်တမ်းမှာရေးပါ၊ လူနာရဲ့စိတ်တွေ ပုံမှန်မဟုတ်တော့ဘူး၊ စတင်ဖောက်ပြန်လာပြီ''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

သည့်နောက် သူ၏တစ်ကိုယ်လုံးတုန်ယင်ကာ မျက်စေ့ကို မှိတ်ထားလိုက်သည်။

သူနာပြုဆရာမလေးက လူနာ၏ဖြစ်စဉ်ကို အသေးစိတ်



www.burmeseclassic.com

www.burmeseclassic.com



ရေးမှတ်နေခဲ့သည်။ လူနာဟန်ဆောင်ထားသည့် အလုပ်သမား သုံးဦးမှာလည်း မင်းမောင်၏ ထူးခြားလာသည့် အခြေအနေကို ရိပ်စားမိသည်။

ထို့ကြောင့် သူတို့သုံးဦးက ယမင်းရွှေစင်၏ပုံကို တစ်ယောက်ဆီက တစ်ယောက်လုကာ…

ရသည့်လူက ယမင်းရွှေစင်၏ပုံကို နမ်းရှုံ့လိုက်ရင်း…

"အဆိုကျော် ယမင်းရွှေစင်နဲ့သာညားမယ်ဆိုရင် သေပျော်ပါပြီ"

"ငါလည်း သေချင်ရင်သေပါစေ၊ အသက်ပေးပြီး ချစ်လိုက်မယ်"

"ငါကလည်း သူ့ကိုအရမ်းကြိုက်တယ်၊ ဒါဆိုရင် ဘယ်လိုဝေခွဲယူမလဲ"

"သူက သက်မဲ့ပစ္စည်းမှမဟုတ်တာ၊ သက်ရှိလူဆိုတော့ ဝေခွဲယူလို့မဖြစ်ဘူး"

"ဒါဆိုရင် ဘယ်လိုလုပ်ရမလဲ"

"တို့သုံးယောက်စလုံး သူ့ကိုယူမယ်"





"ဒီအစီအစဉ်ကောင်းတယ်"

"ဟား…ဟား…ဟား"

ထိုသူသုံးယောက်က အားရပါးရရယ်မောလိုက်သည်။

မင်းမောင်သည် သည်လိုယမင်းနှင့်ပတ်သက်ပြီး မိုက်ရိုင်းစွာ ပြောသည်ကို မည်သို့မျှသည်းမခံနိုင်ပါ။ သူ၏နားထဲတွင် သံပူနှင့်လောင်းလိုက်သလို ပြင်းထန်သောပူလောင်မှုကို ခံစားလိုက်ရသည်။

ထို့နောက် သူ၏မျက်နှာ ရုတ်ချည်းပြောင်းလဲသွားခဲ့သည်။ အလွန်တရာခက်ထန်မာကြောသည့် မျက်နှာသွင်ပြင်သို့ ပြောင်းလဲသွားသည်။ ထိုင်နေရာမှ ချက်ချင်းထကာ ထိုလူသုံးဦးဆီသို့ သွားကာနဲခုနစ်ဝင်ကာ…

"မင်းတို့ဘာကောင်တွေလဲ" ဟူ၍ ဟိန်းဟောက်ကာ မေးလိုက်သည်။

"ငါတို့လား ယမင်းရွှေစင်ကိုကြိုက်တဲ့လူပေါ့ကွ"

ထိုသုံးဦးကလည်း အသံခပ်မာမာနှင့်ပြန်ဖြေလိုက်သည်။

"မင်းတို့ကြောင့် ငါ့ညီလေးမင်းမောင် စိတ်ဆင်းရဲနေပြီ



www.burmeseclassic.com

www.burmeseclassic.com



"ခုနကတော့ မင်းနာမည်မင်းမောင်ဆို၊ အခုတော့ မင်းညီလေးဖြစ်သွားပြီလား၊ မင်းရူးနေပြီနဲ့တူတယ်"

"ရူးတာ ငါမဟုတ်ဘူး၊ မင်းတို့ပဲ ငါက မင်းမောင်ရဲ့ အစ်ကိုမင်းအောင်ပဲ"

"မင်းမောင်ဖြစ်ဖြစ် မင်းအောင်ဖြစ်ဖြစ် ငါတို့ဂရုမစိုက်ဘူး"

"အေး ငါ့ညီမင်းမောင်ကတော့ သတ္တိမရှိဘူး၊ ပျော့ညံ့တယ်၊ မင်းတို့ပြောတဲ့စကားတွေကို မကြိုက်ပေမယ့် ငုံ့ခံမယ့် အကောင် ငါကတော့ ဒီလိုမဟုတ်ဘူး၊ ငါ့ညီ စိတ်ညစ်တာကို နဲနဲမှမခံနိုင်ဘူး၊ သူနဲ့ပတ်သက်ရင် ငါကတော့ထိုးမှာပဲ"

"ထိုးလေကွာ မင်းလဲလက်နှစ်ဖက်၊ ခြေနှစ်ဖက်ပဲ"

"ကဲ…ငါလာပြီဟေ့"

ပြောပြောဆိုဆို သူ့အနီးရှိလူတစ်ယောက်ကို လက်သီးနှင့် ထိုးလိုက်သည်။

"ခွပ်"

"ခွပ်"





"ခွပ်"

ထို့နောက် ခြေထောင့်နှင့်ဆောင့်ကန်သည်။ သူ့ကိုကြည့်ရသည်မှာ အထိုး၊ အသတ်၊ အပုတ် လွန်စွာကျွမ်းကျင်သည့် လူဆိုးတစ်ဦးနှယ် သည်းသည်းမည်းမည်း တိုက်ခိုက်နေသဖြင့် ကျန်သုံးဦးမှာ ကြောက်လန့်နေကြသည်။

"မင်းတို့ ငါ့ညီရဲ့စိတ်ကို ထိခိုက်အောင်လုပ်ရင် အားလုံးသတ်ပစ်မယ်၊ ငါ့နာမည် မင်းအောင်တဲ့ နားလည်လား"

"ဟုတ်…ဟုတ်ကဲ့ပါ"

သုံးဦးသားမှာ လန့်လန့်ဖြန့်ဖြန့်နှင့် ခေါင်းငြိမ့်ခဲ့ရသည်။ နောက်တော့ သူ၏မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကာ ထိုင်ချလိုက်သည်။

အတန်ကြာသောအခါမှ ညိုးငယ်သောမျက်နှာနှင့် သူ့ဘာတင်ပေါ်၌ ထိုင်နေခဲ့သည်။ ထိုစဉ် ဒေါက်တာဂုပ္ပတားနှင့် သူနာပြုဆရာမလေးဝင်လာပြီး ဒေါက်တာဂုပ္ပတားက…

"မောင်မင်းမောင် ဘယ်လိုနေလဲ နေကောင်းရဲ့လား"

"ကျွန်တော်…ခေါင်းအရမ်းကိုက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ဘာဖြစ်သွားတာလဲ"

"ဘာဖြစ်သွားမှန်းမသိဘူး၊ အမှောင်ကြီးကျသွားသလို ခံစားရတယ်"

"ဒါဆိုရင် မင်းရုံးခန်းထဲလိုက်ခဲ့"

"ဟုတ်ကဲ့ပါ"

သူသည် ကြောက်ရွံ့အားငယ်စွာဖြင့် ဒေါက်တာဂုပ္ပတား ခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့သည်။ ရုံးခန်းထဲသို့အရောက်တွင်

"ကဲ...မောင်မင်းမောင် ထိုင်ပါဦး"

"ဟုတ်ကဲ့ခင်ဗျ"

"မင်း ခုနက ဘာဖြစ်သွားသလဲပြောစမ်းပါဦး"

"ကျွန်တော့်နဘေးက လူသုံးယောက်ဟာ ယမင်း အကြောင်းနဲ့ပတ်သက်ပြီး မခံမရပ်နိုင်အောင် ပြောတယ် ကျွန်တော် သည်းခံပေမယ့် စိတ်မထိန်းနိုင်အောင် ခံစားရတဲ့အခါ ကျွန်တော့်အစ်ကိုရောက်လာတယ်"

"ဘယ်လိုရောက်လာတာလဲ"

"ကျွန်တော် အရမ်းစိတ်ထိခိုက်တဲ့အခါမျိုးမှာ သူဟာ ကျွန်တော့်ရဲ့နဘေးကို ဖြန်းကနဲရောက်လာတယ်၊ ပြီးတော့ ကျွန်တော့်ကို မတရားပြောတဲ့သူတွေကို ထိုးကြိတ်ရိုက်နှက်တော့ တာပဲ၊ ကျွန်တော်အစ်ကိုဟာ ကျွန်တော်အားနာသလောက် သူ အားမနာဘူး၊ ကျွန်တော်ကြောက်သလောက် သူကသတ္တိရှိတယ်၊ ရင့်တယ်၊ ကျွန်တော့်ထိရင် ဘယ်တော့မှမခံဘူး၊ သူကဦးအောင် သုပ်ပစ်တာပဲ"

"အဲဒါကို မင်းဘယ်လိုသိသလဲ"

"သူရောက်လာတဲ့အချိန်မှာ အမှောင်ကြီးကျသွားသလို ခံစားရတယ်၊ ကျွန်တော်သတိပြန်ရလာတဲ့အခါမှာ ကျွန်တော့်ရဲ့ အစ်ကိုက ဆုံးမပြီးနေပြီ"

"ဒါဆို မင်းအစ်ကိုရဲ့နာမည်က ဘယ်သူလဲ"

"မင်းအောင်ပါ"

"သူ့ကို မင်းကခေါ်ရင်လာသလား"

"ကျွန်တော်က သူ့ကိုခေါ်လို့မရဘူး၊ ကျွန်တော် ဒုက္ခ ရောက်တဲ့အခါမှာ သူရောက်လာတာပဲ"

"သူမလာခင် ဘယ်လိုခံစားရသလဲ"







www.burmeseclassic.com

www.burmeseclassic.com



"သူလာခါနီးအချိန်မှာ ကျွန်တော်ရဲ့ဦးခေါင်းဟာ အလွန်နာကျင်ကိုက်ခဲတယ်၊ ခေါင်းတစ်ခုလုံးကျဉ်တက်ပြီး အမှောင်ထဲလွှမ်းသွားတော့တာပဲ"

"သူပြန်သွားတဲ့အခါရော ဘယ်လိုခံစားရသလဲ"

ကျွန်တော်သတိပြန်ရတဲ့အခါမှာ ခေါင်းကကိုက်တုန်းပါပဲ ဒါပေမဲ့ တဖြည်းဖြည်းသက်သာသွားတယ်"

"ကောင်းပြီ မောင်မင်းမောင်"

"ဆရာမ မောင်မင်းမောင်ရဲ့ဖြစ်စဉ်ကို အတိအကျရေးမှတ်ပါ၊ ပြီးရင် ဒေါက်တာရဲ့အခန်းထဲကို မှတ်တမ်းယူလာခဲ့ပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ဒေါက်တာဂုပ္ပတားသည် မောင်မင်းမောင်၏ စိတ္တရောဂါဖြစ်စဉ်ကို တစ်ခုချင်းရေးမှတ်ထားသည့် မှတ်တမ်းကို ဖတ်ရှုကြည့်သည်။ ဤမှတ်တမ်းအရ ကိုမင်းမောင်မှာ (Schizophrenia) စကီဇိုဖရီးနီးယားလို့ခေါ်တဲ့ စိတ်ကစဉ့်ကလျားရောဂါဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ထိုရောဂါ၏သဘာဝမှာ မရှိသည်ကိုအရှိဟုထင်မြင်းသည့် အသိစိတ်မျိုးဝင်လာသည်။ ထိုသူများသည် ငယ်စဉ်အခါက ဆင်းရဲပင်ပန်းစွာ နေထိုင်ရပြီး လူအများ၏ အထင်သေးမှု၊ နှိမ့်ချမှုတို့ကြောင့် ဘဝကို ကျေနပ်ရောင့်ရဲခြင်း မရှိခဲ့ပေ။ သူ၏အတွင်းစိတ်သဏ္ဍာန်က လွန်စွာမခံချင်ဘဲ သတ်ချင်သည့်အထိ စိတ်မျိုးဝင်လာခဲ့သော်လည်း သူ၏အနေအထားအရ မည်သူကိုမျှ လက်တုန့်မပြန်နိုင်ပေ။ ထိုအခါ အတွင်းစိတ်၌ ပြင်းထန်စွာ ပေါက်ကွဲမှုဖြစ်ကာ မိမိဘက်မှ မခံမရပ်နိုင်အောင် နာကျင်ပြီး သူ သတ္တိမရှိသလောက် လွန်စွာသတ္တိရှိသူတစ်ဦး သူ့စိတ်၌ ဖြစ်ပေါ်လာခဲ့သည်။

ယခု မင်းမောင်ဖြစ်သည့်ရောဂါမှာ ဤသို့သော စိတ်ကစဉ့်ကလျားရောဂါပင် ဖြစ်ပေသည်။ ထို့ကြောင့် ဒေါက်တာဂုပ္ပတားမှ တရားခံမောင်မင်းမောင်သည် စိတ်ကစဉ့်ကလျားရောဂါရှိကြောင်း ဆေးမှတ်တမ်းနှင့်တကွ ရောဂါဖြစ်ပွားပုံတို့ကို အတိအကျမှတ်တမ်းပြုစုကာ ကိုတင်မောင်ဆွေတို့အား ပြောကြားခဲ့ပါသည်။

"ဝတ်လုံတော်ရမင်းတို့လူနာကို ခိုးလိုက်ကြည့်တာပါ







www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ကောင်းပါတယ်၊ ဒီတစ်ပတ်ရုံးချိန်းမှာ ကျွန်တော် ကိုယ်တိုင်လာရောက် တင်ပြပါ့မယ်"

"ကောင်းပါပြီဒေါက်တာ ကျွန်တော်ကတော့အမှန်တရား ထင်ရှားစေတာတစ်ခုပါပဲ"

"မှန်ပါတယ် ဝတ်လုံတော်ရမင်းရယ် ကျွန်တော်လည်း ဒီလိုစိတ်မျိုးရှိတာပါပဲ"

"ဒါဆို ကျွန်တော်တို့ ကိုမင်းမောင်ကို သွားတွေ့ချင် တယ်"

"သွားပါ ဒီကော်ရစ်တာအတိုင်းသွားပါ ဘယ်ဘက်က အဆောင်မှာ မောင်မင်းမောင်ကိုတွေ့ပါလိမ့်မယ်"

"ကောင်းပါပြီ ဒေါက်တာ"

"လာ ယမင်း သွားကြည့်ကြစို့"

ကိုတင်မောင်ဆွေက ယမင်းကိုခေါ်ကာ ကိုမင်းမောင် နေထိုင်သည့်အဆောင်သို့သွားခဲ့သည်။ ကိုမင်းမောင်ကို လှမ်းတွေ့ လိုက်ရသည်။ ကိုမင်းမောင်မှာ အခန်းထဲတွင်ထိုင်ကာ တစ်နေရာ သို့ ခပ်ငေးငေးကလေး ကြည့်နေသည်။ သူ့မျက်နှာမှာလည်း ညှိုး





ယော်နေသည်။ ကိုမင်းမောင်ကိုကြည့်ရင်း ယမင်း စိတ်မကောင်း ဖြစ်မိသည်။

"သူ့ကို လူကောင်းတစ်ယောက်လို့ထင်မိတာ၊ အခုတော့ သူဟာ စိတ်ရောဂါဝေဒနာရှင် တစ်ယောက်ဖြစ်နေပါပေါ့လား၊ ဖြစ်မှဖြစ်ရလေ မင်းမောင်ရယ်"

"ဒါကြောင့် လူတွေကပြောကြတာဖြစ်မယ်၊ အမေက ရူးသွပ်တဲ့ဝေဒနာရှင်ဖြစ်ပြီး အတူတူနေတော့ မင်းမောင်မှာလည်း ဒီရောဂါကူးသွားတာ ဖြစ်မှာပေါ့တဲ့"

သည်တုန်းက မင်းမောင်ဘက်က ဆတ်ဆတ်ခါအောင် ခဲ့သည်။ တကယ်တော့ သည်စကားက မဆီမဆိုင်ပြောသည့် စကားဖြစ်ပေမယ့် ယခုတော့ တိုက်တိုက်ဆိုင်ဆိုင် ရောဂါဖြစ်ခဲ့ သည်။

"မင်းမောင်ရယ် နင်ဟာ တကယ့်ကို ကံမကောင်းတဲ့ သူပဲ"

"ဘာပဲဖြစ်ဖြစ် ဒီအမှုမှာ နင် ကွင်းလုံးကျွတ်လွတ် ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ယမင်းက စိတ်မကောင်းစွာနှင့် ဆုတောင်းပေးလိုက်သည်။

သည်လိုနှင့် မင်းမောင်ရှေ့သို့ ရောက်ရှိလာခဲ့သည်။

"ရော့…မင်းမောင် နှင့်အတွက်မုန့်တွေ"

ယမင်းက မင်းမောင်အား မုန့်ထုတ်များကမ်းပေးလိုက်သည်။

"ဒုက္ခရှာလို့ယမင်းရယ်၊ ဒီမှာငါ့ကို ထမင်းဟင်းကောင်းကျွေးပါတယ်"

"အေးပါ ငါလည်းသိပါတယ်၊ နင့်ကိုစားစေချင်လို့ပါ"

ယမင်းက မုန့်ထုတ်ပေးရင်း ဤသို့ပြောလိုက်သည်။ သည်တွင် ကိုတင်မောင်ဆွေက…

"ကိုမင်းမောင် ဘယ်လိုလဲ နေကောင်းလား"

"ဒီနေ့တော့ နေကောင်းပါတယ်၊ မနေ့ကတော့ ရောဂါဟောင်းပြန်ထပြီး ရောဂါသည်သုံးယောက်ကို ဆော်ပလော်တီးလိုက်လို့ ကံကောင်းလို့ ဒုက္ခမရောက်တယ်"

"ဘာပဲဖြစ်ဖြစ် စိတ်ကိုမလွှတ်လိုက်ပါနဲ့၊ တတ်နိုင်





သလောက် တည်ငြိမ်အောင်ကြိုးစားပါဗျာ"

"ကြိုးစားပါတယ်ဆရာ"

"နောက်တစ်ပတ် တနင်္လာနေ့မှာ ခင်ဗျားရဲ့ရုံးချိန်းရှိတယ်၊ ဒီတော့ အဲဒီနေ့ ဆေးရုံကိုလာခေါ်မယ်"

"ကောင်းပါပြီ အထူးကျေးဇူးတင်ပါတယ်"

"ဒါဆို ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

"မင်းမောင်ရေ ငါတို့ပြန်တော့မယ်၊ တနင်္လာနေ့မှာ လာခဲ့မယ်"

"ယမင်းရယ် ငါလည်း နင်တို့နဲ့လိုက်ချင်လိုက်တာ၊ နင်တို့လိုပဲ လွတ်လွတ်လပ်လပ် ဘယ်တော့များမှနေရမယ်မသိဘူး၊ ငါ အရမ်းစိတ်ဆင်းရဲတာပဲ"

"မင်းမောင်ရယ် ခဏတော့စိတ်တင်းပြီး တောင့်ခံပါ၊ ကြာခင် နင်လွတ်မြောက်မှာပါ"

"ငါမျှော်လင့်နေမယ်"

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## အမှန်တရားဘက်တော်သား

ယနေ့…

မင်းမောင်၏ရုံးချိန်းနေ့…

ယမင်းနှင့်ကိုတင်မောင်ဆွေက မင်းမောင်ကို ဆေးရုံ

ခေါ်လာခဲ့သည်။

ယနေ့ သက်သေအဖြစ်စစ်ဆေးခံရန် ရောက်ရှိလာသူ

ကား…

ဒေါက်တာဂုပ္ပတားပင်ဖြစ်သည်။

ဒေါက်တာဂုပ္ပတားက ရုံးတော်တွင် မောင်မင်းမောင်နှ

ပတ်သက်၍ တွေ့ရှိချက်များကို တင်ပြခဲ့သည်။

တရားခံမင်းမောင်ကို စစ်ဆေးရာမှာ တွေ့ရှိချက်များကို





ကျွန်ုပ်ဒေါက်တာဂုပ္ပတားက တင်ပြသွားမှာဖြစ်ပါတယ်၊ တရားခံမောင်မင်းမောင်ဟာ ဆေးရုံမှာရောက်ရှိနေစဉ် တစ်ပတ်အတော အတွင်း မည်သည့်ရောဂါလက္ခဏာမျှ မပြခဲ့ပါ။ ရှစ်ရက်မြောက် သည့်နေ့တွင် လူသုံးယောက်မှ သူမခံချင်သည့်စကားများကိုပြော ချိန်တွင် သူ၏ရောဂါလက္ခဏာမှာ စတင်ပေါ်ပေါက်ခဲ့သည်။

အချင်းဖြစ်စဉ်မှာ သူဟာ လွန်စွာဒေါသဖြစ်လာပြီး သူ၏ သိစိတ်ပျောက်ကွယ်ခဲ့သည်။ ထိုစဉ် ၎င်း၏မသိစိတ်တွင် သူ၏ အစ်ကိုမင်းအောင် ရုတ်တရက်ရောက်ရှိလာပြီး ထိုလူသုံးဦးကို ထိုးကြိတ်ခဲ့သည်။ အတန်ကြာမှ သိစိတ်ဝင်လာခဲ့သည်။ ထိုသို့ စစ်ဆေးတွေ့ရှိချက် ပေါ်ပေါက်လာသဖြင့် တရားခံမင်းမောင်မှာ စိတ်ကစဉ့်ကလျားရောဂါရှင်ဖြစ်ကြောင်း ကျွန်ုပ်သည် ဆေးမှတ် တမ်းတွင်ဖော်ပြကာ မှတ်တမ်းတင်လိုက်သည်။

ဒေါက်တာဂုပ္ပတားက ဤသို့ဆေးမှတ်တမ်းနှင့်တကွ ရောဂါရှင်ဖြစ်ကြောင်းကိုပါ ရုံးတော်သို့တင်ပြခဲ့သည်။

စက်ရှင်တရားသူကြီးဦးဘခင်မှာ တရားခံမင်းမောင်၏ အမှုတွဲတွင် ဆေးမှတ်တမ်းနှင့် ဒေါက်တာဂုပ္ပတား၏ ထွက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို အမှုတွဲ၌ ပူးတွဲထားလိုက်သည်။

ဤတွင် အခွင့်အရေးကို စောင့်ကြည့်နေသော ဝတ်လုံတော်ရမင်းက ချက်ချင်းလျှောက်လိုက်သည်။

"မင်းကြီးခင်ဗျား…ခုနက ဒေါက်တာဂုပ္ပတား တင်ပြချက်အရ တရားခံမင်းမောင်ဟာ လူကောင်းတစ်ယောက်မဟုတ်ပဲ စိတ်ပေါ့သွပ်သူ၊ စိတ်ဝေဒနာရှင်တစ်ဦးဖြစ်နေပါတယ်၊ ဒါကြောင့် စိတ်ဝေဒနာရှင်တစ်ဦးအား ဤအမှုမှ အပြီးအပိုင်လွှတ်ငြိမ်းခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်ခင်ဗျား"

ထို့နောက် တရားသူကြီးက ဤလျှောက်ထားချက်ကို ကြားနာပြီးနောက်

"ဤအမှုနှင့်ပတ်သက်ပြီး နောက်တစ်ပတ်ရုံးချိန်းမှာ အမိန့်ချမယ်၊ ရုံးချိန်း နောက်တစ်ပတ်တနင်္လာနေ့"

ဤသို့ ရုံးချိန်းပေးလိုက်သည်။

နောက်တစ်ပတ်ရုံးချိန်းတွင် အမိန့်ချမည်ဆိုသဖြင့် မင်းမောင်အပါအဝင် ယမင်းတို့အုပ်စုမှာ လွန်စွာပျော်ရွှင်သွားခဲ့ကြသည်။





အမှန်တရားထင်ရှားဖို့ အချိန်ကိုရောက်လာပေတော့မည်။ သည်တွင် ယမင်းက မင်းမောင်အား…

"မင်းမောင် ငါတို့မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီ"

"ယမင်းရယ် နင်တို့နှစ်ယောက်ရဲ့ကြိုးစားမှု အကောင်အထည်ပေါ်ပါစေလို့ ငါဆုတောင်းပါတယ်"

"အေးပါ…နင်ကံကောင်းပါစေဟာ"

သည်တစ်ပတ်ရုံးချိန်းကား ဤသို့ဖြင့်ပြီးဆုံးသွားခဲ့သည်။ ကိုတင်မောင်ဆွေကလည်း မင်းမောင်အတွက် ကြိုးစားကာ တရားသူကြီးအား မင်းမောင်၏ရောဂါအခြေအနေကိုတင်ပြ၍ လျှောက်ထားခဲ့သည်။

သူ၏စိတ်မှာ…

နိမ့်ကျသည့်လူတစ်ယောက်အား အုပ်စုဖွဲ့ကာ နိုင်လိုမင်းထက်ပြု၍ အမှားကိုမကျူးလွန်ဘဲ ကျူးလွန်ဟန်ဖြင့် အကွက်ဆင်ပြုမူခဲ့ခြင်းကို အမှန်တရားဖြင့် ကာကွယ်ပေးလိုသည့်စိတ် အပြည့်အဝရှိသည်။

မည်သို့ပင် လှည့်ကွက်ဆင်ထားသော်လည်း ကိုတင်မောင်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



က သူ့ပညာဖြင့် ဆင်းရဲသားလူတန်းစားဘက်မှ ရပ်တည်ကာ အမှန်တရားကို ဖော်ထုတ်ပေးခဲ့သည်။ ယခုလည်း ကိုမင်းမောင်၏ မျက်နှာကိုကြည့်ရုံနှင့် ဖြူစင်ရိုးသားမှုကို သူတွေ့ခဲ့သည်။

ထို့အပြင် သူသည် စိတ်ရောဂါဝေဒနာရှင်တစ်ဦးဖြစ်သည့်အတွက် ဤအမှုတွင် အခကြေးငွေမယူဘဲ မီးကုန်ယမ်းကုန် ကြိုးစားကာ အမှုလိုက်ခဲ့သည်။

ယမင်းကလည်း နောက်တစ်ပတ်တွင် အမိန့်ချမည်ဆို၍ စိတ်လှုပ်ရှားနေမိသည်။

"မင်းမောင်တစ်ယောက် ဒီအမှုကလွတ်မြောက်ပါစေ"

ဤသို့ဆုတောင်းခဲ့မိသည်။

သည်အတောအတွင်း ကိုတင်မောင်ဆွေက နားပူနားဆာ လုပ်ခဲ့သည်။

"ယမင်းရယ် မောင်တို့စေ့စပ်ထားမှ ဖြစ်မယ်"

"ဘယ်လိုဖြစ်တာလဲမောင်ရယ် အလောတကြီးနဲ့"

"ဖေဖေက နောက်လထဲမှ အင်္ဂလန်ကို ကုမ္ပဏီနဲ့သွားလိမ့်မယ် သုံးလလောက်ကြာမယ်"





"အဲဒါနဲ့ဘာဆိုင်လို့လဲမောင်ရဲ့"

"ယမင်းနဲ့ စေ့စပ်ထားတယ်ဆိုတော့ မောင်တို့ဘယ်သွားသွား တင့်တယ်တာပေါ့ နောက်ပြီး ဖေဖေ အင်္ဂလန်ကပြန်လာတဲ့ အချိန်မှာ တစ်ခါတည်းလက်ထပ်မယ်"

"ကဲ…မောင့်သဘောပဲ"

ယမင်းမှာ ငြင်းပယ်နိုင်ရန် အခွင့်အရေးမရှိပါ။ ကိုယ့်ချစ်သူ၏ ကမ်းလှမ်းချက်အတိုင်း မိခင်ကြီးနှင့်တိုင်ပင်ခဲ့သည်။

"အမေ…ကိုတင်မောင်ဆွေက သူ့အဖေ နိုင်ငံခြားမသွားခင် စေ့စပ်ထားချင်တယ်လို့ပြောတယ်၊ အဲဒါအမေ့ဆန္ဒကရော ဘယ်လိုရှိပါသလဲ"

"သမီးရယ် ဒီစကားကြားရတာ အမေဖြင့် အရမ်းဝမ်းသာတာပဲ၊ သမီးမိန်းကလေးကို အမေမသေခင် တင့်တောင်းတင့်တယ်ဖြစ်အောင် သင့်တော်တဲ့သူနဲ့ မင်္ဂလာဆောင်နှင်းပေးရတာ မိဘရဲ့ဝတ္တရားပဲ၊ ဒီတော့ မောင်တင်မောင်ဆွေနဲ့ သဘောတူပါတယ်"

"ဒါဆိုရင် သူ့ရဲ့ကမ်းလှမ်းချက်ကို သမီးတို့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



သဘောတူကြောင်း အကြောင်းပြန်လိုက်မယ်နော် အမေ''

''အေးပါ သမီးရယ်''

ယမင်းတို့ဘက်ကလည်း အဘက်ဘက်ကပြည့်စုံသော ကိုတင်မောင်ဆွေကို ငြင်းစရာအကြောင်းမရှိပေ။ ထိုသို့ဖြင့် နှစ်ဖက်သောမိဘများ၏ အစီအစဉ်ဖြင့် ဤအပတ်အတွင်း စေ့စပ်ကြောင်းလမ်းခဲ့ကြသည်။ ဤစေ့စပ်ပွဲတွင် ဂုဏ်သရေရှိ လူကြီးလူကောင်းများ တက်ရောက်ခဲ့ကြသည်။

ဥစ္စာဓနပြည့်စုံပြီး နိုင်ငံခြားပြန် ဝတ်လုံတော်ရမင်းဦးတင်မောင်ဆွေနှင့် နိုင်ငံကျော်အဆိုတော် ယမင်းရွှေစင်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကို ယမင်းတို့၏ခြံကျယ်ကြီးတွင် သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

''ဝတ်လုံတော်ရမင်းကလည်း ခပ်ချောချော၊ ယမင်းရွှေစင်ကတော့ ချောလိုက်တာမှမှန်နေတာပဲ၊ နေနဲ့လ ရွှေနဲ့မြလိုကျက်သရေရှိပါပေတယ်''

စေ့စပ်ပွဲလာသူများက ဤသို့ချီးကျူးခဲ့ကြသည်။ သူတို့စုံတွဲကို ပရိသတ်ကြီးမှ တကယ်လည်းချီးကျူးသင့်ပေသည်။





ယောကျ်ားဆန်ပြီး တည်ကြည်ခန့်ငြားသော ကိုတင်မောင်ဆွေနှင့် အလွန်ပင်လိုက်ဖက်လှသည့် ချောမောလှသည့် ယမင်းဆိုသည့် အပျိုခင်တို့ဘဝကား ငွေလည်းရှိသည်။ ဂုဏ်လည်းရှိသည့်အတွက် အရာရာမှာပြည့်စုံလှပေသည်။ သူတို့လျှောက်ရာလမ်းသည်လည်း ဖယောင်းလမ်းပမာ ချောမွေ့ဖြောင့်ဖြူးခဲ့သည်။ သို့ပေမယ့် ကိုတင်မောင်ဆွေ၏လုပ်ရပ်ကို ယမင်းစဉ်းစားမိခဲ့သည်။

တစ်ပတ်အတွင်း လျှင်မြန်စွာ စေ့စပ်ပွဲလုပ်ရခြင်းအကြောင်းရင်းကို ယမင်းက နိုင်လုံသောအကြောင်းပြချက်မဟုတ်မှန်း သိခဲ့သည်။

''မောင်က ငါနဲ့မင်းမောင်ကိုမယုံကြည်လို့ တမင်စေ့စပ်ထားတာလား မသိဘူး''

''ဘာပဲဖြစ်ဖြစ် သူနဲ့ငါနဲ့က ချစ်သူတွေဆိုတော့ အနေးနဲ့အမြန် လက်ထပ်ရမယ့်ကိစ္စပဲ''

''မင်းမောင်သိရင်တော့ စိတ်ကောင်းပါ့မလား မသိဘူး၊ အေးလေ သူနဲ့ငါနဲ့က သူငယ်ချင်းအဆင့်မှာပဲရှိတယ်၊ သူလည်းငါ့ကိုချစ်တယ်လို့ တစ်ခါမှ မပြောဖူးဘူး''



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ပတ်လုံးလုံး စေ့စပ်ပွဲကိစ္စ လုပ်နေရသည့်အတွက် မင်းမောင်ဆီသို့မရောက်ဖြစ်ခဲ့ပေ။ ကိုတင်မောင်ဆွေက မူ ချစ်သူယမင်းရွှေစင်နှင့် စေ့စပ်လိုက်ရသည့်အတွက် လွန်စွာပျော်မြူးနေခဲ့သည်။ ယမင်းကိုလည်း အလိုလိုက်အကြိုက်ဆောင်ကာ သာယာချမ်းမြေ့စေခဲ့သည်။ ယမင်း၏ဘဝမှာ ချစ်သူနှင့်ပေါင်းဖက်ရပြီး အလိုလိုက်ခြင်းခံရသဖြင့် ကံထူးသည့်မိန်းမတစ်ယောက်ဟုပင် ဆိုရပေမည်။

သည်လိုနှင့် တစ်ပတ်ဟူသောအချိန်ကား ပြည့်သွားခဲ့သည်။ ယနေ့မှာ…

မောင်မင်းမောင်၏ အမိန့်ချမည့် ရုံးချိန်းနေ့ဖြစ်သည်။

"ယမင်းရေ မောင်တို့ ကိုမင်းမောင်ကို သွားခေါ်ရမယ် မြန်မြန်လုပ်ပါ"

"လာပြီမောင်ရေ"

မိန်းမသားတစ်ယောက်၏ အလှပြင်ချိန်မှာ အနည်းငယ်ကြာကြာသည့်အတွက် ကိုတင်မောင်ဆွေက သတိပေးလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သား မင်းမောင်ဆီသို့ သွားခဲ့ကြသည်။





"မင်းမောင်ရေ ဒီနေ့ နင့်ရဲ့ရုံးချိန်းမို့လာခေါ်တာ"

"အေး ငါလည်း အစောကြီးကတည်းက အဆင့်သင့်လုပ်ထားတာ"

"ငါကြောင့် နည်းနည်းနောက်ကျသွားတယ်"

"ဒီအပတ်အတွင်းမှာ နင်လာမလားလို့တောင် ငါမျှော်နေခဲ့သေးတယ်"

"အေး…အဲဒါ နင့်ကိုငါပြောမလို့"

"ပြောလေ"

"ငါနဲ့ကိုတင်မောင်ဆွေတို့ စေ့စပ်လိုက်ကြတယ်"

"ဪ"

ဟူသော အာမေဋိတ်သံနှင့်အတူ မင်းမောင်၏မျက်နှာမှာ ညှိုးနွမ်းသွားခဲ့သည်။ သို့သော် ချက်ချင်းပင် မျက်နှာတွင် အပြုံးကလေးများ လင်းလက်လာပြီး…

"ငါ့သူငယ်ချင်းရဲ့ မင်္ဂလာသတင်းအတွက် ငါဂုဏ်ယူပါတယ် ယမင်းရယ်"

"ကျေးဇူးပါပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ နင့်မင်္ဂလာဆောင်မှာ ငါအပြင်မှာရှိခဲ့ရင် ငါကိုယ်တိုင်ရေးစပ်ထားတဲ့ သီချင်းတွေဆိုပြီးဂုဏ်ပြုမယ်"

"နင့်စေတနာကို ငါသိပါတယ်၊ ကဲ ကားပေါ်တက်"

"အေး...အေး"

မင်းမောင်ကို ရုံးတော်သို့ခေါ်လာခဲ့သည်။

ယနေ့ အမိန့်ချမည့်နေ့ဖြစ်၍ ဤအမှုအတွက် လာရောက်နားထောင်သည့် ပရိသတ်ကြီးမှာ လွန်စွာများပြားလှပေသည်။ ဤအမှုမှာ ဓာတ်ပြားကုမ္ပဏီပိုင်ရှင်ဦးမြမောင်မှာ လူကုံထံအသိုင်းအဝိုင်းဖြစ်ပြီး ငွေငှားရမ်းသည့် ဝတ်လုံတော်ရမင်းကလည်း ဥပဒေရေးရာ ကျွမ်းကျင်လှသည်။

ထို့အတူ မင်းမောင်ဘက်ကလိုက်သည့် ဝတ်လုံတော်ရမင်းကလည်း ဘီလပ်ပြန်တစ်ယောက်ဖြစ်ပြီး ငယ်ရွယ်သူဖြစ်သော်လည်း ရှုံးပွဲမရှိ။ သူလိုက်တိုင်း အနိုင်ရခဲ့သည်သာဖြစ်ပေသည်။

တရားခံမှာ ငွေဂုဏ်မရှိသည့် ဆင်းရဲသားမျက်နှာငယ်၍ ဤအမှုတွင် ကိုတင်မောင်ဆွေသာ မင်းမောင်ဘက်က





မလိုက်ခဲ့ဘူးဆိုလျှင် ပရိသတ်ကြီးမှာ ဤမျှလောက်စိတ်ဝင်စားမည်မဟုတ်ပေ။

ယခုမူ....

လက်ရှည်တူသည့် ဘောလုံးအသင်းနှစ်သင်း မိုလ်လုကစားနေသကဲ့သို့ အရှုံးအနိုင်ကို မည်သို့မျှ မခန့်မှန်းနိုင်အောင်ဖြစ်နေသည်။ သို့အတွက် စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြသဖြင့် ဤမျှပရိသတ်ကြီးမှာ များပြားနေခြင်းပင် ဖြစ်ပေသည်။

မကြာခင် တရားသူကြီးရုံးထိုင်လိုက်ပြီး မင်းမောင်၏အမှုတွဲကို ခေါ်လိုက်သည်။

"တရားခံမင်းမောင်"

"ရှိ"

"တရားခံမင်းမောင်ရဲ့အမှုမှာ ကင်းဘဲလ်လမ်းနေ ဓာတ်ပြားကုမ္ပဏီပိုင်ရှင် ဦးမြမောင်အားသတ်မှုဖြင့် ရာဇသတ်ကြီးပုဒ်မ(၃၀၂)အရ စွဲချက်တင်ထားသည့်အမှုဖြစ်သည်။

သို့သော် တရားခံမင်းမောင်သည် စိတ်ပေါ့သွပ်သူဟူ၍ အကျိုးဆောင်၏လျှောက်ထားချက်အရ စိတ်ရောဂါပါရှူ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဂုပ္ပတားမှ စစ်ဆေးရာ တရားခံမင်းမောင်တွင် စိတ်ကစဉ့်ကလျား ရောဂါရှိသည်ဟူ၍ မှတ်တမ်းနှင့်တကွ တင်ပြထောက်ခံခဲ့သည်"

"အမိန့်"

"တရားခံမင်းမောင်မှာ စိတ်ရောဂါရှိသူဖြစ်ကြောင်း အမှုတွဲတွင် ထင်ရှားပေါ်လွင်သဖြင့် ဤအမှုမှ အပြီးအပြတ် တရားသေလွှတ်လိုက်သည်၊ စိတ်ရောဂါကို ဆေးရုံတွင် ဆက်လက်ကုသခွင့်ပြုသည်"

"ဟာ"

"ဟင်"

ပရိသတ်ကြီးမှာ မင်းမောင်သည် ဤအမှုမှလွတ်မြောက်သွားသဖြင့် ဟင်ကနဲ ဟာကနဲဖြစ်သွားခဲ့သည်။

"အမလေး…ဝမ်းသာလိုက်တာ"

ယမင်းမှာ ဝမ်းသာလွန်း၍ ဤသို့ရေရွတ်လိုက်သည်၊

ဝတ်လုံတော်ရမင်း ဦးတင်မောင်ဆွေကလည်း အမှုမှ ပေါ်ပေါက်သွားသည့်အတွက် ဝမ်းသာအားရစွာဖြင့် မင်းမောင်





အား လှမ်းပြီးပြုံးပြခဲ့သည်။

မင်းမောင်ကလည်း လွန်စွာပျော်ရွှင်ဟန်ဖြင့် ခေါင်းတဆက်ဆက်ငြိမ့်ကာ ပြန်ပြုံးပြခဲ့သည်။ ယနေ့အဖို့ သူတို့သုံးယောက်စလုံးအတွက် လွန်စွာပျော်ရွှင်ခဲ့သောနေ့တစ်နေ့ ဖြစ်ခဲ့သည်။

ပရိသတ်ကြီးထဲမှ လူတစ်ချို့ကလည်း…

"ဝတ်လုံတော်ရမင်း ဦးတင်မောင်ဆွေဟာ အရမ်းတော်တာပဲ၊ သူလိုက်တဲ့အမှုတိုင်း နိုင်တာကြီးပဲ"

"နိုင်မှာပေါ့ သူက အမှန်လုပ်တဲ့သူဘက်က အမှုလိုက်တာလေ၊ နောက်ပြီး အမှန်တရားထင်ရှားအောင်လည်း စစ်မေးနိုင်တာကိုး"

"ငွေဂုဏ်ရှိတဲ့ဘက်က အမှုနိုင်မယ်ထင်တာ အခုတော့ ဆင်းရဲပြီး မတရားစွပ်စွဲခံရတဲ့ ကောင်လေးက နိုင်သွားပြီ"

"အမှန်တရားကို ဖော်ထုတ်နိုင်တာကိုက ဦးတင်မောင်ဆွေရဲ့ အရည်အချင်းပဲ"

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောဆိုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားခံဘဝမှ လွတ်မြောက်ခဲ့ပြီမို့ မင်းမောင်က အား
ဝမ်းသာစွာဖြင့် ကိုတင်မောင်ဆွေအား…

"အရမ်းကျေးဇူးတင်ပါတယ်ဆရာရယ်၊ ဆရာရဲ့ကျေးဇူး
ဟာ အလွန်ပဲကြီးမားပါတယ်"

"ရပါတယ် ကိုမင်းမောင်ရယ် ကျွန်တော်ရဲ့စိတ်ဓာတ်ကို
က ဆင်းရဲပြီးရှေ့နေမငှားနိုင်လို့ မှန်ရက်နဲ့ရှုံးရမယ့်သူတွေဘက်က
အမြဲရပ်တည်ပြီး ဥပဒေနဲ့အနိုင်ရအောင် ဖော်ထုတ်ပေးမယ်လို့
ဆုံးဖြတ်ထားတာ"

"ဟုတ်ကဲ့ပါခင်ဗျာ"

"ပြစ်မှုလုပ်တဲ့သူ တစ်ရာလွတ်နေပါစေ ကျွန်တော်
အရေးမလုပ်ဘူး၊ ပြစ်မှုမလုပ်တဲ့သူတစ်ယောက် ထောင်ကျမှာကို
ကျွန်တော်မလိုလားဘူး၊ အဲဒီလူမျိုးတွေ ကျွန်တော်ရှေ့ကိုရောက်
လာရင် ကျွန်တော်အစွမ်းကုန်ကူညီမယ်ဆိုး ကာကွယ်မှာပဲ၊ ကာကွယ်ဖို့
ဒီပညာကိုသင်ထားတာ"

"ဆရာရဲ့စိတ်ဓာတ်က အလွန်မွန်မြတ်ပါတယ်ဆရာ"

ဤတွင် ယမင်းက…





"မင်းမောင် နင့်ကိုတရားသေလွတ်လိုက်ပြီဆိုတော့ ငါ
အရမ်းဝမ်းသာတာပဲ"

"အေးပါဟာ နင်သာငါ့ကိုမကူညီရင် ငါ ဒီအမှုမှာ
ကြိုးပေးခံရမှာပဲ၊ နင့်ကိုငါကျေးဇူးတင်ပါတယ်"

"ငါက အကူအညီပေးရုံတင်ပါ၊ တကယ်ကျေးဇူးတင်ရ
ခာက အစ်ကိုဆွေကိုပဲ"

"ဟုတ်ပါတယ်၊ ကျေးဇူးတင်လွန်းလို့ ဘယ်လိုဆပ်ရမှန်း
တောင်မသိဘူး"

"ကဲ…ဒီနေ့ ငါတို့ရဲ့ကြိုးစားမှုအောင်မြင်တဲ့ အထိမ်း
အမှတ်နဲ့ နင်ဘာစားချင်သလဲပြော"

"ဝမ်းသာလွန်းလို့ ဘာမှတောင်မစားချင်ဘူး၊ ဗိုက်ပြည့်
နေပြီ"

"နင့်အတွက်ဒံပေါက်ထမင်းထုတ် ဝယ်ခိုင်းထားတယ်"

ထိုသို့ပြောနေစဉ် ဒံပေါက်ထမင်းထုတ်ရောက်လာသဖြင့်
မင်းမောင်အားကျွေးလိုက်သည်။ ထို့နောက် မင်းမောင်အား ဆေး
ဆက်လက်ကုသရန်အတွက် ဆေးရုံသို့လိုက်ပို့ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ယမင်းကားပေါ်မှာပဲ နေခဲ့တော့၊ မောင် သူ့ ဒေါက်တာဂုပ္ပတားဆီ ပို့ပေးလိုက်မယ်"

"ကောင်းပါပြီ မောင်"

"မင်းမောင် ကောင်းကောင်းနေနော်၊ ငါ မကြာခဏ လာခဲ့မယ်"

"အေးပါ ငါ့ရဲ့စိတ်ရောဂါပျောက်သွားရင် ငါလာခဲ့ဦးမယ်"

"လာခဲ့ပါ မင်းမောင်"

"အေး…အေး"

မင်းမောင်အား ကိုတင်မောင်ဆွေမှ ဆေးရုံထဲသို့ လိုက်ပို့ဆောင်ပေးခဲ့သည်။ ဒေါက်တာဂုပ္ပတားနှင့်တွေ့ဆုံရာ…

"ဒေါက်တာ့ကို ကျွန်တော် အလွန်ပဲကျေးဇူးတင်ပါတယ်"

ကိုတင်မောင်ဆွေက ဤသို့ နှုတ်ခွန်းဆက်စကားပြောလိုက်သည်။

"အမှုအခြေအနေ ဘယ်လိုလဲ ဝတ်လုံတော်ရမင်း"





"ကိုမင်းမောင်ဟာ ဒီအမှုက ကွင်းလုံးကျွတ်လွတ်မြောက်သွားပါတယ်၊ အဲဒါ ဒေါက်တာ့ကျေးဇူးပါပဲ"

"ဝမ်းသာလိုက်တာဗျာ၊ စိတ်ရောဂါဝေဒနာရှင်တစ်ဦးကို သူ ဘာမှမလုပ်ဘဲနဲ့ ပြစ်ဒဏ်မခံစေချင်ဘူး၊ အခုလိုလွတ်မြောက်သွားပြီဆိုတော့ ကျွန်တော်ရောခင်ဗျားပါ ဝမ်းသာဂုဏ်ယူစရာပါပဲ"

"ဟုတ်ကဲ့ပါဒေါက်တာ"

"ကဲ…ကဲ သူ့အခန်းကိုသွားနိုင်ပါပြီ"

ထိုသို့ဖြင့် ကိုတင်မောင်ဆွေက မင်းမောင်ထားရာ အခန်းသို့ ပို့ဆောင်ပေးခဲ့သည်။

အခန်းတွင်းသို့ရောက်သောအခါ…

"ဝတ်လုံတော်ရမင်းကို အထူးကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ယမင်းနဲ့မင်္ဂလာပွဲက ဘယ်တော့လောက်လုပ်ဖြစ်မလဲ"

"ဖေဖေပြန်လာမှဆိုတော့ နောက်သုံးလလောက်တော့ ကြာဦးမယ်ထင်တယ်"

"ကွန်ဂရက်ကျူလေးရှင်းပဲဆရာ"



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးတင်ပါတယ် ကျွန်တော်လည်း သွားလိုက်ပါဦးမယ်''

ထိုသို့ပြောပြီး အခန်းဝမှလှည့်အထွက်တွင်…

''ဒါနဲ့ ကျွန်တော်လည်ပင်းညှစ်လိုက်တဲ့ တစ်ဘက်က အကျိုးဆောင်ကြီးရဲ့လည်ပင်းက ဘယ်လိုနေသေးသလဲ၊ သူနဲ့တွေ့ရင် ကျွန်တော်က စိတ်မကောင်းပါဘူးလို့ ပြောတယ်လို့ ပြောပေးပါဆရာ''

''သူနဲ့ရုံးပေါ်မှာ မကြာခဏတွေ့ပါတယ်၊ တွေ့ရင် ပြောလိုက်ပါမယ်''

ပြောပြောဆိုဆို ထိုအခန်းမှထွက်ခွာရာ ဂိတ်တံခါးနား အရောက်တွင် ကိုတင်မောင်ခွေမှာ တစ်စုံတစ်ခုကို စဉ်းစားမိဟန် ရှိပြီး ရှေ့သို့ဆက်မသွားတော့ဘဲ နောက်သို့ပြန်လှည့်ကာ မင်းမောင်ဆီသို့ ခပ်မြန်မြန်လျှောက်သွားခဲ့သည်။

''ကိုမင်းမောင်''

''ဆရာ ဘာဖြစ်လို့ပြန်လာတာလဲ''

''ခုနက ခင်ဗျားက တစ်ဘက်အကျိုးဆောင်ကြီးရဲ့





လည်ပင်းက ဘယ်လိုနေသေးသလဲလို့ ကျွန်တော့်ကိုမေးလိုက်တယ်မဟုတ်လား''

''ဟုတ်ပါတယ်''

''ခင်ဗျားပြောတုန်းက စိတ်ဇရောဂါဖောက်လာပြီး အမှောင်ထုကြီးကျလာသလို ခံစားရရင် အဲဒီအချိန်တုန်းကအဖြစ်အပျက်ကို ဘာမှမသိတော့ဘူးဆို၊ ခင်ဗျား သူ့ကိုလည်ပင်းညှစ်တာ ဘယ်လိုသိသလဲ''

''ကျွန်တော်သိတာပေါ့ဗျာ၊ တကယ်တော့ ကျွန်တော်က ဘာမှမဖြစ်တာ လူကောင်းတစ်ယောက်ပဲ''

''ဟင် ခင်ဗျားပြောတော့ ခင်ဗျားမှာရောဂါရှိတယ်ဆို''

''ကျွန်တော်က လက်ပူးလက်ကြပ်မိနေမှတော့ ဒီလိုမဟန်မဆောင်ရင် ကျွန်တော် ကြိုးစင်တက်ရမှာပေါ့''

''ဟင်…ဒါဆို ဦးမြမောင်ကိုသတ်တာ မင်းပေါ့''

''ဟုတ်ပါတယ် ယမင်းကို စေ့စေ့ကြည့်တာတောင် ခံနိုင်ဘူး၊ ယမင်းကို လက်ဆွဲလိုက်လို့ ယမင်းဟာငိုပြီး အခင်းမြေး သွားတယ်၊ ဒီမြင်ကွင်းဟာ ကျွန်တော်ရဲ့စိတ်ကို တနုံ့နုံ့နဲ့ လှုသော်



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့စိတ်ကို နိုးဆွပေးသလိုဖြစ်သွားတယ်၊ ဒါကြောင့် နောက် တစ်နေ့မှာ သူ့ကိုသွားသတ်ခဲ့တာ"

"ခင်ဗျား တော်တော်ရိုင်းပါလား၊ ယောကျ်ားကောင်း တစ်ယောက်ဟာ လုပ်ရဲရင်ခံရဲရတယ်၊ အခု ဦးမြမောင်ကိုသတ်ပြီး ဘာကြောင့် လိမ်လည်ရတာလဲ"

"လောကကြီးမှာ လူလုပ်ဖို့ အများကြီး အချိန်ရှိသေး တယ်၊ အဲဒီအချိန်တွေကို ထောင်ထဲမှာ အချိန်ကုန်မခံနိုင်ဘူး ခွေးတောင်ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်မှာပဲ၊ ကျွန်တော်က ခွေး မဟုတ်ဘူး၊ ဦးနှောက်ရှိတဲ့လူဆိုတော့ သူတို့ရဲ့ဖိနှိပ်မှုတွေအတွက် တန်ပြန်လက်စားချေလိုက်တာပဲ"

"ဒီလိုလုပ်တာ ခင်ဗျားမှားတယ်၊ ဒါနဲ့ စိတ်ကစဉ့်ကလျှား ရောဂါရှိတယ်လို့ထင်လောက်အောင် ရောဂါလက္ခဏာတွေကို ခင်ဗျား ဘယ်လိုသိလို့ ဟန်ဆောင်ခဲ့တာလဲ"

"ကျွန်တော်ဟာ စာကြည့်တိုက်မှာ ဆယ်နှစ်လောက် အလုပ်လုပ်ခဲ့တယ်၊ အဲဒီအတောအတွင်းမှာ ဆေးပညာစာအုပ်တွေ စိတ်ပညာစာအုပ်တွေနဲ့ ဥပဒေပညာစာအုပ်တွေ အများကြီးဖတ်ခဲ့





တယ်၊ လူသတ်ပြီး လွတ်ချင်တော့ အရူးဟန်ဆောင်ခဲ့တာပေါ့ဗျာ၊ ဒါကြောင့် ကျွန်တော်ဖတ်ထားတဲ့ ဆေးပညာထဲက စိတ်ကစဉ့် ကလျှား ရောဂါရှင်ရဲ့ပုံသဏ္ဌာန်အတိုင်း သရုပ်ဆောင်ပြလိုက်တာ ပေါ့"

မင်းမောင်ထံမှ မမျှော်လင့်သည့်စကားကို ကြားလိုက်ရ သဖြင့် ကိုတင်မောင်ဆွေမှာ ကြားရသည့်စကား နားမှမယုံနိုင်ဖွယ် ဖြစ်ခဲ့ရသည်။ သူ့ကို ငေးစိုက်ကြည့်ရင်း လွန်စွာ အံ့သြခဲ့မိသည်။

"ခင်ဗျားဟာ လူလိမ်၊ လူသတ်သမားပဲ၊ ဥပဒေကို လက်တစ်လုံးခြားလိမ်တယ်၊ ဒါ့အပြင် အပြစ်မဲ့တဲ့ပုံသဏ္ဌာန်နဲ့ ကျုပ်ကိုလှည့်စားခဲ့တယ်၊ ခင်ဗျားကို ကျုပ် တော်တော်ရွံသွားပြီ၊ တရားသူကြီးကို ပြောပြပြီး ခင်ဗျားကိုဖမ်းမယ်"

"ဒီမှာ ဝတ်လုံတော်ရမင်းရဲ့ အမှုတစ်ခုမှာ တရားသေ လွတ်ပြီးမှ ကျွန်တော့်ကို ဘယ်လိုဖမ်းလို့ရတော့မှာလဲဗျာ အမှုမှ ပြန်ဖွင့်လို့မှ မရတော့တာ"

"သြော်...ခင်ဗျားက ဥပဒေကိုတောင် အရေကြို သောက်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ဗျာ အရေးကြုံလာရင် မိမိကိုယ်ကို ခုခံကာကွယ်နိုင်ဖို့ ကျွန်တော်ဖတ်ထားတာပေါ့"

"ခင်ဗျားကို ရိုးသားတယ်လို့ထင်ထားတာ မှားပြီ၊ ဒီမှာကိုမင်းမောင် ခင်ဗျားကို ကျုပ်ပြောလိုက်မယ် ခင်ဗျားဟာ လူသတ်မှုနဲ့ ကြိုးစင်တက်စေရမယ်၊ ကျုပ်ပညာကို ခုတုံးလုပ်ပြီး အများတစ်ခုကို အမှန်မဖြစ်စေရဘူး"

"နောက်ကျသွားပါပြီ၊ ဝတ်လုံတော်ရမင်း၊ ကျွန်တော်ရဲ့ ဟန်ဆောင်ကောင်းမှုကို အသိအမှတ်ပြုပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်"

"ခင်ဗျားဟာ တော်တော်အရုက်နည်းတဲ့လူပဲ"

"ခင်ဗျားနဲ့ကျုပ်နဲ့ ဥပဒေလွင်ပြင်မှာ ပြန်တွေ့ဦးမယ်"

"အချိန်မရွေးပါပဲဗျာ"

မင်းမောင်က မချိုမချဉ်မျက်နှာပေးနှင့် ခေါင်းကိုငြိမ့်ပြီး ပြောလိုက်သည်။

"တောက်"

ကိုတင်မောင်ဆွေက ပြင်းထန်စွာ တောက်တစ်ချက်





ခေါက်လိုက်သည်။ မင်းမောင်လို ဘာမဟုတ်သည့်လူတစ်ယောက်၏ လှည့်စားခြင်းခံလိုက်ရသည့်အတွက် ဆတ်ဆတ်ခါအောင် နာကျင်သွားခဲ့သည်။

ကိုတင်မောင်ဆွေ၏ မျက်နှာသွင်ပြင်မှာလည်း ဒေါသကြောင့်နီမြန်းနေသည်။ ယမင်းက ကိုတင်မောင်ဆွေ၏မျက်နှာကို ကြည့်ကာ...

"မောင် ဘာဖြစ်လာတာလဲဟင်"

ဟူ၍ စိုးရိမ်မကင်းမေးလိုက်သည်။

ကိုတင်မောင်ဆွေမှာ ဘာမှမပြောဘဲ ကားပေါ်သို့တက်လိုက်သည်။

"မောင် ဘာဖြစ်လာတာလဲ ယမင်း စိတ်ပူလိုက်တာ"

"ယမင်း မောင်တို့အလိမ်ခံလိုက်ရပြီ"

"ဘယ်လို ဘယ်လို အလိမ်ခံလိုက်ရတာလဲမောင်"

"မင်းမောင်ဟာ တကယ်မရူးဘူး၊ သူဟာ လူသတ်သမားတစ်ယောက်ပဲ"

"ဖြစ်နိုင်ပါ့မလားမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူကိုယ်တိုင်ပြောတာ"

"ယမင်း အံ့သြလိုက်တာ မောင်ရယ်"

ထိုစဉ် ကိုတင်မောင်ဆွေမှာ ကားကလေးကိုစက်နှိုးကာ မိမိတို့အိမ်ဆီသို့ မောင်းလာခဲ့သည်။

"မောင်လည်း မယုံကြည်နိုင်အောင်ပါပဲ ယမင်းရယ် မောင် အကျိုးဆောင်လုပ်သက်တစ်လျှောက်မှာ ဒီလိုတစ်ခါမှ မဖြစ်ခဲ့ဖူးဘူး"

"ယမင်းလည်း ဘယ်လိုပြောရမှန်းတောင် မသိဘူး အရင်ကတည်းက ရိုးသားတဲ့လူဟာ အခုလည်းရိုးသားနေတယ်လို့ပဲ ကိုယ့်စိတ်နဲ့နှိုင်းပြီး ထင်ခဲ့မိတယ်"

"အရာရာမှာ ကိုယ့်စိတ်နဲ့နှိုင်းလို့မရဘူး ယမင်း၊ ကိုယ့်ကို ကိုယ်တောင် အံ့သြမိတယ်၊ မောင်ဟာ ဘိလပ်ပြန်ဝတ်လုံတော် မင်းတစ်ယောက်လုပ်နေပြီး၊ ဒီလောက်တောင် လူ့ကဲခပ်ည့် သလား၊ ဒီအမှုမှာ မောင်ရှုံးနိမ့်ခဲ့ပြီ သိလား"

ကိုတင်မောင်ဆွေမှာ လွန်စွာ စိတ်မကောင်းဖြစ်က တုန်တုန်ရီရီနှင့် ပြောလိုက်သည်။





"မောင်ရယ် စိတ်ထိန်းပါ"

ထိုသို့ ပြောရင်းဆိုရင်း ကားကလေးမှာ ကိုတင်မောင်ဆွေ အိမ်သို့ ထိုးဆိုက်လိုက်သည်။ ကိုတင်မောင်ဆွေ၏အိမ်၌ သူဖခင်မှာ အင်္ဂလန်သို့သွားနေပြီး အိမ်ဖော်များသာရှိခဲ့သည်။

ညေ့ခန်းတွင် ယမင်းက ဝင်ထိုင်လိုက်သည်။

ကိုတင်မောင်ဆွေမှာ တစ်လမ်းလုံးစိတ်ထိန်းလာသမျှ အိမ်ရောက်မှ အကြီးအကျယ် ပေါက်ကွဲခဲ့လေသည်။

ညေ့ခန်းတွင် ချိတ်ဆွဲထားသည့် သူ၏ဝတ်လုံတော်ရမင်း တ်စုံနှင့် ရိုက်ထားသည့်ပုံကိုဖြုတ်ကာ

"ခလွမ်း"

ကြမ်းပြင်နှင့်ရိုက်ခွဲလိုက်သည်။

"မောင်ရယ်...မလုပ်ပါနဲ့"

ယမင်းက လိုက်ဆွဲသော်လည်း မမီလိုက်ချေ။

"မောင်ဟာ လူကဲခတ်အလွန်ညံ့မှန်း အခုမှ သိရတယ်၊ ာင်နဲ့ ဝတ်လုံတော်ရမင်းဆိုတဲ့ ဂုဏ်ပုဒ်နဲ့ မတန်ဘူးယမင်း"

"ဒီကိစ္စမှာ ယမင်းအပြစ်ပါမောင်...ယမင်းကသ



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်ကိုခေါ်လာပြီး အကူအညီမတောင်းခဲ့ရင် ဒီဇာတ်လမ်း ဖြစ်လာမှာမဟုတ်ဘူး၊ သူလည်း အကျိုးဆောင်ငှားနိုင်မှာ မဟုတ်ဘူး၊ ဒီလိုလဲ သူလိမ်လို့ရမှာမဟုတ်ဘူး"

ယမင်းက စိတ်မထိန်းနိုင်ဘဲ ငိုယိုကာ ပြောလိုက်သည်။ သည်တွင် ကိုတင်မောင်ဆွေက ယမင်း၏ပုခုံးကလေးကို ကိုင်ကာ

"ယမင်း ...မမှားပါဘူး မောင်မှားတာပါ၊ မောင့်အပြစ်ပါ"

"မောင်ရယ်"

ယမင်းက လွန်စွာ စိတ်မချမ်းသာဖြစ်ကာ ကိုတင်မောင်ဆွေ၏ ရင်ခွင်တွင်မျက်နှာအပ်ကာ ငိုယိုခဲ့ပါတော့သည်။

"တိတ်ပါ ယမင်းရယ်၊ မောင်တော့ ဒီလိုအလိမ်အညာ မခံနိုင်ဘူး။ အမှန်တရားအတွက် ကိုမင်းမောင်ကို ဆက်လက် တိုက်ပွဲဝင်ရမယ်"

"ယမင်းတော့ ဘယ်လိုပြောရမှန်းမသိအောင်ပါဘဲ မောင်ရယ်"

ယမင်းမှာ ဆုတ်လည်းစူး၊ စားလည်းရှူးဆိုသည့် အနေမျိုးပင်။ တစ်ဖက်ကလည်း ချစ်လှစွာသော ချစ်သူငယ်ချင်းဖြစ်သလို တစ်ဖက်ကလည်း လက်ထပ်တော့မည်ဆဲဆဲ ချစ်သူ...

သူတို့နှစ်ဦးအကြားက အမုန်းကို ဘယ်လိုအဆုံးသတ်ရပါ...။ ကိုတင်မောင်ဆွေကလည်း ဥပဒေနှင့်ဝတ်သက်လျှင် နည်းနည်းမှ အထိခံမည့်သူမဟုတ်သလို မင်းမောင်ကလည်း ငယ်စဉ်ကအချိုးတွေပြောင်းကာ ရက်ရက်စက်စက် လူသတ်ခဲ့သည့် လူသတ်သမားဖြစ်ချေသည်။

သူတို့နှစ်ဦးအတွက် ရှေ့ဆက်ရမည့်ခရီးမှာ မတွေးဝံ့၊ တွေးရဲစရာပင် ဖြစ်ပေသည်။ ထိုသို့သော ညနေအချိန်တွင် ကိုတင်မောင်ဆွေ၏မိတ်ဆွေ အကျိုးဆောင်အုပ်စု ရောက်လာကာ...

"ဟော့...ဖိုးဆွေ...မင်းရဲ့အောင်မြင်မှုအတွက် ကွန်ရက်ကျူးလေးရှင်းပဲကွာ"

"အေးပါ"

"မင်းကြည့်ရတာ သိပ်စိတ်မပါသလိုပဲ"







www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ယမင်းက ကြားဖြတ်ကာ....

"အစ်ကိုဆွေ ခေါင်းကိုက်နေလို့ပါ"

"ဒါဆိုရင် ကျွန်တော်တို့ ကိုဆွေကို ဟောင်ကောင်ဘားမှာ ဂုဏ်ပြုမယ်၊ ဒေါ်ယမင်း ခေါ်သွားမယ်နော်"

"ဟုတ်ကဲ့ပါ"

ယမင်းက ဘုမသိ ဘမသိနှင့် ခေါင်းငြိမ့်လိုက်သည်။ သူတို့ထွက်သွားမှ အိမ်သို့ပြန်လာခဲ့သည်။

အိမ်ရောက်သည်နှင့် အိပ်ရာပေါ်မှာမှောက်ရင်း တသိမ့်သိမ့် ငိုကြွေးမိသည်။

ယမင်း၏မိခင်ကြီးမှာ ယမင်း၏ငိုကြွေးနေမှုကိုကြည့်ရင်း...

"သမီး...ဘာဖြစ်လာသလဲ မေမေ့ကို ပြောပြစမ်းပါဦး"

"အဟင့်...ဟင့်...ဟင့်"

"မထိတ်သာ မလန့်သာ သမီးရယ်၊ ဘာတွေဖြစ်ခဲ့လို့လဲ၊ အမေ့ကို ခပ်မြန်မြန်ပြောပါ၊ နို့မို့ရင် ထိတ်လန့်တာနဲ့ အသေ





သေသွားနိုင်တယ်"

မိခင်ကြီးက ထိတ်ထိတ်ပျာပျာမေးလိုက်သည့်အတွက် ယမင်းမှာ မဖြေချင့်ဖြေချင်ဖြင့်...

"မေမေ...မင်းမောင်အမှုက ကွင်းလုံးကျွတ်လွတ်သွားပြီ"

"ဩော်... ဒီသူငယ် အမှုကလွတ်သွားပြီလား...ဒါဟာ ပျော်စရာသတင်းပဲ ငိုစရာသတင်းမှ မဟုတ်တာ"

"အခုတော့ ငိုစရာသတင်း ဖြစ်သွားပြီ"

"မေမေ့ကို ရှင်းအောင်ပြောပါဦး"

ဤသို့ဖြင့် ဖြစ်စဉ်အကျဉ်းကို ပြောပြရာ...

"ဒါကြောင့် သူအိမ်လာတုန်းက မေမေအကဲခတ်မိတယ်၊ သူ့ရဲ့မျက်နှာမှာ ရိုးသားမှုတွေ ပျောက်ကွယ်နေသလိုပဲ"

"မေမေက လူကြီးဆိုတော့ အကဲခတ်တတ်မှာပေါ့၊ သမီးနဲ့ အစ်ကိုဆွေက သူ့ရဲ့မျက်နှာပေါ်က ကောက်ကျစ်မှုကို မဖတ်နိုင်ခဲ့ဘူးမေမေ၊ ဒါပေမဲ့ ဒီကိစ္စကို သမီးမကျေနပ်ဘူး၊ သမီး မင်းမောင်နဲ့ သွားတွေ့ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား... အခုခေတ်လူငယ်တွေ တဖွတ်ထိုးတွေပါလား"

"မေမေ...သမီး မနက်ဖြန်ကျရင် မင်းမောင်ဆီ သွားတွေ့လိုက်ဦးမယ်"

❖ ❖ ❖ ❖ ❖





## အခန်း (၉)

## အပြစ်ရှိသူ တရားခံမှာ

ယမင်းသည် မင်းမောင်ရှိရာ ဆေးရုံသို့လာခဲ့သည်။ သူ၏အခန်းတွင် မင်းမောင်ကို တစ်ယောက်တည်းအခန့်သင့် တွေ့လိုက်ရသည်။

"မင်းမောင်"

"ဪ ... ယမင်းပါလား၊ နင်ရောက်လာမယ်ဆိုတာ ငါသိနေလို့ ဒီအခန်းမှာ စောင့်နေတာ"

"နင်က မဟုတ်တာလုပ်ထားတဲ့လူဆိုတော့ ငါလာမှာကို ကြိုသိနေတာပေါ့ ဟုတ်လား"

ယမင်းက ဒေါသဖြစ်ဖြစ်နဲ့ ပြောလိုက်သည်။

"နင့်ကို ဝတ်လုံတော်ရမင်းကပြောလိုက်ပြီမဟုတ်လား"

"ဟုတ်တယ်၊ နင့်အကြောင်းတွေ အားလုံးပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါတကယ်ပဲ အံ့သြမိတယ် မင်းမောင်ရယ်"

"ဘာ အံ့သြစရာရှိလို့လဲဟာ"

"ဘာအံ့သြစရာရှိလို့လဲ ဟုတ်လား မင်းမောင်၊ နင်မှ ပြောရက်တယ်၊ နင်ဟာ ရိုးသားတဲ့လူတစ်ယောက် အဖြူရောင် သက်သက်ပဲလို့ ငါသိထားတာ၊ အခုတော့ ငါသိထားတဲ့ မင်းမောင် ဘယ်မှာလဲ"

"ယမင်း ငါဟာနင်ပြောသလို အဖြူရောင်သက်သက် ဆိုတာ တစ်ချိန်ကအမှန်ဖြစ်ခဲ့တယ်။ အဲဒီအဖြူရောင်ကို အနက် ဖြစ်သွားအောင် ဘယ်သူတွေ အရောင်ဆိုးခဲ့သလဲ သိလား၊ အဲဒီ လူတွေဟာ ငွေရှင် ကြေးရှင် မြေရှင်တွေပဲ၊ ငါဟာ အရိုးသားဆုံး လုပ်ခဲ့တယ်။ ဒါပေမဲ့ အမြဲတမ်းအနှိမ်ခံဘဝပဲ၊ ငါ့သီချင်းတွေကို လည်း ခိုးတယ်၊ ငါ့သီချင်းရဲ့အောင်မြင်မှုကို သူတို့အောင်မြင်မှု လုပ်ခဲ့တယ်။ ဒီအထိလည်း ငါသည်းခံခဲ့တယ်။ ဒါပေမဲ့ ငါအရမ်း ချစ်တဲ့နင့်ကို စေ့စေ့ကြည့်တာတောင် မခံနိုင်ဘူး။ ဒီလိုလူရဲ့ရှေ့မှာ နင့်ကို စော်ကားမော်ကားလုပ်တယ်၊ နင့်မျက်ရည်တစ်စက်ဟာ ငါ့ဘဝပျက်အောင် ခံစားရတယ်၊ တစ်ညလုံး ဘယ်လိုမှ အိပ်လို့ မရဘူး၊ သူ့ကိုသတ်ချင်တဲ့စိတ်ပဲ စိုးမိုးနေတယ်၊ ဒါကြောင့်





သူ့ကို သတ်လိုက်တာ"

"နင်နဲ့ငါနဲ့က ဘာဆိုင်လို့ နင်က ဒီလောက်တောင် ဖြစ်ရတာလဲ"

"နင်နဲ့ငါ ဘာမှမဆိုင်ဘူးလား၊ နင်ဟာ ငါ့ရဲ့တစ်ဦး တည်းသော အချစ်ဆုံးချစ်သူပဲ၊ နင်လည်း ငါ့ကိုချစ်တယ် မဟုတ်လား၊ ကိုတင်မောင်ဆွေကို လူကြီးရတွေသဘောတူလို့ လက်ခံရတာမဟုတ်လား၊ ငါအရမ်းသိချင်တယ်၊ ဖြေစမ်းပါဟာ"

"မဟုတ်ဘူး...မဟုတ်ဘူး...နင်မှားနေပြီ ငါနင့်ကို သူငယ်ချင်းတစ်ယောက်အဖြစ်နဲ့ပဲ ချစ်ခဲ့တာ"

"အဲဒီလိုမပြောနဲ့...နင် ငါ့ချစ်မှန်း ငါသိတယ်"

"နင့်ကိုချစ်ရအောင် နင်က ငါ့ကိုချစ်တယ်လို့ ပြောဖူး လို့လား"

"ပြောရအောင် အချိန်ရှိလို့လားယမင်းရယ်၊ နင်နဲ့ငါ ဆယ်ကျော်သက်ဘဝမှာ လူချင်းကွဲသွားခဲ့တယ်၊ အဲဒီအရွယ်က ရည်းစားထားတဲ့အရွယ်မဟုတ်သေးတော့ ငါနင့်ကို ဘယ်လို ချစ်ရေးဆိုရမလဲ၊ အခုအရွယ်မှာ ပြန်တွေ့လို့ ချစ်စကားပြောမယ် အလုပ်မှာ အခုလိုဖြစ်ရတာပဲ၊ အချစ်ဆိုတာ နင့်ရင်ထဲမှာလည်းရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငါ့ရင်ထဲမှာလည်းရှိတယ်။ ဖွင့်ပြောဖို့ လိုသေးလား ယမင်းရယ်''

''နင်ပြောတာ တစ်ခုမှ မဟုတ်ဘူး၊ ငါလည်း နင့်ကို ချစ်သူတစ်ယောက်လို မချစ်ခဲ့ဖူးဘူး''

''နင်ညာတာ…နင် ကိုတင်မောင်ဆွေကို မချစ်ဘဲနဲ့ စေ့စပ်ခဲ့တာ''

''မဟုတ်ဘူး ငါသူ့ကိုချစ်တယ်''

''ယမင်းရယ် ငါ့ကို ရင်နာအောင်မပြောပါနဲ့ နင် ဘယ်သူ့ကိုမှ မချစ်ရဘူး၊ ငါ့ကိုပဲ ချစ်ရမယ်၊ ငါဟာ နင့်တစ် ယောက်ထဲကိုပဲ မျှော်လင့်ချက်နဲ့ အသက်ရှင်နေခဲ့တာ''

''မဖြစ်နိုင်ဘူး မင်းမောင် ငါစေ့စပ်ပြီးပြီ''

''စေ့စပ်တာ လက်ထပ်တာမှ မဟုတ်ဘဲ''

''နင် သစ္စာမဲ့တဲ့စကားကို မပြောပါနဲ့''

''သစ္စာမဲ့တာ ငါမဟုတ်ဘူး…နင့်ကိုချစ်တဲ့သူမှန်ရင် သူသေစေရမယ်''

''ဟင်…မင်းမောင် နင်ဘယ်လိုပြောလိုက်တယ် အစ်ကိုဆွေဟာ နင့်ရဲ့ကျေးဇူးရှင်တစ်ယောက်လေ နင်မေ့သွား





ပြီလား''

''မမေ့ပါဘူး ယမင်းရယ်၊ ငါသူ့ကို ကျေးဇူးတင်ပါ တယ်။ ဒါပေမဲ့ ငါ ငယ်ငယ်လေးကတည်းက ချစ်ရတဲ့ချစ်သူကို လက်ဆောင်အဖြစ်မပေးနိုင်ဘူး၊ ကြိုက်တာတောင်း ငါပေးမယ်''

''မင်းမောင်ရယ် နင်ဟာ တစ်စတစ်စနဲ့ တော်တော် ရိုင်းနေပါလား''

''ရိုင်းတာတော့မပြောနဲ့ အဲဒါ နင့်သင်ပေးခဲ့တာပဲ''

''ငါက ဘယ်တုန်းက သင်ပေးခဲ့ဖူးလို့လဲ''

''နင် ငယ်ငယ်ကဆိုရင် နင်လိုချင်တာရအောင် ယူမယ် ဆိုပြီး အမြဲဗိုလ်ကျခဲ့တာ နင်မှတ်မိလား''

''အဲဒါနဲ့ ဘာဆိုင်လို့လဲ''

''ငါဟာ အရင်တုန်းကလည်း အားလုံးကို အလျှော့ပေး ခဲ့ရတယ်။ အခုတော့ ဘယ်သူ့ကိုမှ အလျှော့မပေးဘူး လိုချင်တာ ရအောင်ယူမယ်''

''မင်းမောင်ရယ် နင့်အတွေးအခေါ်တွေ အရမ်းမှားနေ ပြီ''

''မမှားဘူးယမင်း…လူတွေဟာ ငါခံစားရတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ ဒီတော့ ငါကသိအောင်ပြမယ်''

''အေးလေ ... နင့်ဖာသာနင်ခံစားတာ ဘယ်သူက သိမှာလဲ''

''ယမင်း...ငါရူးထုတ်တဲ့နေ့က နင်တို့နှစ်ယောက် ရောက်လာပြီး နင်တို့စေ့စပ်လိုက်တယ်လို့ပြောတုန်းက ငါ့အသည်း နှလုံးတွေ ကြေကျသွားတယ်လို့တောင် ထင်ရတယ်။ ရင်ဘတ် တစ်ခုလုံး နာကျင်စွာခံစားခဲ့ရပါတယ်၊ အဲဒါတွေကို နင်သိလား ဟိုကောင် တင်မောင်ဆွေ သိလား''

''ဘယ်သိမလဲ မင်းမောင်ရယ်''

''အထူးသဖြင့် နင်ဟာ ငါနဲ့အနီးကပ်ဆုံးနေခဲ့တဲ့သူ တောင် ငါ့အဖြစ်ကို မသိခဲ့ဘူးမဟုတ်လား၊ ငါဒိုနေချိန်မှာ နင်တို့ က ရယ်မောနေခဲ့တယ်။ ဒါကြောင့် ကိုတင်မောင်ဆွေကို မရယ် နိုင်အောင် ငါဟာ ပဏာမလက်စားချေခဲ့တာပဲ''

''ဘယ်လို-ဘယ်လို လက်စားချေလိုက်တာလဲ''

''ငါဟာ လူသတ်ခဲ့ပေမယ့် မသတ်တဲ့ဟန်ဆောင်ခဲ့ တယ်။ ရူးဟန်ဆောင်လည်းဆောင်ခဲ့တယ်။ ကိုတင်မောင်ဆွေ ကိုယ်တိုင်ကရော ဒေါက်တာ ဂုပ္ပတားကပါ ငါ့ကို စိတ္တဇဝေဒနာ





သည် တစ်ဦးလို့ ယူဆခဲ့တယ်။ ဒီနေရာမှာ စာရေးဆရာက ဇာတ်လမ်းရေးမယ်ဆိုရင် ဒါနဲ့အဆုံးသတ်လိုက်ရုံပေါ့၊ ဘယ်သူမှ မသိတော့ဘူး၊ ငါလဲ လွတ်လွတ်လပ်လပ်နေသွားရမယ်၊ ဒါပေမဲ့ ကိုတင်မောင်ဆွေဟာ နင့်ကို လက်ထပ်ဖို့ကြိုးစားတဲ့အတွက် ငါ အရမ်းခံစားရတယ်၊ ငါ့လို သူလည်း ခံစားစေချင်လို့ ငါမရူးတဲ့ အကြောင်း တမင်ပြောလိုက်တာ''

''ဟင်''

မင်းမောင်၏စကားသံအဆုံးတွင် ယမင်း လွန်စွာအံ့သြ သွားခဲ့သည်။

''ဟင်...အားလုံးဟာ ငါ့အတွက် မယုံနိုင်စရာတွေ ကြီးပါပဲ''

ယမင်းတိုးတိုးကလေး ရေရွတ်မိသည်။

သည်တွင် မင်းမောင်က...

''ယမင်း...သူတို့က ပိုက်ဆံရှိတော့ နိုင်ငံခြားတက္ကသိုလ် တွေမှာ စာသင်ကြားပြီး ပညာတတ်တဲ့ဘွဲ့တွေ ဂုဏ်ထူးတွေ ရရှိခဲ့တယ်။ ငါက ဘဝတက္ကသိုလ်မှာ စာဖတ်ခဲ့တော့ ဘွဲ့တွေ ဂုဏ်ထူးတွေမရပေမယ့် ပညာတတ်တယ်၊ ဒီတော့ ငါချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ယမင်းကို ထိလာရင် သူနဲ့ငါ ဘယ်သူကပညာပိုရှိပြီး ယမင်းကို အရယူနိုင်တဲ့ပြိုင်ပွဲတစ်ခု ပြိုင်ကြမယ်''

''မင်းမောင်...အစ်ကိုဆွေဟာ နင့်ကျေးဇူးရှင်လေ၊ ကျေးဇူးရှင်ကို ကျေးမစွပ်ပါနဲ့''

''နင့်ကိုရဖို့အတွက် ဘယ်သူနဲ့ပဲ စစ်ခင်းရစစ်ခင်းရ အနိုင်တိုက်မယ်၊ ကိုတင်မောင်ဆွေကိုလည်း ပြောလိုက်၊ ယမင်း ဝအောင်စားထား လက်ထပ်ပွဲမတိုင်မီ ငါသတ်မယ်လို့''

''ဘုရား...ဘုရား...ငါအိပ်မက်မက်နေတာတော့ မဟုတ်ဘူးနဲ့တူတယ်နော် ... မင်းမောင်ရယ် ငါ့နားကိုတောင် ငါမယုံနိုင်ဘူး''

''အရာရာဟာ အချိန်နဲ့အမျှ ပြောင်းလဲနေတယ်။ အဲဒီထဲမှာ နင့်ကို သေလောက်အောင်ချစ်လို့ အရမ်းပြောင်းလဲသွားပြီဆိုတာ သိထားပါ''

''တော်ပြီ မင်းမောင် ငါပြန်တော့မယ်''

''ကောင်းပြီ ယမင်း၊ နောက်တစ်လမှာ ငါပြန်ထွက်လာခဲ့မယ်။ နင့်ကို သူတစ်ပါးလက်ထဲမှာ မထားဘူး၊ အရယူပြမယ်''

''ဟင်''





မင်းမောင်ထံမှ သူတစ်ခါမျှ မမျှော်လင့်ခဲ့သည့်စကားကို ကြားလိုက်ရသည်။ မင်းမောင်၏စကားကြောင့် ရင်တလှပ်လှပ် တုန်ရီလာကာ သူမ၏ပါးပြင်တွင် မျက်ရည်များပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။

မျက်ရည်များကိုသုတ်ကာ ဆေးရုံအပြင်ဘက်သို့ ထွက်လာခဲ့သည်။ တကယ်တော့ အပြစ်ရှိသူတရားခံက ယမင်းပဲ ဖြစ်ချေသည်။ အကယ်၍ မင်းမောင်နှင့်မတွေ့ဖြစ်ခဲ့လျှင် ဦးမြမောင်လည်း အသတ်ခံရန်အကြောင်းမရှိ၊ အိမ်ထောင်မရှိ တော့သည့် မုဆိုးဖိုတစ်ယောက်ဖြစ်၍ ယမင်းကို ချစ်ရေးဆိုခွင့် ရှိပါသည်။ လက်ခံခြင်းမခံခြင်းမှာ ယမင်းနှင့်သာ သက်ဆိုင်သည်။ ဤမျှလောက်သောအကြောင်းဖြင့် လူသတ်သည့်အထိ ဖြစ်ရန်မလိုပါ။ မင်းမောင်စင်ရှင်းမှ ပြဿနာတွေ တစ်စီတစ်တန်း ကြီးတက်လာခဲ့သည်။ သည်ပြဿနာကိုရှင်းရန် ကိုတင်မောင်ဆွေ ပါလာခဲ့သည်။

တကယ်တန်းသာ ယမင်းနှင့် ကိုတင်မောင်ဆွေ စေ့စပ်ကြောင်းလမ်းခြင်းမပြုခဲ့လျှင်လည်း မင်းမောင်က ပြဿနာရှာမည်မဟုတ်ပေ။ သူ့တွင် စိတ်ရောဂါမရှိကြောင်း ထုတ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



မပြောပါက အားလုံးပြေလည်သွားပေမည်။ ယခုမူ သပွတ်အူ ထက်ပင် ရှုပ်ထွေးသောအရာကိုဖြင့် အနာဂတ်ခရီးတွင် မဖြေရှင်းနိုင်အောင် ပြဿနာက စောင့်ကြိုနေပေသည်။

ကိုတင်မောင်ဆွေမှာ ဆွမ်းခံရင်း ငှက်သင့်သူဖြစ်ခဲ့ရသည်။ အမှန်တရားကို မြတ်နိုးပြီး နယ်ချဲ့လက်အောက်တွင် ရာထူးကြီးကြီးရပါလျှက် မယူဘဲ မိမိတတ်ကျွမ်းသော ဥပဒေပညာဖြင့် အမျိုးသားများဘက်မှ မားမားမတ်မတ်ရပ်ကာ အကာအကွယ်ပေးခဲ့သူပင် ဖြစ်သည်။ အမယ်ဘုတ်၏ချည်ခင်ကဲ့သို့ ရှုပ်ထွေးသော သည်အမှုကို ပြေလည်အောင် ဘယ်လိုရှင်းရပါ…။ တစ်လုံးလုံး စိတ်ရှုပ်ထွေးစွာဖြင့် ကိုတင်မောင်ဆွေ၏ ရုံးခန်းသို့လာခဲ့သည်။ ယနေ့ရုံးချိန်းမရှိ၍ ရုံးခန်းတွင် သူ့ကို အခန့်သင့်တွေ့ရသည်။ ယမင်းဝင်လာသည်ကိုလှမ်းကြည့်ပြီး ကိုတင်မောင်ဆွေက–

"လာလေ…ယမင်း ထိုင်"

"ဟုတ်ကဲ့"

"ယမင်း မင်းမောင်ဆီက ပြန်လာတာ မဟုတ်လား"

"ဟုတ်တယ်မောင်"





"ဘာလဲသူကမောင့်ကိုစိမ်ခေါ်လိုက်တယ်မဟုတ်လား"

"ရှင်"

ကိုတင်မောင်ဆွေ၏စကားကြောင့် ယမင်း အံ့ဩရမြန်သည်။ သူတို့နှစ်ဦးကား တစ်ဦး၏အခြေအနေကို တစ်ဦးစောင့်ကြည့်နေသော ကျားနှင့်ဆင်ကဲ့သို့ ဖြစ်နေသည်။

သူတို့နှစ်ဦးကား … တကယ်ပင် ကျားနှင့်ဆင်ကဲ့သို့ သယ်ပြင်မှာ မကြာမီ ထင်ရှားစွာတွေ့ကြပေတော့မည်…။

"ယမင်းကို မောင်ဘယ်လောက်ချစ်တယ်ဆိုတာ ယမင်းသိတယ်နော်"

ကိုတင်မောင်ဆွေက ဤသို့ပြောရာ…

"မောင်ချစ်မှန်း ယမင်းသိပါတယ်…ဒီကိစ္စနဲ့ ဘာဆိုင်လို့လဲ"

မဆီမဆိုင်ပြောသည်ဟုထင်၍ ပြောလိုက်သည်။

"ဆိုင်တယ်ယမင်း…ယမင်းသိအောင် ရှင်းအောင်ပြောထားမှ ဖြစ်မယ်"

"ကဲ…ဒီလောက်ရှင်းအောင်ပြောချင်တာ မောင်ပြောပါ ယမင်းနားထောင်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဟာ အမှန်တရားကို မြတ်နိုးသူမှန်း ယမင်းသိတယ်နော်၊ ဥပဒေနဲ့ ပတ်သက်လာရင် ဆွေမျိုးမရှိဘူး၊ ဒီတော့ မင်းမောင်ကို မှားမှန်းသိရက်နဲ့ မောင်လက်ပိုက်ကြည့်မနေနိုင်ဘူး၊ အမှန်တရားအတွက် လက်တုန့်ပြန်မှ ဖြစ်မယ်"

"မောင်ရယ်... ယမင်းဘယ်လိုပြောရမလဲ"

"သူငယ်ချင်းနဲ့ ချစ်သူကြားမှာ ယမင်းစိတ်ညစ်မယ်ဆိုတာ မောင်နားလည်တယ်။ ဒါပေမဲ့ ဥပဒေသမားတစ်ယောက်ကို ဒီလို လက်တစ်လုံးခြား လိမ်လည်သွားတာ မောင်မခံနိုင်ဘူး၊ သူ့လုပ်ရပ်နဲ့တူညီတဲ့ပြစ်ဒဏ်ကို ခံစားစေရမယ်"

သူ့စကားကိုကြားတော့ ယမင်းလွန်စွာ စိတ်ညစ်သွားသည်။ မင်းမောင်ကား...။

တစ်ကောင်ကြွက်၊ တစ်မျက်နှာ၊ ဆင်းရဲလှသည့်လူတန်းစား...။

သို့ပေမယ့် မရိုးဖြောင့်သောစိတ်ဓာတ်ဖြင့် ငွေရှင်ဂုဏ်ရှင်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည့်အမှားလမ်းကြောင်းပေါ်က လူတစ်ယောက်၊ ကိုတင်မောင်ဆွေမှာမူကား...

ငွေရှိသည်၊ ဂုဏ်ရှိသည်၊ နယ်ချဲ့တို့လက်အောက်၌





ကျရောက်နေသည့် မြန်မာလူမျိုးတို့ကို ဥပဒေပညာဖြင့် အကာအကွယ်ပေးသူဖြစ်ပြီး လမ်းမှန်ပေါ်က လူတစ်ယောက်...

ဆန့်ကျင်ဘက် လူနှစ်ယောက်၏ ထိပ်တိုက်တွေ့မည့်လားရာဆီသို့ အဟုန်ပြင်းစွာ ချီတက်လာနေပြီ။ အလွန်ကြီးမားသော ပေါက်ကွဲမှုကြီးတစ်ရပ်မှာ မကြာခင် ပေါ်ပေါက်လာပေတော့မည်။

"ကံကြမ္မာရယ် ဘယ်အညှိုးနဲ့များ ရက်စက်စွာ တိုးဝင်လာခဲ့တာလဲ"

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## ဆန့်ကျင်ဘက် ဇီရောဇီများထဲက အမှန်တရား

တကယ်ပင် ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ခဲ့ကြသည်။

အမှန်တရားဘက်တော်သား ကိုတင်မောင်ဆွေသည် မင်းမောင်ရှိရာ ဆေးရုံသို့ သွားခဲ့သည်။

"မင်းမောင်... မင်းနဲ့ငါ စာရင်းရှင်းစရာရှိလို့ ငါလာတာ"

"ကြိုက်တဲ့အချိန် ကြိုက်တဲ့နေရာ မရွေးဘူး ဝတ်လုံတော်ရမင်း ချိန်းပါ"

"မင်းက ဒီလိုစိမ်ခေါ်မှုနဲ့ ကျေးဇူးဆပ်လိုက်တာပေါ့ ဟုတ်လား"

"လူတစ်ယောက်မှာ သူ့ရဲ့ရည်မှန်းချက်တစ်ခု ရှိတယ်။ အဲဒီရည်မှန်းချက် မပြည့်စုံသေးဘဲ ကျုပ်မသေချင်သေးဘူး။





ဘဝရဲ့အခက်အခဲတွေကို ကျော်လွှားဘို့လှေကားလိုတယ်။ လှေကားတက်ပြီး စွန့်ပစ်တာ အပြစ်လား"

"ဒါဆို မင်းဆိုလိုတာက ဘုရားပြီးငြမ်းဖျက်တဲ့သဘောပေါ့ ဟုတ်လား"

"ဘိလပ်ပြန်ဝတ်လုံတော်ရမင်းပဲ၊ သဘောပေါက်မှာပါ"

"အေး ... ပေါက်တယ်၊ အခုပဲ မင်းဟာစိတ္တဇဝေဒနာရှင်မဟုတ်ဘူးဆိုတာ ဒေါက်တာ ဂုပ္ပတားကို သွားပြောပြမယ်"

"ဒေါက်တာဂုပ္ပတားဟာ သူကိုယ်တိုင်စစ်ဆေးပြီးမှ စိတ်ရောဂါရှိပါတယ်လို့ မှတ်ချက်ချထားတာကို သူ့လက်နဲ့ပြင်မတဲ့လား၊ လုပ်ရဲရင် စမ်းကြည့်လိုက်ပါ"

"ရတယ်လေ"

ကိုတင်မောင်ဆွေက ဒေါက်တာဂုပ္ပတား၏အခန်းသို့ သွားခဲ့သည်။

"ဝတ်လုံတော်ရမင်းပါလား ထိုင်ပါ၊ မောင်မင်းမောင်ကို လာကြည့်တယ်နဲ့ တူတယ်"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်လုံတော်ရမင်းကို ကျွန်တော်တော့ အလွန်ချီးကျူးပါတယ်"

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ကိုယ့်ရဲ့အမှုသည်တစ်ယောက်ကို အမှုကလွတ်သွားတာတောင် ကျန်းမာရေးကိစ္စအထိ လိုက်ပြီးကြည့်ရှုဆောင်ရွက်ပေးလို့ပါပဲ"

"ခင်ဗျာ"

ကိုတင်မောင်ဆွေတစ်ယောက် ပြောမည့်စကားကိုပင် မည်သို့ဆက်၍ ပြောရမှန်းမသိတော့ပေ။ ဤသို့ထင်ထားသည့် ပါရဂူကြီးတစ်ယောက်ကို မင်းမောင်အကြောင်း မည်သို့ပွင့်ပွင့်လင်းလင်းပြောရမည်နည်း။

မတတ်နိုင်ပါ။ ဖြစ်ရပ်မှန်ကို ပြောပြမှ ဖြစ်ချိမ့်မည်။

"ဒေါက်တာ မင်းမောင်ဟာ အမှုကတရားသေလွတ်လိုက်တဲ့အခါမှာ သူဟာ ဦးမြမောင်ကို သူတကယ်သတ်ခဲ့တယ်ဆိုတာရယ်၊ သူ့မှာ စိတ်ရောဂါမရှိဘူးဆိုတာရယ်ကို ကျွန်တော့်ကို ဝန်ခံခဲ့တယ်။ ဒါကြောင့် သူ့ကို သေသေချာချာပြန်ပြီး စစ်ဆေးကြည့်ပါ"





ကိုတင်မောင်ဆွေက အလေးအနက်ထားကာ ပါရဂူကြီးအား ပြောကြားလိုက်သည်။ သည်တွင် ဒေါက်တာ ဂုပ္ပတားမှ သဘောကျစွာ ရယ်မောရင်း...။

"ဟား...ဟား...ဟား...ဒါများ ဝတ်လုံတော်မင်းရယ် ဘယ်စိတ်ရောဂါသည်ကမှ သူဟာ စိတ်ရောဂါရှိတယ်လို့ မပြောဘူး၊ လူကောင်းလို့ပဲ ပြောတာပဲ"

"မဟုတ်ဘူးဒေါက်တာ...သူတကယ်သတ်တယ်... သူ တကယ်မရူးဘူးလို့ သေသေချာချာပြောတာ"

"အဲဒါကြောင့် ပြောတာပေါ့၊ လူကောင်းတစ်ယောက်က ကိုယ့်လည်ပင်းကိုယ် လည်ပင်းကြိုးကွင်းစွပ်မယ့်လို့ဖွက်ချက်ကို ပြောပါ့မလား၊ ဒီအတွက်နဲ့တော့ စိတ်မပူပါနဲ့၊ သူ့ကို ကျွန်တော် ကောင်းကောင်းဆေးကုပေးပါ့မယ်၊ စိတ်ချလက်ချသာ ပြန်ပါတော့"

"ဟုတ်ကဲ့ခင်ဗျ"

လူ့ယဉ်ကျေးတို့နယ်မြေတွင် မည်သို့မျှ တင်ပြခွင့်မရခဲ့သည့်အတွက် လှည့်ပြန်လာခဲ့ရသည်။ ပါရဂူတစ်ယောက်၏ မှားယွင်းသောဆုံးဖြတ်မှုကို ပညာရှင်တည်းဟူသော ဂုဏ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ ခြံရံနေသည့်အတွက် ပွင့်လင်းစွာမပြောနိုင်ဘဲ အားနာစွာဖြင့် ပြန်ခဲ့ရသည်။

"နေရစ်တော့ မင်းမောင်၊ ဒီတစ်ခါလည်း မင်း နိုင်သွားပြန်ပြီ"

ကိုတင်မောင်ဆွေမှာ ဤသို့ခံပြင်းစွာ တီးတိုးရေရွတ်လိုက်သည်။ တရားဥပဒေအရလည်း ဤအမှုတွင် တရားသေလွှတ်ခဲ့ပြီးဖြစ်၍ အမှုသစ်တစ်ဖန် ဖွင့်ခွင့်မရှိတော့ပေ။

တရားဥပဒေဖြင့်လည်းကောင်း၊ ရောဂါဗေဒဆိုင်ရာဖြင့်လည်းကောင်း ဘဝတက္ကသိုလ်မှာတက်ခဲ့သည့် မင်းမောင်က ကိုတင်မောင်ဆွေအား အနိုင်ယူခဲ့ပြီ…။

သည်လိုဖြင့် တစ်လခန့်အကြာတွင် ကိုတင်မောင်ဆွေ၏ရုံးခန်းသို့ မင်းမောင်ရောက်လာခဲ့သည်။

"ဆရာ…ကျွန်တော်ဆေးရုံက ဆင်းလာပါပြီ"

"အစကတည်းက ဆေးရုံတက်ဖို့မှ မလိုတာ"

"ကျွန်တော် အပြင်မှာ အေးအေးဆေးဆေး နေချင်ပါတယ်ဆရာ"

"ပြစ်မှုတစ်ခုကို ကျူးလွန်ပြီးမှ ပြစ်ဒဏ်ကို မခံချင်လို့





မရဘူး၊ ခင်ဗျားရဲ့အပြစ်ကို တစ်နည်းနည်းဖော်ထုတ်ရမှာပဲ"

"မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်ဟာ တစ်သက်လုံး အဖိနှိပ်ခံဘဝနဲ့ နေလာခဲ့တာ အခုမှ ဘဝကို ပြန်လည်တည်ဆောက်ရမှာဖြစ်လို့ ဆရာ့ကို လာပြီးတောင်းပန်တာပါ"

"ကျုပ်ဟာ အမှန်တရားဘက်က ရပ်တည်ပေးတဲ့ ဥပဒေပညာရှင်တစ်ယောက်မို့ အမှားကိုကျူးလွန်ပြီး မခံရဲတဲ့ ခင်ဗျားလိုလူမျိုးရဲ့မျက်နှာကို မကြည့်ချင်ဘူး၊ ခင်ဗျား ကျုပ်ရုံးခန်းထဲက အခုထွက်သွား"

ကိုတင်မောင်ဆွေက မင်းမောင်ကို သူ့ရုံးခန်းမှ မောင်းထုတ်လိုက်သည်။ သည်တွင် မင်းမောင်က တစ်ချက်ပြုံးလိုက်ပြီး

"ဒါဆိုရင် ခင်ဗျားနဲ့ ကျွန်တော်တို့ ထပ်တွေ့ကြရဦးမယ်ထင်ပါရဲ့"

"ရတယ်လေ…ဘယ်အချိန် ဘယ်နေရာ ဘယ်တော့လဲ အချိန်မရွေးဘူး ကြိုက်တဲ့နေရာပြော လာခဲ့မယ်"

"ကျွန်တော်က ကျွန်တော့်ဘဝကို လွတ်လွတ်လပ်လပ်နေပါရစေလို့ ခင်ဗျားကို လာပြီးတောင်းပန်တာပါ၊ ဒါကို လက်မခံဘဲ စိမ်ခေါ်တော့ တွေ့ကြသေးတာပေါ့၊ အလှည့်ကျရင်



www.burmeseclassic.com

www.burmeseclassic.com



မနဲ့စတမ်းပေါ့ဗျာ ဟား…ဟား…ဟား''

''တောက်''

မင်းမောင်က ပြောပြောဆိုဆို တဟားဟားရယ်မောရင်း ထွက်ခွာသွားခဲ့သည်။ ကိုတင်မောင်ဆွေမှာ ပြင်းထန်စွာ တောက်ခေါက်ရင်း ကျန်ရစ်ခဲ့သည်။ မင်းမောင်လို လူတစ်ယောက်နှင့်ဖက်ပြိုင်ပြီးစိမ်ခေါ်ခြင်းပင် သူကအတွက် သိက္ခာကျစရာဖြစ်ခဲ့သည်။

ကျေးဇူးတရားကိုလည်း နားမလည်သည့်အပြင် သူ့ကိုယ်ကျိုးအတွက် အတ္တကြီးမားသည့် မင်းမောင်၏အကြောင်းကို စဥ်းစားရင်း ဒေါသအလိပ်လိပ်ထွက်နေခဲ့သည်။

ထိုစဉ် ယမင်းသည် သူမ၏ကားကလေးနှင့် ရုံးရှေ့သို့ ရောက်လာခဲ့ရာ မင်းမောင်အား ရုံးပေါ်မှဆင်းလာသည်ကို လှမ်းမြင်လိုက်ရသည်။

''မင်းမောင်…နင်ဘယ်ကို လာတာလဲ''

''မင်းရဲ့ ခင်ပွန်းလောင်းကြီး ဦးတင်မောင်ဆွေဆီကို လာခဲ့တာ''

''အစ်ကိုဆွေနဲ့ တွေ့လား''





''တွေ့တာပေါ့''

''နင်တို့ ဘာဖြစ်ခဲ့သေးလဲဟင်''

''ကားစီးရင်း ပြောကြတာပေါ့ နင့်ဒရိုင်ဘာကို အိမ်ပြန်ခိုင်းလိုက်ပါ၊ ဒီကားကို ငါမောင်းမယ်''

ယမင်းကလည်းမင်းမောင်ကို ယုံကြည်သည်။ မင်းမောင်မှာ သူမ၏ဒရိုင်ဘာရှေ့တွင် အခြားသူများ မသိစေလိုသည့် စကား မပြောလို၍ ထားခဲ့ခြင်းဖြစ်မည်ဟု တွေးထင်ကာ…

''ကဲ…ဦးလေး…အိမ်မှာပြန်စောင့်နေပါ''

''ဟုတ်ကဲ့ မမလေး''

ဒရိုင်ဘာအား ထားခဲ့ကာ အင်းယားကန်ဘက်သို့ ကားမောင်းလာခဲ့သည်။

နှစ်ယောက်သား ရေစပ်တွင် ထိုင်လိုက်ကြသည်။

ပြီးနောက် ကိုတင်မောင်ဆွေနှင့် စကားများသည့် အကြောင်းကို ပြောပြခဲ့သည်။

''ငါအခု ဆေးရုံကဆင်းလာခဲ့ပြီဆိုတော့ ငါ့ဘဝ လွတ်လပ်သွားပြီပေါ့၊ အဲဒါကို ကိုတင်မောင်ဆွေကို ရှေ့ဆက်ပြီး မနှောက်ယှက်ဖို့ လာပြောတာ၊ သူလက်မခံဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အေး…သူက ဥပဒေကို အလွန်လေးစားတဲ့သူတစ်ယောက်ဆိုတော့ သူဘယ်လိုမှ လက်မခံနိုင်မှန်း ငါသိတယ်"

"ဒါဆို သူ့အကြောင်းထားလိုက်ပါတော့ဟာ နင့်ကိုပဲ ငါတစ်ခုမေးမယ်၊ နင်ငါ့ကိုချစ်တယ်မဟုတ်လား၊ နင့်ရဲ့ နှလုံးသားထဲမှာ ငယ်ငယ်လေးကတည်းက ငါကနေရာယူပြီးသားပဲ"

"မင်းမောင်ရယ် နင့်ကို မချစ်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"ငါသိပါတယ် နင်က ရိုးသားတဲ့အချစ်ကို ငွေဂုဏ်ရာထူးဂုဏ်နဲ့ လဲလိုက်တာ မဟုတ်လား"

"မဟုတ်ဘူး နင်မှားနေပြီ"

"ငါကတော့ မိဘလည်းမရှိတော့ဘူး၊ ငါ့ရဲ့ချစ်ခြင်းမေတ္တာအားလုံးဟာ နင့်အတွက်ပဲ၊ နင့်ကြောင့် ငါအသက်ရှင်နေတာ"

"ဒုက္ခပါပဲ မင်းမောင်ရယ်"

"အားလုံးအဆင်ပြေသွားအောင် ဒီလိုလုပ်ပါလား"

"ပြောလေ"

"နင် ငါနဲ့လိုက်ခဲ့၊ အဝေးဆုံးနေရာကို ပြေးမယ်၊ အဲဒီမှာ





နင်နဲ့ငါနဲ့ ဘဝတစ်ခုကို ထူထောင်မယ်၊ နင်ဘာမှ လုပ်စရာမလိုဘူး၊ ဘယ်လောက်ကြမ်းတဲ့အလုပ် ဖြစ်ပါစေ ငါလုပ်ပြီး နင့်ကိုငါလုပ်ကျွေးမယ်"

"မင်းမောင် ငါတို့ဟာ စိတ်ကူးယဉ်ရမယ့်အရွယ် မဟုတ်ဘူး"

"နင်သာ ငါ့နောက်လိုက်လာရင် ပွဲပြီးပြီ၊ ငါ့ဘဝလည်း လွတ်လပ်သွားမယ်၊ ငါချစ်တဲ့သူနဲ့လည်း အတူတူနေရမယ်၊ ကိုတင်မောင်ဆွေက နင့်ကိုလွမ်းရင် ခဏပေါ့၊ သူ့ဘေးနားမှာ မိန်းမလှကလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ"

"နင်ပြောတာတွေ တစ်ခုမှမဖြစ်နိုင်ဘူး မင်းမောင်၊ ဖြစ်နိုင်ရင် နင်တစ်ယောက်တည်း အဝေးဆုံးနေရာကို ထွက်သွားလိုက်ပါ။ နင့်မှာငွေမရှိရင် ငါပေးမယ်"

"ငါလိုချင်တာ ငွေမဟုတ်ဘူး နင့်ကိုပဲ"

"မင်းမောင် ငါဟာ လွတ်လပ်တဲ့မိန်းမ မဟုတ်ဘူး၊ စေ့စပ်ထားပြီးသားနော်"

"စေ့စပ်တာ လက်ထပ်တာမဟုတ်ဘူးလို့ နင့်ကို ငါ ပြောခဲ့ဖူးတယ်နော်၊ စေ့စပ်ရုံမကလို့ နင်ယောကျ်ား ဘယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရရ ငါ့ဆီပြေးလာရင် ငါယူမှာပဲ၊ နင့်ကိုငါ အဲဒီလောက် ချစ်ပါတယ် ယမင်းရယ်"

"မင်းမောင် နင့်စကားတွေ လွန်လာပြီ ငါပြန်တော့မယ်"

"အေးလေ နင်စဉ်းစားဖို့ပြောတာ အချိန်ရှိပါသေးတယ်၊ နင်လက်မထပ်ခင် အချိန်အထိပေါ့"

"ငါ့ရဲ့သဘောထားကမပြောင်းဘူး မင်းမောင်"

ထိုသို့ပြောရင်း ကားပေါ်သို့ တက်လိုက်သည်။

အင်းယားကန်မှအထွက်တွင်...

"ဟော...ဟိုမှာ ... အစ်ကိုဆွေရဲ့ကား"

ကိုတင်မောင်ဆွေ၏ကားမှာ တစ်ဖက်လမ်းမှ မောင်းလာသည့်အတွက် ယမင်းက လှမ်းမြင်လိုက်သည်။ ကိုတင်မောင်ဆွေက လှမ်းအကြည့်တွင် ယမင်း၏ကားပေါ်၌ မင်းမောင်ကို တွေ့လိုက်ရသဖြင့်...

ကိုတင်မောင်ဆွေက လွန်စွာစိတ်ပူသွားပြီး...

"ယမင်း...ကားပေါ်က ဆင်းခဲ့"

ဟု လှမ်းအော်လိုက်သည်။





ကား၏စက်သံများ ဆူညံနေသည့်အတွက် ယမင်းက ကောင်းစွာမကြားရချေ။ မြေမြေချင်း ခြေမြင်ဆိုသကဲ့သို့ မင်းမောင်က ချက်ဆိုနှားခွက်က မီးတောက်သွားသည်။

"ဝတ်လုံတော်ရကြီးရေ ခင်ဗျားနဲ့ကျုပ် ဒီတစ်ပွဲလည်း ပြိုင်လိုက်ကြဦးစို့"

ပြုံးပြုံးကြီးပြောပြီး ကားကို ထောက်ကြန့်ဘက်သို့ ဦးတည်ကာ ဆွဲ၍ ကွေ့လိုက်သည်။

မြို့ထဲသို့သွားရမည့်အစား မြို့ပြင်သို့ထွက်သည့်လမ်းကြောင်းကို ကွေ့သွားသဖြင့် ယမင်းက...

"မင်းမောင် ဘာဖြစ်လို့ မြို့ပြင်ဘက်ကို ကွေ့လိုက်တာလဲ"

"နင့်ရဲ့ခင်ပွန်းလောင်းက နင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ အကဲစမ်းချင်လို့"

"အစ်ကိုဆွေကို နင်ဒုက္ခမပေးသင့်ဘူး"

"ဘဝဆိုတာ တိုက်ပွဲပဲ၊ ဒီအတိုင်းနေရင် ပျင်းစရာကြီး ...ကြောင့် သွေးပူလေ့ကျင့်ခန်းလေး လုပ်ပေးတာ"

"နင့်ကြောင့် ခက်တာပဲ အစ်ကိုဆွေက ငါ့ကို အထင်သွဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပဲ''

''ဟော…ဟိုမှာ နင့်ရဲ့ခင်ပွန်းလောင်းကြီး ငါ့ကား နောက်က လိုက်လာပြီ''

''ကားရပ်လိုက်ပါ မင်းမောင်''

ယမင်းက ထိုသို့ပြောလိုက်ရာ မင်းမောင်မှာ ပိုပြီးအရှိန်ကို မြှင့်တင်၍ ကားကလေးမှာ အရှိန်ပြင်းစွာပြေးနေပါသည်။

''မင်းမောင် နင် ကားရပ်လို့ပြောနေတယ်လေ''

''နင့်ဘဝမှာ ငါမောင်းတဲ့ကားကို တစ်ခါပဲ စီးခွင့်ရှိတာ စီးစမ်းပါဟာ''

''နင်…ပေါ့ရွှတ်ရွှတ်မပြောနဲ့''

''ငါတော့ ဝတ်လုံတော်ရမင်းနဲ့ ကားမောင်းပြိုင်ရတာပျော်တယ်ဟာ''

''နင်ကသာပျော်နေ ငါကတော့ စိတ်ညစ်လို့ သေတော့မယ်''

''တို့ငယ်ငယ်တုန်းက သူခိုးနဲ့ ပုလိပ် လိုက်တမ်းပြေးတမ်းကစားသလိုပေါ့ဟာ၊ အခုလည်း သူနဲ့ငါ ဘယ်သောက်ကားမောင်းကျွမ်းကျင်သလဲဆိုတာ ပြိုင်ကြတာပေါ့''





''နင် ကလေးမဆန်ပါနဲ့ဟာ၊ ဒီလိုပြိုင်လို့ ဘာအကျိုးထူးမှာလဲ၊ နင့်ရဲ့လောင်းကြေးက ဘာလဲ''

''လောင်းကြေးကတော့ သူ့အသက် ငါ့အသက်ပဲ၊ ဦးတဲ့လူ ယူကြေးပေါ့၊ ငါကလည်း ဒီလိုပြိုင်မယ်လို့ တစ်ခါမှ စိတ်မကူးမိပါဘူး၊ တိုက်တိုက်ဆိုင်ဆိုင် လမ်းပေါ်မှာ လာကြုံတာတော့ ချက်ချင်းပဲ ယှဉ်ပြိုင်ဖို့စိတ် ဝင်လာခဲ့တယ်။ အရှုံးအနိုင်ကို နင်ဆုံးဖြတ်ပေါ့''

''ငါဘာမှ ဆုံးဖြတ်စရာမလိုဘူး၊ နင်ကားကို ရပ်လိုက်''

''အခုမှ ကားမောင်းလို့ကောင်းတုန်းရှိသေးတယ်၊ ရပ်ပေးမှာပေါ့ဟာ၊ ဘယ်လိုဖြစ်နေတာလဲ''

''ယမင်း၏ ကားကလေးမှာ လေးညို့မှပစ်လိုက်သည့် မြားတစ်စင်းနှယ် ကတ္တရာလမ်းပေါ်တွင် အရှိန်ပြင်းစွာမောင်းနှင်နေသည်။

ထိုကားနှင့် ခပ်လှမ်းလှမ်းအကွာအဝေးမှ ကိုတင်မောင်ဆွေ၏ ကားကလေးမှာ နောက်ကလိုက်နေခဲ့သည်။ ထိုသို့ဖြင့် ထောက်ကြံ့အလွန် ရာဘာတောကြီးဆီသို့ ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမောင်က ကားကိုရှုတ်တရက်ဆောင့်ရပ်လိုက်ပြီး ယမင်းလက်ကိုဆွဲကာ ရာဘာတောကြီးထဲသို့ ဝင်ပြေးခဲ့သည်၊

"မင်းမောင် … ငါမလိုက်ဘူး ငါ့ကိုလွှတ်"

"မလွှတ်ဘူးယမင်း၊ ဒီကောင်ကို နင်နဲ့မျှားခေါ်မှ လိုက်လာမှာ သူသေရင် အားလုံးပွဲပြီးပြီ"

"မင်းမောင်ရယ် နင့်အငြိုးက ကြီးလှချည်လား"

"အေး ဟုတ်တယ်၊ ဒီကောင်သေမှ အားလုံးအဆင်ပြေမယ်၊ ဒီမှာတွေ့လား သေနတ်"

မင်းမောင်က လိုင်စင်မဲ့ကိုင်ဆောင်ထားသည့် သေနတ်ကို ထုတ်ပြလိုက်ပြီး…

"ဒိုင်း"

သေနတ်ကို မိုးပေါ်ထောင်ပစ်ကာ…

"ဦးတင်မောင်ဆွေ ကျုပ်တို့နောက်ကို မလိုက်နဲ့ ကျည်ဆန်ကစောင့်ကြိုနေတယ်"

ကိုတင်မောင်ဆွေမှာ ရုံးမှထွက်လာခဲ့သည့် မည်သည့်လက်နက်မှမပါသဖြင့် ရှေ့သို့ဆက်၍ မလိုက်ရဲပေ။ မင်းမောင်က ယမင်းကို ရာဘာတောကြီးထဲရှိ လွန်စွာအိုဟောင်းနေသော





နှစ်ထပ်အိမ်ကြီးဆီသို့ အတင်းဆွဲသွားခဲ့သည်။

နှစ်ထပ်အိမ်ကြီး၏အပေါ်ထပ်သို့တက်ကာ ကိုတင်မောင်ဆွေအလာကို စောင့်နေခဲ့သည်။

ထိုစဉ် သေနတ်သံကြားသဖြင့် ပုလိပ်တပ်ဖွဲ့ဝင်များ ထိုအနီးသို့ ရောက်ရှိလာခဲ့သည်။ သည်တွင် ကိုတင်မောင်ဆွေမှ ပုလိပ်တပ်ဖွဲ့ဝင်များအား…

"ကျွန်တော်ဟာ ဝတ်လုံတော်ရတစ်ယောက်ပါ၊ အခု လူဆိုးတစ်ယောက်က ကျွန်တော်နဲ့စေ့စပ်ထားတဲ့ မိန်းကလေးကို ဖမ်းထားလို့ အကူအညီပေးပါ"

"ဝတ်လုံတော်ရမင်းကို အကူအညီပေးပါ့မယ်၊ သူတို့ အခုဘယ်မှာလဲ"

"ဒီရာဘာတောကြီးထဲ ဝင်သွားတယ်"

"ကောင်းပြီ ကျွန်တော်တို့ လိုက်ခဲ့ပါ့မယ်ဆရာ"

ထိုသို့ဖြင့် ကိုတင်မောင်ဆွေနှင့် ပုလိပ်တပ်ဖွဲ့ဝင်များသည် ရာဘာတောထဲသို့ ချင်းနင်းဝင်ရောက်ခဲ့သည်။

"ဟောဟိုမှာ အိမ်တစ်လုံး အဲဒီမှာ သွားပုန်းနေတာဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရာဘာတောထဲမှာတော့ ဘာမှမတွေ့ဘူး၊ ဒီတော့ အိမ်ကြီးဆီကို သွားရှာရင် ကောင်းမယ်"

ကိုတင်မောင်ဆွေနှင့် ပုလိပ်အဖွဲ့သားများသည် အိမ်ကြီးဆီသို့ တဖြည်းဖြည်း လာခဲ့သည်။

ဤတွင် မင်းမောင်နှင့် ယမင်းတို့မှာလည်း…

"မင်းမောင် ငါ့ကိုပြန်လွှတ်ပါဟာ ဒီအိမ်ကြီးထဲမှာ နင်နဲ့ငါနဲ့ နှစ်ယောက်ထဲနေတာ မသင့်တော်ပါဘူး"

"ယမင်း နင့်ကောင်ကို ခံစားရစေချင်လို့ တမင်လုပ်ဖော"

"ဒီအိမ်အိုကြီးက ကြမ်းတွေလည်း ဆွေးနေတယ်၊ ဒီမှာ ကြမ်းပေါက်ကျွံကျမှာတောင် ကြောက်တယ်၊ ငါ့ကို ပြန်ပို့ပါဟာ"

"နင့်ရဲ့ခင်ပွန်းလောင်းကြီး သေနတ်သမားနဲ့ရင်ဆိုင်ဖို့ ဘယ်လောက်သတ္တိရှိသလဲဆိုတာ သိချင်လို့…"

"ဒိုင်း"

မင်းမောင်က သေနတ်ကို မိုးပေါ်သို့ထောင်ပြီးပစ်လိုက်သည်။





"နင် ရူးနေလားမင်းမောင်"

"အခုမှ ငါတကယ်ရူးနေပြီ၊ နင့်ကို ကိုတင်မောင်ဆွေရဲ့လက်ထဲ ပြန်မထည့်နိုင်တော့ဘူး"

"ငါ့ကို သနားပါမင်းမောင်ရယ်၊ ငါက နိုင်ငံကသိတဲ့ အဆိုတော်တစ်ယောက်ဆိုတော့ ဒီသတင်းသာ သတင်းစာထဲပါလာရင် ဘယ်လောက်ရှက်ဖို့ကောင်းလိုက်လေမလဲ"

"နင်နဲ့ငါနဲ့ အတူတူ နောက်ဖေးပေါက်က ပြေးကြမယ်လေ"

"မပြေးဘူး ဘာဖြစ်လို့ နောက်ဖေးပေါက်က ပြေးရမှာလဲ"

ဤတွင်…

ပုလိပ်တပ်ဖွဲ့ဝင်များနှင့် ကိုတင်မောင်ဆွေမှာ အိမ်အောက်ထပ်သို့ရောက်လာခဲ့သည်။

"အပေါ်တက်တဲ့လှေကားမှာ ခြေရာတွေ တွေ့တယ် အပေါ်ထပ်မှာပဲ ရှိလိမ့်မယ်"

ပုလိပ်အရာရှိတစ်ဦးက ဤသို့ပြောလိုက်ရာ ကိုတင်မောင်ဆွေက…



www.burmeseclassic.com

www.burmeseclassic.com



"ယမင်းရေ…မောင်လိုက်လာပြီ ဘာမှမကြောက်နဲ့"

ဟူ၍ လှမ်းအော်လိုက်သည်။

ထိုစဉ် မင်းမောင်မှ…။

"မင်းရဲ့ခင်ပွန်းလောင်းကြီးက မင်းကိုချစ်လို့ လိုက်လာတာပဲ၊ ဒါပေမဲ့ အသက်ပေးချစ်သူ ဟုတ်မဟုတ် သိအောင် စမ်းသပ်ရမယ်၊ အပေါ်တက်လာတာနဲ့ကို အပစ်ပဲ"

"မင်းမောင် သူတစ်ခုခုဖြစ်ရင် ငါသည်းမခံဘူးနော်"

ယမင်းက ဟန်ကိုယ့်ဖို့ဆိုသလို ကြိမ်းဝါးလိုက်သည်။

ထိုသို့ပြောနေစဉ်အချိန်တွင် ကိုတင်မောင်ဆွေက ပုလိပ်တပ်ဖွဲ့ဝင်များနှင့်အတူ လှေကားပေါ်သို့ တက်လာခဲ့သည်။ လှေကားမှ ခေါင်းပြူလိုက်သည်။ တပြိုင်နက် မင်းမောင်က…

"သေချင်တဲ့အကောင် တက်ခဲ့"

"ဒိုင်း"

ထိုသို့ပြောဆိုကာ သေနတ်နှင့် လှမ်းပစ်လိုက်သည်။ ယမင်းမှာ မျက်စေ့များ ပြာဝေသွားပြီး စိတ်လွှတ်သွားကာ…

"အစ်ကိုဆွေ … မလာနဲ့ ပစ်လိမ့်မယ်"

မင်းမောင်အနီးမှ ဖြုန်းခနဲထပြေးလာရာ…





"ဝုန်း"

ဟူသောအသံနှင့်အတူ ကြမ်းပေါက်ကျွံပြီး တစ်ကိုယ်လုံးကျသွားရာ…။

"အမလေး"

အောက်သို့မကျစေရန် ကျိုးပဲ့သွားသောကြမ်းပြင်အောက်ဆင့်တန်းကိုလှမ်းဆွဲလိုက်သည်။ ထို့ကြောင့် အောက်သို့ တိုက်ရိုက်ကျမသွားဘဲ တွဲလောင်းကြီးဖြစ်နေပါတော့သည်။ အပေါ်နှင့်အောက်ထပ်မှာလည်း ရှေးအိမ်ကြီးများ၏ တည်ဆောက်ပုံအရ ပေနှစ်ဆယ်ခန့်မြင့်ပြီး အောက်ထပ်တွင် ပရိဘောဂများ၊ ထိုင်ခုံအစုတ်အပြတ်များ၊ သံစည်ပိုင်းအပြတ်များနှင့် ရှုပ်ထွေးနေပါသည်။

ယမင်းသာအောက်သို့ပြုတ်ကျသွားလျှင် အသက်ရှင်ရန် ကက်ခဲလှသည်။ အနည်းဆုံးရုပ်ပျက်ဆင်းပျက် ဖြစ်ပေမည်။ ထိုအဖြစ်အပျက်မှာ မြန်ဆန်လွန်း၍ မင်းမောင်ရော ကိုတင်မောင်ဆွေပါ ကြက်သေ သေသွားသည်။

မင်းမောင်က ချက်ချင်း သတိရသွားပြီး…

"ယမင်း မလွှတ်နဲ့ ကိုင်ထား"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လှမ်းအော်လိုက်သည်။

လှေကားထိပ်သို့ရောက်နေသော ကိုတင်မောင်ဆွေက လည်း…

"ယမင်း မလွှတ်နဲ့နော်"

ဟု လှမ်းအော်လိုက်သည်။

ထိုစဉ် မင်းမောင်က…

"ဟေ့ကောင် တင်မောင်ဆွေ၊ မင်းမိန်းမ သေတော့မယ် လာမကယ်ဘူးလား၊ မင်းလာတာနဲ့ ငါပစ်မှာနော် မင်းမိန်းမကို ချစ်ရင် အသက်ပေးပြီး ကယ်လိုက်စမ်းပါ၊ သတ္တိတွေ ပြလိုက်စမ်းပါ"

"ဟေ့ကောင် ငါလာကယ်မယ် မင်းဖယ်နေ"

"ကယ်တာနဲ့ အသေပစ်သတ်မယ်၊ ကယ်ချင်ရင် မင်း အသက်ပေးရလိမ့်မယ်"

ဤတွင် ယမင်းမှာလည်း ဆင့်တန်းကိုကိုင်ထားရသည်မှာ လက်ညောင်းလာသည့်အတွက် ….

"အစ်ကိုဆွေ အမြန်လာပါ၊ လက်အံသေနေပြီ၊ ပြုတ်ကျတော့မယ်"



ဟူ၍ လှမ်းအော်လိုက်သည်။

ကိုတင်မောင်ဆွေမှာ အပြေးလာ၍ ကယ်ချင်သော်လည်း မင်းမောင်၏သေနတ်ကြောင့် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

ယမင်းမှာ လက်အံသေနေပြီ ပြုတ်ကျလုလု။

သည်တွင် မင်းမောင်မှာ ပုန်းနေရာမှ အပြေးလာပြီး…

"ယမင်း… မကြောက်နဲ့၊ ငါ ဆွဲတင်လိုက်မယ်"

မင်းမောင်က ပြောပြောဆိုဆို ယမင်းကို လက်မောင်းမှ ကိုင်ကာ အပေါ်ကို ဆွဲတင်လိုက်သည်။

"ယမင်း"

ကိုတင်မောင်ဆွေက ဤသို့ ခေါ်ရင်း ယမင်းဆီသို့ အပြေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်"

ဟု ခေါ်ကာ တစ်ယောက်နှင့်တစ်ယောက် ပြေးဖက်လိုက်သည်။

"ယမင်း ဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်ပါဘူး မောင်"

ထိုစဉ် မင်းမောင်မှာ ကြမ်းပေါက်မှကျွံကျသွား၍ သွေးအိုင်ထဲတွင် လဲကျကာ လူးလိမ့်နေသည်။

သူ ရထားသည့် ဒဏ်ရာများမှာလည်း မြင်မကောင်းအောင် သွေးအလိမ်းလိမ်း ထွက်နေသည်။

သူ၏

နှုတ်မှလည်း...

"ယမင်း..."





"ယမင်း" ဟူ၍ အော်မြည်တမ်းတနေခဲ့သည်။

မင်းမောင်၏အသံကြားမှ...။

"ဟာင်...မင်းမောင်"

သွေးအိုင်ထဲတွင် လဲကျနေသည့် မင်းမောင်ဆီသို့ပြန်လာကာ...

"မင်းမောင် နင့်မှာ သွေးတွေရွှဲနေပြီ"

"ရပါတယ် ယမင်းရယ်၊ ဒီဒဏ်ရာလောက်ကို ငါမမှုပါဘူး"

"နင် ငါ့ရဲ့အသက်ကိုကယ်လိုက်တာပဲ မင်းမောင်ရယ်"

"ငါကျေနပ်တယ်ယမင်း၊ နင့်အတွက် ငါအသက်စွန့်ရလည်း ကျေနပ်တယ်"

"နင်...မသေရဘူးမင်းမောင်၊ နင့်ကို ငါဆေးကုပေးမယ်လေ"

"နောက်ကျသွားပြီယမင်း၊ ဆရာကိုတင်မောင်ဆွေကို ခေါ်ပေးပါ"

မင်းမောင်၏တောင်းဆိုမှုကြောင့်...

"မောင်ရေ...မောင့်ကို ခေါ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းခေါ်လိုက်သည်။

ကိုတင်မောင်ဆွေက သွေးအလိမ်းလိမ်းဖြစ်နေသော မင်းမောင်အား ပွေ့လိုက်ပြီး

"ကိုမင်းမောင် ဘာပြောချင်သလဲ ပြောပါ"

"ကျွန်တော်ဟာ ဆရာ့အပေါ်မှာ မိုက်မိုက်မဲမဲ ကျေးဇူးကန်းခဲ့ပါတယ် ဆရာ။ ကျွန်တော့်ရဲ့အတ္တကြောင့် ယမင်းကို ဆရာ့လက်ထဲက ဆွဲထုတ်ဖို့ ကျွန်တော်ကြိုးစားခဲ့တယ်၊ ဆရာနဲ့ ထိပ်တိုက်တွေ့မယ့်ပြိုင်ပွဲတစ်ခုကို ကျွန်တော်လုပ်ခဲ့တယ်၊ အဲဒီရဲ့ အဓိကဇာတ်ကောင်ဟာ ယမင်းပဲ၊ ယမင်းကို ဘယ်လိုရရ ရအောင် နည်းမျိုးစုံနဲ့ သိမ်းသွင်းခဲ့ပါတယ်"

"ကိုမင်းမောင် ... ခင်ဗျားစကားမပြောနဲ့တော့ မောနေလိမ့်မယ်"

"ကျွန်တော့်ကိုကျွန်တော် သိပါတယ်ဆရာ၊ ကျွန်တော် မနေရတော့ပါဘူး၊ ကျွန်တော့်ရဲ့ မိုက်မဲမှုတွေကို ခွင့်လွှတ်ပါ ဆရာ"

"ခွင့်လွှတ်ပါတယ် ကိုမင်းမောင်ရယ်"

"တကယ်တော့ အမှန်တရားဟာ အမှားကို နိုင်စမြဲပဲ ဆိုတာ ကျွန်တော်ကောင်းကောင်းကြီးနားလည်သဘောပေါက်





သွားပါပြီ၊ ဒီပွဲမှာ ဆရာနိုင်သွားပါပြီ၊ ပြောရမယ်ဆိုရင်တော့ အမှန်တရားဟာ မတရားမှုကို နိုင်တဲ့ပွဲပါပဲ"

"ကိုမင်းမောင်ရယ် ခင်ဗျားမရှုံးပါဘူး၊ ရှုံးတာက ကျွန်တော်ပါ ချစ်သူတစ်ယောက်အတွက် အသက်စွန့်ပြီးကယ်ဖို့ တွေဝေနေခဲ့တယ်။ ခင်ဗျားက ခင်ဗျားရဲ့ရင်ထဲက ချစ်သူအတွက် အသက်စွန့်ပြီး အချစ်ကို ပြခဲ့တယ်၊ ခင်ဗျားနဲ့ ကျွန်တော်တို့ရဲ့ ချစ်ခြင်းဆိုတဲ့ပြိုင်ပွဲမှာ ကျွန်တော်တကယ်ပဲ ရှုံးနိမ့်ခဲ့ပါတယ်"

"ဆရာရယ် လောကကြီးမှာ အချစ်ကို ပြခွင့်ရတဲ့သူနဲ့ ပြခွင့်မရတဲ့သူပဲ ကွာခြားပါတယ်၊ ကျွန်တော်ဟာ ယမင်းအပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ ပြခွင့်ရလို့ ကျေနပ်ပါတယ်၊ ဒါကို ကံကြမ္မာလို့ပဲ မှတ်ယူပါတယ်၊ ယမင်းကို တစ်သက်လုံး စောင့်ရှောက်ပါနော်၊ ကျွန်တော်တော့ ဘဝခရီးရှည်ကြီးထဲက ထွက်သွားရတော့မယ်"

"မင်းမောင် နင်မသေရဘူး၊ ငါတို့နှစ်ယောက်ဟာ ထာဝရသူငယ်ချင်းလေ"

ယမင်းက မင်းမောင်၏လက်ကိုဆုပ်ကိုင်ပြီး ပြောလိုက်သည်။

"ယမင်း ငါသေခါနီးအချိန်မှာ နင့်ကိုတွေ့ရလို့ ငါသေ



www.burmeseclassic.com

www.burmeseclassic.com



ပျော်တယ်၊ ငါနှင့်အပေါ်မှာ ဆိုးခဲ့မိုက်ခဲ့တာတွေကို ခွင့်လွှတ်ပါ၊ ငါတို့နှစ်ယောက်ဟာ ထာဝရသူငယ်ချင်းနော်''

''အေးပါ သူငယ်ချင်းရယ်''

ပြောရင်း ပြောရင်း အသံတိမ်ဝင်သွားသည်။ ပြီးတော့ တဖြည်းဖြည်း ဇက်ကျိုးကျကာ လက်များပျော့ကျသွားသည်။ မင်းမောင်တစ်ယောက် သူအင်မတန်မုန်းတီးလှသည့် ပြိုင်ဘက်ကိုတင်မောင်ဆွေ၏ ရင်ခွင်ထဲတွင် အသက်ပျောက်ခဲ့သည်။

''မင်းမောင်...နင်တကယ်ပဲ ငါတို့အားလုံးကို ထားခဲ့ပြီလား''

ထိုသို့ပြောရင်းသူငယ်ချင်းအတွက် လွန်စွာစိတ်မကောင်းဖြစ်ကာ သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်မိုးများ တပေါက်ပေါက် ကျလာခဲ့သည်။

ယမင်းမှာ လွန်စွာဝမ်းနည်းကြေကွဲစွာဖြင့် ရှိုက်ငိုရင်း...

''မင်းမောင်ရယ် နင်ဟာ သူများတွေအပေါ်မှာ ဆိုးခဲ့မိုက်ခဲ့ပေမယ့် ငါ့အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ အလုပ်နဲ့ပြပြီး အနိုင်နဲ့ပိုင်းသွားတာလား မင်းမောင်ရယ်''

သည်စကားမှာ သူမ၏အသည်းနှလုံးထဲမှ ပွင့်အံလာသည့် တီးတိုးစကားပင်ဖြစ်ချေသည်။ သည်အချိန်တွင် မင်းမောင်





၏အလောင်းကို ပုလိပ်တပ်ဖွဲ့ဝင်များက သယ်ဆောင်သွားခဲ့သည်။ သည်ကမ္ဘာမြေပြင်တွင် မင်းမောင်ဆိုသည့်လူသားတစ်ဦး ပျောက်ကွယ်သွားခဲ့ပြီ...။

နောက်ဆုံးမှာတော့ အရာရာပြီးဆုံးသွားခဲ့ပြီ။ ချစ်ခြင်းမေတ္တာတွေ အကြင်နာတွေအားလုံး ပေးခဲ့ပြီး လူ့လောကမှထွက်ခွာသွားခဲ့သည့် မင်းမောင်အတွက် ယမင်းမှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့သည်။

ကိုတင်မောင်ဆွေက ယမင်း၏ခံစားမှုကို သိတတ်စွာ သူမ၏ပုခုံးလေးကို ဖေးမစွာဖက်ထားကာ ထိုအိမ်ကြီးပေါ်မှ ဆင်းလာခဲ့သည်။

တကယ်တော့...။

မင်းမောင်သည် အသက်ကိုစတေး၍ ယမင်းကို သူမည်မျှချစ်ကြောင်း သက်သေထူကာ နှလုံးသားပြိုင်ပွဲတွင် အနိုင်ယူခဲ့သည်။ ဤလောကတွင်...

အလင်းနှင့်အမှောင်...

နေ့နှင့်ည...

အမှန်နှင့် အမှားဟူသော ဆန့်ကျင်ဘက်ဝိရောဓိတရားများရှိကြသည်။ သို့ပေမယ့် လောကကြီးတွင် အမှန်တရားက



www.burmeseclassic.com

www.burmeseclassic.com



ရှိးစင်းသည်။ မင်းမောင်သည် ကနဦးမူလအစက ရိုးသားသော၊ အကြင်နာတရားရှိသော၊ အချစ်ကို တန်ဖိုးထားသောသူတစ်ယောက် ဖြစ်ခဲ့သည်။

လောကကြီးဝယ် ကံကြမ္မာအလှည့်အပြောင်းကြောင့် ဆင်းရဲခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းတို့ကို အကြိမ်ကြိမ်ခံရသောအခါ အတ္တတရားကြီးမားစွာဖြင့် ကောက်ကျစ်သော လိမ်လည်လှည့် ဖြားတတ်သော၊ ဖြားယောင်းတတ်သောသူတစ်ယောက် ဖြစ်လာခဲ့သည်။

အမှန်တရားဟု ထင်မှတ်လေအောင် မိမိဖတ်ရှုထားသည့် စာပေများကို ခုတုံးလုပ်ကာ နည်းအမျိုးမျိုးဖြင့် ပရိယာယ်ကြွယ်ဝစွာ လိမ်လည်ခဲ့သည်။ လူသားအချို့က သူ၏ဖြားယောင်းခြင်းကို အမှန်တရားဟု ထင်မှတ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ . . .သူ၏နောက်ဆုံး နိဂုံးချုပ်ချိန်တွင် အမှန်တရားသည် အမှားများစွာကို အနိုင်ယူကာ နေတစ်စင်းကဲ့သို့ ထွန်းလင်းစွာပေါ်ပေါက်ခဲ့ပြီတကား . . .။

ရီရီမြွေး

အိုယွန်းယှဉ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com